သုတေသီ
ဘုန်းမြင့်သွေး

# ကံသာအမိ ကံသာအဖ နှင့်
# ကံကြမ္မာဖြစ်ရပ်ဆန်းများ

# ကံသာအမိ ကံသာအဖ

## နှင့်

# ကံကြမ္မာဖြစ်ရပ်ဆန်းများ

❀ ❀ ❀

## သုတေသီ ဘုန်းမြင့်သွေး


မြတ်ပန်းရုံစာပေ

၄၇၃ (က)၊ နီလာ ၆ - လမ်း၊

(၈) ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

ဖုန်း - [illegible] (အိမ်)

ဖုန်း - ၀၉ ၅၁ ၃၉၆၅၀ ၊ ၀၉ ၅၁ ၅၅၇၄၃ (ဆိုင်)

## အတိုင်းထက်အလွန်

ကံကောင်းအောင်လုပ်ဖို့အတွက်

ရတနာသုံးပါး အားထားစရာရှိနေခြင်းက

'ကံ' ကောင်းလှပါတယ်။

ပစ္စုပ္ပန်ကြီးမှားဖို့

ဉာဏ် ဝီရိယ မွမ်းမံလိုက်ရင်...

အတိုင်းထက်အလွန် ဖြစ်ပါတယ်။

(သမ္မာဒိဋ္ဌိ ဒီပနီ၊ လယ်တီ)

စာမူခွင့်ပြုချက် ● ၆၀/၉၆ (၁)
မျက်နှာဖုံးခွင့်ပြုချက် ● ၁၅၁/၉၆ (၄)
ထုတ်ဝေသည့်လ ● ၁၉၉၆–ခု၊ ဒီဇင်ဘာလ
အကြိမ် ● ပထမအကြိမ်
အုပ်ရေ ● ၅၀၀
မျက်နှာဖုံးပန်းချီ ● ရွှေစိုးဟန်
မျက်နှာဖုံးကာလာခွဲ ● *SUNN SCANGRAPHICS*
ကွန်ပျူတာစာစီ ● မျိုးမော်ကွန်ပျူတာ
(ဖုန်း – ၂၇၇၄၅၆)

**ထုတ်ဝေသူ**

ဦးတင့်ဆန်း (မြဲ–၀၉၁၁)၊ ငမိုးရိပ်စာပေ၊
၄၈၃၊ နွယ်နီ ၃–လမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဒေါက်တာအေးအေးမြင့် (မြဲ– ၀၃၉၉၉)၊ မြစ်မခအော့ဖ်ဆက်
၁၁၂၊ ၃၃–လမ်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃–လမ်း၊ ရန်ကုန်။

တန်ဖိုး ၁၂၀၀

# မာတိကာ

## ကံသဘောအစ ကံသဘောအဆုံး


၁။ ကံသဘောနိဒါန်း ------------------ ၁

၂။ ကံကို ယုံဖို့အရေးကြီး ------------------ ၉

၃။ အကျိုးပေးတာကတစ်မျိုး၊ ကံကတခြား --- ၁၄

၄။ နှုတ်ကလုပ်နေတဲ့ကံ ------------------ ၁၉

၅။ ကံဆိုတာကိုယ်ပြုလုပ်တာ ------------ ၂၂

၆။ အတိတ်ကံကို ဘယ်သူသိလဲ ---------- ၂၆

၇။ အကုသိုလ်ကံဆိုးတွေလိုက်လာရင် ------- ၂၈

၈။ ကံသတ္တိထူး ---------------------- ၃၃

၉။ ဝိရိယနဲ့ကံ ---------------------- ၃၆

၁၀။ ပစ္စုပ္ပန်ကံ၊ ယခုကံ ------------------ ၄၂

၁၁။ သတိနှင့်ကံ ---------------------- ၄၈

၁၂။ ကံဖြစ်ပေါ်ရန် အကြောင်းတရားများ ------- ၅၃

၁၃။ ဥပစ္ဆေဒကကံ ------------------ ၅၉

၁၄။ နောက်ဆုံးထွက်သက်နီးမှပြုသောကံ ------- ၆၂

၁၅။ သေချိန်နီးမှာ ထင်လာတဲ့ နိမိတ် (၃)မျိုး --- ၇၀

၁၆။ ကုသိုလ်ကံ၊ အကုသိုလ်ကံအထွေထွေ --- ၇၆

၁၇။ ကံနှင့်ပတ်သက်သော ဩဝါဒများ ------- ၈၂

၁၈။ အဘဲကောင်ကြီးမောလှသော မနောက် --- ၉၄

၁၉။ သေကံမရောက်သက်မပျောက် -------- ၁၀၀

၂၀။ ဇနကာကံဆိုတာ --------------- ၁၁၄


## ကံကြမ္မာပြဇာတ်ရုပ်ဝေနယျများ


၂၁။ အမှာညီအစ်မ ခင်ကြွေး ခင်ဝေရဲ့ကံ ---- ၁၁၈

၂၂။ အမွှာညီအစ်ကို ကိုသာလှ၊ ကိုသာမြရဲ့ကံ ၁၂၇

၂၃။ တိုက်ပြုကြီးက သူဌေးသားလေးမောင်ပန်းမွှေး ၁၃၉

၂၄။ ဂျပန်ခေတ်က ပတ္တမြားတစ်လုံး -------- ၁၄၆

၂၅။ ဆီ (၃)ကြိမ်ပေါက်ဖူးတဲ့ ခုကျွတ ------- ၁၅၅

၂၆။ ဂျပန်ပြည်ရောက်သွားတဲ့ မောင်တာဝဒီ -- ၁၆၀

၂၇။ သံသေတ္တာပေဘင်ကြီး ဝယ်ထားတာကြာပြီ ၁၆၈

၂၈။ ကိုသိမ်းမောင်အိမ်ကိုလာသော
အကုသိုလ်ငြိုပ်ဆိုများ -------------- ၁၇၄

၂၉။ ကျီးကန်းလေးငမဲ --------------- ၁၇၉

၃၀။ သဘော်မစီးရဲတော့ဘူး ------------- ၁၈၄

၃၁။ ကျင်ငယ်စွန့်ရင်၊ ကံကောင်းသူ -------- ၁၈၉

၃၂။ ကောင်းကံတွေအကြောင်းပြန်လာပြီဆိုရင် -- ၁၉၅

၃၃။ ရဲခင်ရသွားတဲ့ တူသောအကျိုး -------- ၁၉၉

၃၄။ ကံအကြိမ်ကြိမ် ဆိုးသော်လည်း မသေတဲ့လူ ၂၀၄

## မြတ်မင်းရုံစာပေတိုက်တွင် ရရှိနိုင်သော
## သူတော်သီဘုန်းမြင့်သွေး၏ စာအုပ်ကောင်းများ

၁။ ဒေါသသမား အမှားများစွာ

၂။ သုတ္တဝါတစ်ခု ကံတစ်ခုနှင့်
ကံကောင်းအောင်ကြိုးစားနည်း

၃။ ရွှေစကားပုံ ရွှေအဆိုအမိန့်များ
(အင်္ဂလိပ်+မြန်မာ နှစ်ဘာသာဖြင့်)

၄။ မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရ
(တတိယအကြိမ်)

၅။ လူတောတိုးဖို့ လူရာဝင်ဖို့ (ဒုတိယအကြိမ်)

၆။ အချစ်၏ဆန်းကြယ်ခြင်း

**ယခု**

၇။ ကံသာအမိ ကံသာအဖနှင့်
ကံကြမ္မာဖြစ်ရပ်ဆန်းများ

**ဆက်လက်၍**

၈။ ချမ်းသာခြင်းအကြောင်းတရားများ

၉။ လူ့ဘဝမှာအရေးကြီးလှတဲ့အကျင့်စာရိတ္တ–

၁၀။ နားလည်ရခက်သော မိန်းမများ

# ကံသဘောနိဒါန်း

အတိတ်ကံမ,ရင် သိပ်ဟန်ကျသတဲ့။

ယခု ကံတွေကောင်းရင်လည်း နှောင်သံသရာလမ်းကြောင်း ကောင်းသတဲ့။

ကောင်းကံတွေ အကြောင်းဖန်လာပြီဆိုရင် အဆိုးအကောင်း၊ အကျိုးအကြောင်းတွေဟာ ပြောင်းပြန်ဖြစ်အောင် ပြောင်းလွဲတတ်ပါတယ်။

လောကမှာ ပြောကြတာက ကံသာအမိ၊ ကံသာအဖတဲ့။ အမှားပြောတာမဟုတ်၊ တရားသဘောအဟုတ် ဖြစ်တယ်။ ဘဝမှာ ကံသာအမိ၊ ကံသာအဖ ပါပဲ။

ဟန်ဆိုတာ တစ်ခဏ။

ကံဆိုတာက ထာဝရ။

ဟန်ပြတာနဲ့ ကံမ,တာဟာ မတူပါဘူး။ မတူလေးရယ်တဲ့မှ မတူပါဘူး။

ကံကြီးဆိုတာက ကံလှတာ မဟုတ်ဘူး။ ဟန်ဆောင်အလှနဲ့ ကံဆောင်သ တာဟာ အဓိပ္ပာယ်တခြားစီပါပဲ။ ဟန်ဆောင်တယ်ဆိုတာမျိုးကလည်း ခဏသာ ရနိုင်တာမျိုး ဖြစ်တယ်။

လောကမှာ လူချင်းပြိုင်လို့ ရချင်ရမယ်။ ကံချင်းမှာတော့ ပြိုင်လို့ မရဘူး။

ဘာလို့ ကံကို ပြိုင်လို မရသလဲဆိုရင် ဘဝ ဘဝက ပြုခဲ့တဲ့ ကံတွေ မတူကြလို့ပါပဲဗျာ။

လူချင်းမတူကြ၊ မူချင်းမတူကြတော့ ပြန်လည်ရယူခြင်းတွေမှာလည်း မတူညီကြပြန်ဘူး။

'ကံမခိုင် သံတိုင်အိမ်ဆောက်သော်လည်း ကံမှောက်ရင် ကျိုး'သတဲ့။

အဲတာကြောင့် လူချင်းမှာ ပညာပြိုင်လို့ရချင်ရမယ်။ ကံချင်းမှာတော့ ပြိုင်လို့ကို မရဘူး။

အတိတ်ကံတွေ မတူတဲ့အတွက် အရိပ်သဏ္ဌာန် အကျိုးပေးဟန်တွေလည်း လွဲကုန်တယ်။

ကံကြမ္မာက သံသရာကို ဖန်တီးတယ်လို့ ယူဆရလေမလား။ ပြုခဲ့တဲ့ ကံမှန်သမျှဟာ သံသရာကို ဖန်တီးနေမှာပါပဲ။

**ကံဆိုတာ 'ကမ္မ'**

**'ကမ္မ'ဆိုတာ အမှုအလုပ်။**

ဝဲခဲ့၊ ပြုခဲ့တာတွေဟာ ဘယ်သူနဲ့ ဘယ်သူဘယ်လိုမှ

မတူကြဘူး။ အလှည့်ကျလို့ နွံ့ရတဲ့အခါ စုခဲ့၊ ပြုခဲ့တာတွေက ပြန်ပြီး အကျိုးပေးတာပဲ။

စုခဲ့တဲ့အထုပ်၊ ပြုခဲ့တဲ့ အလုပ်တွေက အဟုတ်အမှန် ကိုယ့်ထံ ပြန်လာတာပဲ။

ကံကောင်းချင်ရင် ကံဟောင်းကိုပြင်။

သဘောကတော့ အတိတ်ကံဆိုးကို ပစ္စုပ္ပန်ကံကောင်းနဲ့ သက်သာအောင်ပြင်ယူ။

ကိုယ်တိုင်ပြုလုပ်ခဲ့တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု မှန်သမျှဟာ ကံတွေပါပဲ။

စိတ်ကူးရုံ ကူးတာ ကံမဟုတ်ဘူးလို့ မထင်လိုက်ပါနဲ့။ မနောကံနဲ့ ဘယ်သူမှ မသိအောင် စိတ်ကူး ပြစ်မှားတာလည်း ကံပါပဲ။

ကံသုံးပါးမှာ မနောကံသာ အကြီးကျယ်ဆုံးလို့ ဆိုတယ်။ စေတနာပါမှ အပြစ်ကြီးတယ်လို့ ဆိုတဲ့အတွက် မနောကံဟာ ကာယကံထက်ကို အားကြီးနေပါတယ်။

မနောကံ အသိကိုလည်း သဘောအမှန်ရှိအောင် သတိထား ရမယ်။

ဉာဏ်အမြင်ကောင်းမှ ကံအသွင်ကောင်းမယ်။

ဉာဏ်အမြင်တိမ်ရင် ကံအသွင်ကလည်း မှိန်နေမယ်။

အဲဒါကြောင့် ကံအသွင်ကို ဉာဏ်အမြင်နဲ့ ကြည့်ပြီး

ဘဝခရီးဆက်ကြရမယ်။ ကံအသွင်ကို ဉာဏ်အမြင်နဲ့ ကြည့်ပြီး ခရီးဆက်တဲ့အခါ ကိုယ်မှု၊ စိတ်မှု၊ နှုတ်မှုတွေ အားကောင်းလာမယ်။

ဉာဏ်လှမှ ကံထ သတဲ့။

**ကံထ ချင်သူမှန်သမျှ ဉာဏ်လှအောင် ကြိုးစားရမှာ ဖြစ်တယ်။**

ကုသိုလ်ကံတစ်ခုကိုယ်ခံပြုရမယ်။

**ဉာဏ်လှအောင်ကလည်း မာန်ချပြီး ကြိုးစားရမှာ ဖြစ်တယ်။**

မာန်ထနေသူမှန်သမျှ ကံမလှတတ်ပြန်ပါဘူး။ မာန်ထွက်တော့ ဟန်ပျက်။ ဟန်ပျက်တော့ ကံမသွက်။ ကံမကောင်း။

**မာန်ထွက်တဲ့အကြောင်းအချက်တွေ ပေါင်းဖက်လိုက်တဲ့အခါ အကောင်းဘက်ကို မရောက်တော့ပြန်ဘူး။ အဆိုးဘက်သာ အကျိုးဆက်ပြီး လူ့ဘဝမှာ မတိုးတက်ဘူး။**

ကောင်းတဲ့ကံက ကောင်းကျိုးရ။

မကောင်းတဲ့ကံတွေမှ မကောင်းရဆိုတဲ့ သဘောတရားဟာ ရှင်းရှင်းလေးပါပဲ။

ရှင်းနေတာကို ရှုပ်ရတာက လုပ်သမျှတွေမှာ ဒုက္ခတွေဖြစ်လာမယ့် လောဘ၊ ဒေါသ၊ မောဟ သဘောတွေ ပူးကပ်ရင်ဆိုင်နေရလို့ပါပဲ။

ကောင်းကံ၊ ကောင်းကျိုး၊ မကောင်းကံ၊ မကောင်းကျိုးဆိုတဲ့ သဘောတရားဟာ အပြောများလို့ သိထားကျွမ်းထားကြပေမယ့် ကောင်းကံမပြုနိုင်ကြတာတွေ များလို့ လူတွေဘဝမှာ ခက်နေတယ်။

ကောင်းကံအမြဲပြုနိုင်ဖို့ကလည်း လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့ နက်တဲ့ကိစ္စ။

လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက် အခက်ကြီး ခက်ရတာက အကြောင်းအမျိုးမျိုးတွေ ရှိနေကြလို့ပါပဲ။

အချို့က စာတွေ့နဲ့ သိတယ်။ လက်တွေ့မှာ မလိုက်နာနိုင်ဘူး။

အချို့က လက်တွေ့နဲ့ သိတယ်။ ဒါပေမယ့် သမုဒ္ဒရာဝမ်းတစ်ထွာနဲ့ အရေးပေါင်းများစွာ တွေ့လာတဲ့အခါ ကောင်းကံကို မပြုဖြစ်ပြန်ဘူး။

**ကံဆိုတာ 'စေတနာ'**

**'စေတနာ' ဆိုတာက ကံ။**

**စေတနာကောင်းရင် ကံကောင်းတယ်။ စေတနာညံ့ရင် ကံညံ့စမြဲ။**

စေတနာမကောင်းဘဲ ကံကောင်းသလို ဖြစ်နေတာမျိုးက နောင်ခံရဖို့ အကြွေးယူတာမျိုး ဖြစ်တယ်။ အတိုးကြီးကြီးနဲ့ကို ပြန်ဆပ်ရတာတ်တယ်။

စေတနာကောင်းရင် ကံကောင်းတာဟာ မလွဲမသွေ အမှန်တရားပါ။ ဒါပေမယ့် စေတနာကောင်းဖို့ ဆိုတာမျိုးဟာ အလွန်ကြိုးစားလုပ်ယူမှ ရတာမျိုး။ ပြီးတော့ စေတနာစိတ်မျိုးက မွေးမြူယူမှ ရတာမျိုး၊ ပါရမီအခံကောင်းမှ ရတာမျိုး။ စေတနာဆိုတာကို ကိုယ်တိုင်ကိုယ်က ထားနိုင်တဲ့ အခြေအနေရှိမှ ထားနိုင်တာမျိုး။

အချို့က စေတနာရင်ထဲမှာ ရှိနေတယ်။ လက်တွေ့မှာ စေတနာကို မပြသနိုင်ဘူး။ ပြသနိုင်ပြန်ရင်လည်း ကိုယ်တတ်နိုင်သလောက်သာ ပြသနိုင်ပါတယ်။

စေတနာဟာ ကံဖြစ်လို့ စေတနာကောင်းခြင်းဟာ ကံကောင်းခြင်းပဲ ဖြစ်တယ်။

စေတနာကို (အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ) နှစ်မျိုးခွဲခြားပြထားတယ်။

၁။ သဟဇာတစေတနာ။

၂။ နာနက္ခဏိက စေတနာ။

သဟဇာတစေတနာဆိုတာက ဖြစ်ဖော်ဖြစ်ဖက် သဘောတရားများနဲ့ ပူးပေါင်းဆောင်ရွက်ကြရာမှာ လှုံ့ဆော်ပေးတဲ့ သဘောတရား။ သဟဇာတစေတနာက ကိုယ့်ကိစ္စဆောင်ရွက်တဲ့အပြင် သူများကိစ္စကိုလည်း ကူညီပြီးစီးအောင် ဆောင်ရွက်

ပေးတယ်။ စိတ်မှာ အတူတကွ ဖြစ်ပေါ်ဖြစ်ဖက်အဖြစ် ပါဝင်တဲ့ စေတနာမျိုး။

နာနက္ခဏိကစေတနာက ကာယကံမြောက်ရော၊ ဝစီကံမြောက်ရော၊ မနောကံမြောက်ရော အားပေးလှုံ့ဆော်မှု ဖြစ်တယ်။ နာနက္ခဏိက ဆိုတာက ပြုလုပ်တဲ့ အချိန်နဲ့ အကျိုးဖြစ်ထွန်းခြင်းတွေ ကွဲပြားခြားနားတာကို ဆိုတယ်။ ထိုစေတနာရဲ့ လှုံ့ဆော်မှု အရှိန်အဟုန်ဟာ တစ်ခုသောအချိန်မှာ အကျိုးဖြစ်ထွန်းလာပါတယ်။ အဲသည် စေတနာက တစ်ချိန်ချိန်မှာ အကျိုးတရားတွေ ဖြစ်လာမယ့် စွမ်းအင်သတ္တိကို ချန်ထားပြီး ချုပ်ပျောက်သွားတယ်။

စေတနာဟာ နာမ်သဘာဝ။ အဲတာကြောင့်လည်း လွယ်လွယ်နဲ့ နားလည်သဘောမပေါက်နိုင်ဘူး။

'စေတနာ' ပေးတာဟာ အပေးခံရသူအတွက် ကောင်းလှပါတယ်။ ပေးသူမှာ ကုသိုလ်ရသလို အပေးခံရသူမှာ အကျိုးရှိပါတယ်။

'ဝေဒနာ' ပေးတာမျိုးကျတော့ ပေးသူကိုယ်တိုင် အကုသိုလ်ရပြီး အပေးခံရသူမှာ အခံရခက်တဲ့ ဒုက္ခရတတ်ပါတယ်။

လူ့ဘဝရလို့ နေရခိုက်မှာ ဝေဒနာတွေ မပေးမိဘဲ စေတနာတွေသာ နေ့စဉ်နဲ့အမျှ ပေးနိုင်ဖို့အရေးကြီးလှတယ်။

စေတနာနဲ့ ဝေဒနာကို အမြဲတမ်း ရေရေရာရာ ဖြစ်နေအောင် ကြိုးစားတည်ဆောက်ရမယ်။

စေတနာမဲ့လို့ ကံမဲ့တာ။

စေတနာရှိရင် ကံရှိပါတယ်။

"မကူညီချင်နေပါ၊ မနှောက်ယှက်ပါနဲ့" ဆိုတဲ့ စကားရှိတယ်။

လူမှန်ရင် ဘယ်သူမှ ဒုက္ခကို မလိုချင်ကြဘူး။ သုခပဲလိုချင်တယ်။ ကံကုန်လို့တော့ ဒုက္ခမငြိမ်းပါဘူး။ တဏှာကုန်မှ ဒုက္ခငြိမ်းပါတယ်။

ဒုက္ခဆိုတာ ပူသလောက် သုခဆိုတာက အေးမြပါတယ်။ သက်သာတယ်။

သုခပေးနိုင်တာက စေတနာ။

ဒုက္ခပေးတာက ဝေဒနာ။

အဲတာကို အသေအချာတွေးပြီး စေတနာပေးနိုင်ဖို့ ကြိုးစားပြီး အသက်ရှင်နေထိုင်သွားပါ။

ကိုယ့်စေတနာရဲ့ အကျိုးကို ကိုယ်ချက်ချင်းပြန်ခံစားရလိမ့်မယ်လို့တော့ မထင်ပါနဲ့။

ကံတရားဟာ အကြောင်းနဲ့အကျိုး တစ်ပြိုင်နက်ဖြစ်တာမျိုး မဟုတ်ဘူး။

* * *

# ကံကိုယုံဖို့အရေးကြီး

အချို့က ကံကို မယုံကြဘူး။ မယုံတဲ့အတွက် လုပ်ချင်ရာ
လုပ်တော့ ဒုက္ခရေစုန်မှာ မျောနေတယ်။

ဖြစ်ချင်ရာဖြစ်၊ စိတ်မညစ်နဲ့၊ ကံကို ယိုးမယ်မဖွဲ့နဲ့။
လုပ်ချင်ရာလုပ် နောက်မဆုတ်နဲ့လို့ တွေးတောပြောဆို လုပ်ကိုင်
နေသူတွေဟာ သိပ်ကို မှားပါတယ်။

အမြင်မကျယ်သေးတဲ့အတွက် တရားမသိတော့ အမှားတွေ
ရှိလာပါတယ်။

ဖြစ်ချင်ရာဖြစ်၊ စိတ်မညစ်နဲ့ဆိုတာ တကယ်မှားတဲ့စကား။
လွဲလွန်းလှတဲ့ အယူအဆ။

လူ့ဘဝမှာ ဖြစ်ချင်ရာဖြစ်နေရင် စိတ်မညစ်ဘဲ နေလို့
ရမလား။ စိတ်ညစ်ကို ညစ်ရမှာပဲ။ မညစ်ဘဲကို နေလို့
မရဘူး။

အချို့က ပြောတယ်။ "ကံကို မင်းယုံပြီး ဆုံးချုံနင်း ကြည့်ပါလား၊ မင်းဆုံးစုံးမှာပေါ့"တဲ့။

အဲသည် စကားဟာ သာမန်လူတစ်ယောက် တရား သံဘော မဆုပ်ကိုင်မိသေးတဲ့ လူတစ်ယောက်ရဲ့ စကားမျိုးပါ။

အတိတ်ကံကောင်းသူ။ ပါရမီရင့်ကျက်ပြည့်ဝသူ၊ သံသရာ အဆက်ဆက်ကောင်းမှုကံတွေ ပြုခဲ့သူတွေဟာ ဆူးပုံမကဘူး။ မီးပုံကြီး တက်နင်းလည်း ပူမှာ မဟုတ်ဘူး။

ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေဟာ ကောင်းကံတွေ ပြုခဲ့တဲ့ အတွက် အလွန်ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ ဆူးပုံတွေ၊ မီးပုံတွေကို နင်းနိုင်ပါတယ်။ ကျော်လွှားနိုင်တာပါပဲ။ ကောင်းကင် ပေါ်မှာ ရှာန်တွေနဲ့ ပျံနိုင်တာပါပဲ။ ဆူးပုံလေးမကဘဲ ဆူးတောင် ကြီးပေါ်ကတောင် ဈာန်အဘိညာဉ်တန်ခိုးနဲ့ ဖြတ်ပြီး ပျံနိုင် ပါတယ်။

စာရေးသူကို မြင်ဖူးသလားလို့ မေးရင်တော့ မမြင်ဖူးပါဘူး။ မမြင်ဖူးပေမယ့် ယုံကြည်တယ်။

စာတ်တွေ၊ နိပါတ်တော်တွေမှာ ဖတ်ရဖူးတယ်။ ဆရာတော် တွေ ဟောတာတွေ နာရဖူးပါတယ်။ ယနေ့ခေတ်မှာ ကျယ်ပြန့်စွာ ကြိုးစားထုတ်ဝေနေကြတဲ့ ဘာသာရေးစာစောင်တွေမှာ မကြာ ခဏ လေ့လာဖတ်ရတယ်။

လူဆိုတာ သေရင် ပုပ်ပေမယ့် မပုပ်သိုးတဲ့ ပုဂ္ဂိုလ်ထူး

ပုဂ္ဂိုလ်မြတ်တွေဟာ ပုပ်မသွားကြပါဘူး။ အမှန်တကယ်ရှိကြောင်း သိရပါတယ်။

ဓာတ်နိပါတ်တော်တွေမှာ လေ့လာကြည့်ပါ။ ဆင်နဲ့ နင်းလို့ မသေတာ။ ဆင်က မနင်းတာ၊ မီးရှို့လို့ မလောင်တာ၊ မြွားမှန်လို့ မသေတာ၊ ဆီပူလောင်းချလို့ မပူတာတွေဟာ အလွန်အံ့ဩစရာကောင်းလှပါတယ်။ အဲဒီတာတွေဟာ အဖြစ်မှန်တွေပါ။ လုပ်ကြံရေးသားထားတဲ့ အဖြစ်အပျက်တွေ မဟုတ်ဘူး။

ကိုယ်တိုင် မကြုံလို့ မယုံဘူးဆိုတာ မှားတယ်။ မကြုံတိုင်းသာ မယုံရင် မယုံချင်စရာတွေ အများကြီးပါပဲ။

ကံနဲ့ကံ၏ အကျိုးဆိုတာ မလွဲမသွေ ယုံကို ယုံကြည်ရမယ့်တရား ဖြစ်တယ်။

ကံရဲ့ အကျိုးဟာ ကောန်ရှိတယ်လို့ ယုံကြည်ထားဖို့က အလွန်အရေးကြီးပါတယ်။

(ကမ္မဒ္ဓ) ကံကို--

(ကမ္မဖလဒ္ဓ) ကံရဲ့ အကျိုးကို လုံးဝ ဥဿုံ ယုံကို ယုံကြည်ထားရပါမယ်။

ကံနဲ့ ကံရဲ့ အကျိုးကို ယုံကြည်မှသာ စစ်မှန်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ပါလိမ့်မယ်။ ကံနဲ့ ကံရဲ့အကျိုးကို မယုံရင် ဗုဒ္ဓဘာသာဝင်စစ်စစ် မဟုတ်ဘူး။

ကံဆိုတာ ယခုဘဝမှာ လက်ငင်းမှချ အကျိုးပေးတဲ့ ကံလည်း ရှိတယ်။ ကိုယ်တိုင်မမြင်ရ မသိရတဲ့ နောက်ဘဝမှ

အကျိုးပေးတဲ့ ကံလည်း ရှိတယ်။ ဘဝခြားပြီးမှ ပေးတဲ့ကံလည်း ရှိပါတယ်။

အချို့က ကံဆိုတာကို ဇဝေဇဝါ ဖြစ်နေကြတယ်။ များသောအားဖြင့် လူငယ်တွေ များတယ်။ စာရေးသူ မကြာခဏကို မြင်ဖူးတွေ့ဖူးတယ်။

[(ရှင်းချက်) ဘာသာရေးလေ့လာလိုက်စားသော လူငယ်များအတွက် ကံကို ယုံဖို့ အရေးကြီးတယ်လို့ ရေးသားနေတာဟာ ရယ်စရာပင် ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ တရားအခံရှိနေသူများအတွက်လည်း ဘာမှ ထူးခြားစွာ ဖတ်နေရမည် မဟုတ်ပါ။ စာရေးသူ၏ စေတနာမှာ ကံကို မယုံသေးသော လူငယ်အချို့နဲ့ မယုံ့တယုံ ဖြစ်နေသူများ၊ ကံကို လေးလေးနက်နက် သဘောမထားသူများအတွက် တိုက်တွန်းရေးသားခြင်း ဖြစ်ပါတယ်။ နောက်အခန်းများမှာလည်း လွယ်လွယ် ရှင်းရှင်း၊ ဖတ်ရသိရအောင် ကျိုးကြောင်းပြ ရေးသွားပါ့မယ်]

ကံနဲ့ ကံရဲ့အကျိုးတရား တကယ်ရှိမရှိကို အလွယ်ဘာကြောင့် လက်မခံသလဲ။

အဲတာကို ဆန်းစစ်ကြည့်ရင် အတိတ်ကံဆိုတာ မမြင်ရလို့၊ နောက်ဘဝမှာ ဖြစ်လာမယ့် ကံကိုလည်း မမြင်ရလို့ပဲ။

ကုသိုလ်ကံ ပြုရင်လည်း အဲသည် ကံရဲ့ အကျိုးတရားဟာ သိသိသာသာ ချက်ချင်းရသလား။

ချက်ချင်းရတယ်ဆိုတာကလည်း မသိသာဘူး။ ကုသိုလ်ကံပြုရင် ပြုတာနဲ့ စိတ်ချမ်းသာနေတယ် ဆိုတာကတော့ ချက်ချင်းသိသာပါတယ်။ အကျိုးကတော့ နောက်မှရတာလည်း

ရှိတယ်။ အချို့ဆိုရင် ချက်ချင်းကို အကျိုးပေးတာလည်း ရှိပါတယ်။

အကုသိုလ်ကံဆိုတာကလည်း အချို့ကို ချက်ချင်းအကျိုး မပေးပါဘူး။ အကုသိုလ်ကံနဲ့တောင် ဟန်နေကြတယ်။ အချို့က အကုသိုလ်ကံနဲ့ ချက်ချင်းလက်တွေ့ခံရတယ်။ ဒုက္ခရောက် သွားတယ်။ ခေတ်စကားနဲ့ ပြောရင် ချက်ချင်းကို ဘဝပျက် သွားတယ်။ မြောင်းထဲရောက်သွားတတ်ကြပါတယ်။

ကုသိုလ်ကောင်းမှုကံတွေ လုပ်နိုင်ရင် ကောင်းကျိုးရပါမယ်။ မကောင်းကံ၊ မကောင်းကျိုးတွေ မဖြစ်ပါဘူး။ ဘဝမပျက်ပါဘူး။ မြောင်းထဲမရောက်ပါဘူး။

အကုသိုလ်ကံတွေ ပြုရင်တော့ မကောင်းကျိုးသာရမှာပဲ။ ချက်ချင်းမဖြစ်လည်း နောက်ကျဖြစ်မှာပဲ။ အကုသိုလ်ကံတွေ၊ ဒုစရိုက်တွေပြုပြီး ကောင်းကျိုးတွေ ခံစားရတယ်ဆိုတာ မရှိဘူး။ ဒုက္ခရောက်တာ၊ ဘဝပျက်တာ၊ မြောင်းထဲရောက်တာပဲ ရှိပါတယ်။

ဗုဒ္ဓဝါဒဟာ–ကမ္မဝါဒ။

ဗုဒ္ဓဝါဒဟာ ကံမဲ့ဝါဒ' မဟုတ်ဘူး။

ကံမဲ့သမားဆိုတာ ပြန့်လို့လာတဲ့အခါ ခံရချက် မသက်သာ ဘဲ သံသရာမှာ အပြန်တစ်ရာတိုးတိုင်း ကံကြမ္မာဆိုးနဲ့သာ တွေ့ရပါတယ်။

ကံကို ယုံမှ ဘဝအစုံစုံမှာ အလှဂုဏ်တွေရပြီး ဓနအဖုံဖုံကို ခံစားရလိမ့်မယ်။

* * *

## အကျိုးပေးတာက တစ်မျိုး ကံကတခြား

အချို့က ဒုစရိုက်ရှောင်ပြီး ကုသိုလ်ကံတွေ လုပ်ပါတယ်။ ကြိုးစားပါတယ်။ ရိုးသားပါတယ်။ မိဘမျိုးရိုးလည်း ကောင်းပါတယ်။ ရုပ်ရည်လည်း သန့်ပြန့်ပါတယ်။

ဒါပေမယ့် ဘဝဟောင်းက ကံအကြောင်းမလှလို့ဘဲ ဆိုရမလား။

"ကံမရှိ ဉာဏ်ရှိတိုင်းမွဲ" လို့ပဲ ဆိုရမလား မသိဘူး။

သူတို့ခမျာ ရွှေငွေမဝတ်နိုင်ဘူး။ အိမ်ပိုင်၊ ယာပိုင် မရှိရှာဘူး။ ကားတွေ တိုက်တွေ ဆိုတာကတော့ ဝေလာဝေးပဲ။

ရှာလိုက်၊ စားလိုက်၊ ပြောင်းလိုက်၊ ရွှေ့လိုက်၊ ကြွေးတင်လိုက်၊ ပြန်ဆပ်လိုက်၊ ထပ်ချေးလိုက်၊ ထပ်အဆင်မပြေနဲ့ သံသရာ လည်နေပါတယ်။

အချို့က ဘာသာရေး အရေးပေးလိုက်စားတယ်။ ငါးပါး သီလမြဲတယ်။ သူတစ်ပါး နစ်နာအောင်လည်း ဘယ်တော့မှ မလုပ်ပါဘူး။ ဒုစရိုက်ရှောင်ပြီး သုစရိုက်ဆောင်ပါတယ်။

သူများကို သူက နစ်နာအောင် မလုပ်ပေမယ့် သူများက သူ့ကို နစ်နာအောင် လုပ်တာ ခံကို ခံနေရတယ်။ မကြာခဏ ကြုံကို ကြုံ၊ ဆုံကိုဆုံရတယ်။ ယခုဘဝမှာ သူဟာ လူကောင်း ပါတယ်။ ဒါပေမယ့် ငွေအလိမ်ခံရတာလည်း မကြာခဏ။ ဖျားနာဆေးရုံတက်ရတာတွေကလည်း အကြိမ်ကြိမ်။

သူများက စေတနာကို တစ်လွဲလုပ်ပြီး ဝေဒနာပြန်ပေးတာ မျိုးလည်း ဖြစ်ရ။

အဲသည်လို လူမျိုးတွေလည်း လောကမှာ ရှိပါတယ်။ ဟိုဘဝက သူမကောင်းခဲ့လို့ပဲ။

အတိတ်ကံစွဲက အရိပ်သဏ္ဌာန်မည်းကြီးတွေပဲ အလိုက်ခံ နေရရှာတယ် ထင်တယ်။

ဟိုဘဝ ဟိုကိုယ်စံ၊ သည်ဘဝ သည်ကိုယ်ခံဆိုတာမျိုးပဲ။

သည်လို ပုဂ္ဂိုလ်မျိုးကျတော့ ဟိုဘဝက ဘယ်လိုစံခဲ့မှန်း မသိဘူးလေ။

ယခုဘဝမှာ အမှန်ပြုပေမယ့် ကံအထုတွေ ပြန်စုပြီး ခံရှာတယ် ထင်ပါတယ်။

ဟော--သုစရိုက်မဆောင်ဘဲ ဒုစရိုက်ဘောင်ထဲ သံသရာ

ကျင်လည်ပြီး ကြီးပွားလို့ စီးပွားတက်နေသူမျိုးလည်း ရှိတယ်။ မကောင်းတဲ့အလုပ်၊ လိမ်ညာပြီး ရှာတဲ့စီးပွားနဲ့ ယာယီကြီးပွားနေသူမျိုးလည်း ရှိတယ်။

မခံရခင်မို့ ဟန်ကျလို့ အဆင်ပြေနေပြန်ပါတယ်။

"ဘုရားရှိခိုး၊ ဥပုသ်မစောင့်ဘဲ တစ်ကိုယ်ကောင်း စီးပွားရှာရာက ကြီးပွားနေသူလည်း ရှိတတ်ပြန်တယ်။

မကောင်းကံ အကျိုးမပေးသေးတော့ ကပြောင်းကပြန် အဖြစ်ဆိုးတွေ မခံစားရသေးဘူး။

လောကမှာ လူအမျိုးမျိုး၊ ကံအမျိုးမျိုး၊ ဘဝအမျိုးမျိုး၊ အဖြစ်အမျိုးမျိုးပါပဲ။

အကျိုးပေးတာက တစ်မျိုး၊ ကံက တခြား ဖြစ်နေပြန်တယ်လို့ ဆိုရမလိုပါပဲ။ အမှန်ကတော့ မိမိပြုခဲ့ဖူးတဲ့ ကံအတိုင်းပါပဲ။

ပညာတတ်ပြီး ချမ်းသာသူရှိသလို၊ ပညာမတတ်ဘဲ ချမ်းသာသူလည်း ရှိပါတယ်။ ပညာတွေတတ်ပြီး ဆင်းရဲနေသူလည်း ရှိတယ်။

အဲဒါ ကံပဲ။ အတိတ်ကံတွေ၊ ပစ္စုပ္ပန်ကံတွေက စီရင်နေလို့ပါပဲ။

ကံဆိုတာ အလွန်နူးညံ့ဆန်းကြယ်တဲ့ တရားဖြစ်တယ်။

အကျိုးပေးက တစ်မျိုး၊ ကံကတခြား ဖြစ်နေပေမယ့် ကောင်းကံတွေကိုပဲ လူ့ဘဝရခိုက်မှာ ကြိုးစားရမှာ ဖြစ်တယ်။

"ဥစ္စာကံပေး မရသေး၊ နောင့်နေးဗျာပါမရှိရာ" ဆိုတဲ့ အယူအဆမျိုးနဲ့ ကြိုးစားရမှာ ဖြစ်ပါတယ်။

ဆင်းရဲပေမယ့် လမ်းမှန်၊ ကမ်းမှန်ကိုသာ လျှောက်ပါ။ ဒုစရိုက်ကို မစင်လို ရွံရှာပါ။ ယခုမရတာ၊ မပြေလည်တာ မှန်သမျှ နောင်ကြီးချိန်မှာရကိုရမယ်၊ နောင်ဘဝမှာ ရမယ်လို့ ယုံကြည်ထားပါ။

ဒုစရိုက်လုပ်သူ၊ မတရားစီးပွားရှာသူ၊ တစ်ကိုယ်ကောင်းသမား၊ အချောင်ကြီးပွားသူတွေဟာ ယခုဘဝမှာ ကောင်းကံတွေ စုဆောင်းသွားတာ မဟုတ်ဘူး။ ဖြစ်တုန်းစံမယ်၊ နစ်တော့မှ ခံမယ် ဆိုတာမျိုးဟာ သံသရာလမ်းမှားကို အရှမ်းသွားတာမျိုး ဖြစ်တယ်။

ဆင်းရဲပေမယ့် ရိုးသားတာဟာ အကျိုးများပါတယ်။ ကောင်းကံတွေ တစ်ပွေ့တစ်ပိုက်ကြီး စုဆောင်းသွားတာနဲ့ တူတယ်။

အကျိုးပေးကတစ်မျိုး၊ ကံကတခြား ဖြစ်လို့ စိတ်ညစ်မနေပါနဲ့။ ကောင်းကံတွေ စုဆောင်းနေရခြင်းက ပျော်စရာပါ။

**ရိက္ခာအတွက် သိက္ခာပျက်ပြီး စိတ်မှာအပျက်တွေ မဝင်ဖို့ အရေးကြီးတယ်။**

ရိက္ခာအတွက် သိက္ခာဖျက်ရင် ကောင်းကံပျက်ပါတယ်။

ပစ္စက္ခကိုသာ မကြည့်ပါနဲ့။

သံသရာကို ထာဝရ ကြည့်ရမယ်။

ကံရဲ့ အကျိုးပေးစွမ်းပကားဟာ နိှုင်းစာမရအောင် ကြီးကျယ်ပါတယ်။

လတ်တလောဆိုတာ အပြတ်ပြောလို့ မရပါဘူး။ သံသရာ လမ်းခရီးက မှန်တာတွေနဲ့ မှန်းပြီး သွားမှ ရပါတယ်။

ပြုလုပ်တဲ့ကံအလိုက်သာ တိတိကျကျ အကျိုးပေးပါတယ်။

ဘယ်ကမ္ဘာ၊ ဘယ်အခါမှ အကျိုးပေးတခြား၊ ကံတခြား မဖြစ်ပါဘူး။

မကောင်းမှုလုပ်ပြီး ချမ်းသာနေသူ မှန်သမျှကို အထင်ကြီး အတုမယူမိပါစေနဲ့။

ဆင်းရဲပေမယ့် ကောင်းကံစုရင် မကြာခင် ပြည့်စုံ ချမ်းသာလာပါလိမ့်မယ်။ ဘဝမှာ အပြစ်ကင်းသလို အရှုပ်အရှင်း တွေလည်း ခင်းကျင်းကြုံတွေ့ရမှာ မဟုတ်ပါဘူး။

* * *

## နှုတ်ကလုပ်နေတဲ့ထံ

"ဝစီဗေဒ–ထိတိုင်းရှ"သတဲ့။

နှုတ်က လုပ်နေရတဲ့ကံကတော့ ဝစီကံပါပဲ။ လောက လူသားတွေဟာ မပြောမပြီး၊ မတီးမမြည်မို့ ပြောစရာရှိတာ ပြောကို ပြောရပါတယ်။

အချို့က အမှန်ပြောတယ်။ အချို့ကတော့ လိုအပ်မှုပေါ် အကြောင်းပြုပြီး လိမ်ညာပြောတယ်။ မှုသားမပါ လက်မချော ရယ်လို့ သဘောပိုက်ပြီး ပြောလိုက်ကြတယ်။

မုသားစွက်လို့ သူများဘက်က နစ်နာသွားရင် ဝစီကံ အပြစ်ကို ကျူးလွန်မိတာပါပဲ။

အချို့က လွယ်လွယ်ပြောပြီး လွယ်လွယ်ပဲ ကျူးလွန် နေတယ်။ စကားပြောတယ်ဆိုတာ ကာယကံမြောက် လုပ်ကိုင် ပေးရတာလောက် မပင်ပန်းဘူး။ နှုတ်ကနေပဲ ဓိုက်ထုတ်ရတယ်။

သိပ်မပင်ပန်းတော့ စိတ်ထင်တိုင်း မှန်းပြီး ကိုယ်ပြောချင်ရာ မှသားပြောတာပဲ။ ကိုယ့်အကျိုးအတွက် အပိုတွေ တိုးစွက်လို့ ဇာတ်မမှန်တာတွေ ပြောတော့တာပဲ။

စကားမှာ အမှားပါရင် ငါးပါးသီလထဲက တစ်ပါးပျက်တာ ပါပဲ။

ဝစီကံအမှုကို မထိန်းသိမ်းလို့ စီးပွားရေးနဲ့ ကြီးပွားရေးမှာ မဖြစ်ထွန်းမအောင်မြင်သူတွေ ရှိကြပါတယ်။ အပြောမမှန်သူ ဆိုတာ လောကမှာ ဘေးဖယ်ခံရတတ်တာ အမှန်ပါပဲ။ လိမ်ညာ ပြောတတ်မှန်း သိလာတဲ့အခါ အမှန်ပြောလည်း လက်မခံ မယုံကြည်ချင်တော့ဘူး။

စကားအယုတ်အညံ့တွေနဲ့ တအားနှုတ်မဆန့်အောင် ပြောနေတတ်သူတွေဟာလည်း ဝစီဗေဒထိတိုင်းရှိနေတာပါပဲ။

ဖရုသဝါစာ ဖြစ်တဲ့ ယုတ်ယုတ်မာမာ၊ ကြမ်းကြမ်း တမ်းတမ်း ပြောဆိုတဲ့ စကားမျိုးဟာ ငရဲသွားရအောင် ပြောတဲ့ စကားမျိုး။ ငရဲမသွားရသေးချိန်မှာလည်း လူမုန်းခံရပါတယ်။

ပိသုဏာဝါစာဖြစ်တဲ့ ကုန်းတိုက်စကားမျိုးဟာလည်း ငရဲသွားရမယ့် စကားမျိုးပဲ။ ကိုယ်ကုန်းတိုက်လို့ သူများကွဲကွဲ၊ မကွဲကွဲ ကိုယ့်မှာတော့ အပြစ်ရသွားပြီ ဖြစ်တယ်။ (ပိသုဏာဝါစာ ဟာ ကုန်းချောခံရတဲ့ လူနှစ်ဦးကွဲပြားမှသာ ကမ္မပထမြောက်တယ်)

သမ္ဖပ္ပလာပဖြစ်တဲ့ သူများအကျိုး ထိခိုက်တဲ့ စကား မျိုးကလည်း ငရဲသွားရမယ့် စကားမျိုးပါပဲ။

မုသာဝါဒဖြစ်တဲ့ မဟုတ်မမှန် လုပ်ကြံပြောတဲ့ စကား ကလည်း ငရဲသွားရမယ့် စကားမျိုး။ ကိုယ်လိမ်ပြောလို့ အလိမ်ခံရသူ အကျိုးစီးပွား ထိခိုက်ရင် ကမ္မပထမြောက်တယ်။ မုသာဝါဒကို ယုံလို့ ပုံမိသူတွေရဲ့ ဒုက္ခဟာ ကြီးမားသလို ပြင်းထန်စွာ ခံစားရတတ်ပါတယ်။

ဝစီကံ အမှားဟာ အကုသိုလ်ကံကို သွားပါတယ်။ အကုသိုလ်ဖြစ်ပါတယ်။ လွယ်လွယ်နှုတ်က ပြောပြီးဖြစ်တဲ့ အကုသိုလ်ပါပဲ။

အကုသိုလ်ဖြစ်တဲ့ အကုသလကမ္မပထ တရား (၁၀)ပါး ထဲမှာ--

၁။ မဟုတ်မမှန်ပြောတာ၊

၂။ ကုန်းစကားပြောတာ၊

၃။ ယုတ်မာကြမ်းတမ်းတဲ့ စကားပြောတာ၊

၄။ အကျိုးမရှိ သိမ်ဖျင်းတဲ့စကားပြောတာ၊

အဲသည် (၄)မျိုးပါဝင်ပါတယ်။

ဝစီကံအမှုကို စောင့်စည်းထိန်းသိမ်းနိုင်မှသာ ငရဲ လွတ်မယ်။ အကုသိုလ်လွတ်မယ်။

မှန်ကန်ချစ်ခင်နှစ်သက်ဖွယ် အလိမ္မာပါတဲ့ ပုလဲသွယ် စကားမျိုး ပြောနိုင်အောင် အမြဲတကယ်ကြိုးစားပြောကြရမယ်။

**ငရဲစကားမပြောဘဲ ပုလဲစကားပြောရမှာ ဖြစ်တယ်။**

* * *

## ကံဆိုတာ ကိုယ်ပြုလုပ်တာ

'ဘယ်သူမပြု မိမိအမှု'ပါပဲ။

ကံဆိုတာ ကိုယ်ပြုလုပ်တာဖြစ်တော့ ကိုယ်ပြုပြီး ကိုယ်ပြန်ခံရတာပါပဲ။

သူများလုပ်တာ ကိုယ်ခံရတာလည်း ကိုယ့်ဘဝဟောင်းကကံပဲ ဖြစ်တယ်။

"လုပ်ရဲရင် ခံရဲရမယ်"ဆိုတဲ့ စကားအပြောက တရားသဘောပါတယ်။

အကုသိုလ်ကံ ပြုခဲ့ရင် ဒုက္ခဒဏ်ပြန်ခံရမှာ ဖြစ်ပြီး ကုသိုလ်ပြုခဲ့ရင်တော့ သုခအကျိုးနဲ့ တည့်တည့်ကို တိုးမှာပါ။

'ကမ္မဝိပါကော အစိန္တေယျော'တဲ့။ ကံရဲ့ အကျိုးတရားကို မကြံစည်နိုင်ဘူးတဲ့။ ကံရဲ့ အကျိုးတရားကို ကြံစည်ဖို့၊ သိဖို့ဆိုတာ မလွယ်ပါဘူး။

ကံကောင်းတယ်၊ ကံဆိုးတယ်ဆိုတာ ဘယ်သူကမှ ကိုယ့်ကို ဝင်ရောက်စွက်ဖက်ပြီး လုပ်တာ မဟုတ်ပါဘူး။ ဖန်တီးတာ မဟုတ်ပါဘူး။

ဘယ်သူမပြု မိမိအမှုဖြစ်ပြီး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးတာပါ။

သူများကြောင့် ခံရရင် မျက်မြင်သဘောမှာ အဲသည် လူမိုက်လူဆိုးကြောင့်လို့ ထင်စရာ ဖြစ်မှာပါ။

အမှန်ကတော့ ကိုယ့်ကြောင့်ပဲ။

ကိုယ့်ကြောင့် ဘာလို့ ဖြစ်တယ်လို့ ပြောသလဲ၊ ကိုယ်က တစ်ချိန်က မကောင်းမှု ပြုခဲ့တာရှိလို့ပေါ့။ အတိတ်ကံကြောင့်ပေါ့။ တွေ့တဲ့ အကျိုးပေးတယ်ဆိုတဲ့ သဘောတရားပါပဲ။

မဃဒေဝ ၂၆၄ မှာ--

**'မှုချမြဲရှ၊ ကိုယ်လျှင်ပြုတိုင်း**

**အမှုကောင်းဆိုး၊ စေ့စိုက်ပျိုးသည့်**

**မျိုး၏ပမာ၊ ကာလကြာသော်'**လို့ ဆိုတယ်။

ကိုယ့်မျိုးစေ့တွေက ကိုယ့်အပင်ပေါက်ပြီး သီးကြပွင့်ကြ တာပါပဲ။

စေတနာဟာကံ၊ စေတနာမျိုးစေ့ဟာ ကံမျိုးစေ့ ဖြစ်တယ်၊

လူတွေရော၊ နတ်တွေရော၊ သတ္တဝါတွေရော သံသရာ ကျင်လည်မှုဟာ ဘဝပေါင်း မရေမတွက်နိုင်ပါဘူး။ သေလိုက်၊

ရှင်သိုက်။ ပြန်ပြီးသေလိုက်နဲ့ သံသရာမှာ အပြန်တစ်ရာမက လည်နေတယ်။

ဘယ်ဘဝက ကိုယ်ဘာတွေလုပ်ခဲ့ကြမှန်း မသိပါဘူး။ ခွေးဖြစ်ခဲ့လား၊ ကြောင်ဖြစ်ခဲ့လား၊ ဆင်ဖြစ်ခဲ့လား၊ ယင်ဖြစ်ခဲ့လား၊ ကြက်လား၊ ငှက်လား၊ ကျားလား၊ နွားလား ဘာများ ဖြစ်ခဲ့သလဲဆိုတာကို မသိဘူး။ မသိတော့ ကိုယ့်ကံကိုယ်မသိဘူး။

ဘဝတစ်ခုခုမှာ ပြုလုပ်ခဲ့တဲ့ ကံက အကျိုးပေးဖို့အတွက် ဘယ်နေရာမှာ ကပ်နေတယ်ဆိုတာ မသိဘူး။

လူတွေ၊ နတ်တွေ၊ သတ္တဝါတွေမှာ သံသရာအဆက်ဆက် အပြန်တစ်ရာမက စွက်ဖက်ခဲ့တဲ့ ကံတွေက များပြားလှပါတယ်။

ကံမျိုးစေ့တွေက သီးချိန်တန်သီးပြီး ပွင့်ချိန်တန်မှာ ပြန်ပွင့်တယ်။

မသီးချင်လို့မရ၊ မပွင့်ချင်လို့ မရပါဘူး။ အချိန်တန် အိမ်ပြန်ရသလို ပြန်ရတာပါပဲ။

မကောင်းကံ၊ ကောင်းကံဆိုတာ အလှည့်ကျ လာတာမျိုး ဖြစ်တယ်။ အလှည့်ကျရင် နွဲ့လို့ မရပါဘူး။ ကံဆိုတာ ကိုယ်ပြုလုပ်တာ။

အဲသည်မှာ မသိလို့ လုပ်တာရော၊ သိလျက်နဲ့ လုပ်တာရော ကံပဲ။

လုပ်ရမှာကတော့ ကုသိုလ်ကံပဲ။

'ကုသိုလ်ဖန်၊ ဇိမာန်အသင့်၊ ဘုံအဆင့်'လို့ စကားပုံ ရှိပါတယ်၊

ကံမကောင်းသူ၊ ပျက်ကြောင်းဟူ၏၊ ကံမူကောင်းက၊ ချမ်းသာကြ၏။ ကမ္မပစ္စည်း ဤသို့တည်းရှင်။

* * *

## အတိတ်ကဲကို ဘယ်သူသိလဲ

ပြုမိသောကံ၊ ပဲ့တင်သံတစ်ဖန် ပြန်လာသတဲ့။

ပြန်လာတဲ့ ပဲ့တင်သံကို ဘယ်နေရာက ပြန်လာတယ်ဆိုတာ ဘယ်သူမှ မသိဘူး။

အတိတ်ကံဆိုတာ ရှိကို ရှိတယ်။ အတိတ်ရှိသလို အတိတ်ကံလည်း ရှိတယ်။

ပြုမိတဲ့ကံတွေမှာလည်း ပဲ့တင်သံရှိတယ်။ ပြီးတော့ အတိတ်ကံဟာ အရိပ်သဏ္ဍာန်လိုက်တယ်။ ဒါပေမယ့် ကိုယ် မမြင်ရဘူး။

တစ်ချိန်တစ်ခါမှာ အကျိုးပေးမယ့် ကံကို ရှာကြံရင် ရှာသူရှူးမယ်။ ကိန်းနေတဲ့ ကံဟာ မတွေ့အောင် ပုန်းနေတယ်။ ဘယ်နေရာမှာ ပုန်းနေမှန်းလည်း မသိဘူး။

'ကမ္မဝိပါကော အစိန္တေယျော နစိန္တိတဗ္ဗော' ဟု မြတ်စွာဘုရား ဟောကြားခဲ့ပါတယ်။

ကံရဲ့ အကျိုးပေးတာကို ဘုရားတစ်ပါးပဲ သိတယ်။ အတိတ်ကံကို ဘုရားပဲ သိနိုင်တယ်။

ကံရဲ့ အကျိုးပေးမှုတွေကို ဘုရားမှတစ်ပါး အခြား ဘယ်ပုဂ္ဂိုလ်မှ မသိနိုင်၊ မမြင်နိုင်ဘူး။

ကံရဲ့ အကျိုးပေးမှုဟာ ကြံစည်လို့ မရနိုင်တဲ့ (ဝါ) မကြံစည်ကောင်းတဲ့ အစိန္တေယျတရားတစ်ပါး ဖြစ်တယ်။

ကိုယ့်ရဲ့ ယခုဘဝ၊ မွေးတဲ့နေ့ကစပြီး ကိုယ်ပြုခဲ့တဲ့ အမှုတွေဟာ ကောင်းတာရော၊ မကောင်းတာရော ထင်ရှားရှိနေတောင် အတိတ်ကံကတော့ ဘုရားရှင်မှတစ်ပါး ပိုင်ပိုင်နိုင်နိုင် ဘယ်ပုဂ္ဂိုလ်၊ ဘယ်တစ်ယောက်မှ မသိဘူး။

ဘုရားရှင်သာလျှင် 'ယထာကမ္မုပဂ' ဉာဏ်တော်နဲ့ ဘယ်သတ္တဝါဟာ ဘယ်ကောင်းကျိုး မကောင်းကျိုးခံရမယ်ဆိုတာ သိတယ်။

လောကမှာ ဘုရားမှတစ်ပါး အတိတ်ကံကို သိသူမရှိပါဘူး။

ကံနဲ့ကံရဲ့ အကျိုးဆိုတာ ထင်သလို ယူဆလို့ မရဘူး။

ကိုယ့်ရဲ့ ဘဝဟောင်းကို သိတဲ့ အောက်မေ့နိုင်တဲ့ ဇာတိဿရဉာဏ် ရရုံနဲ့ မှန်ကန်စွာ သုံးသပ်နိုင်မှာ မဟုတ်ပါဘူး။

ကံဆိုတာ ဘုရားရှင်တို့ရဲ့ ဉာဏ်တော်အရာသာ ဖြစ်ပါတယ်။

* * *

## အကုသိုလ်ကံဆိုးတွေ လိုက်လာရင်

အကုသိုလ်ကံဆိုးတွေလိုက်လာရင်--

ကောင်းကင်မှာ နေနေ၊ သမုဒ္ဒရာထဲရောက်နေနေ၊ လိုဏ်ခေါင်းထဲနေနေ မကောင်းမှုက မလွတ်နိုင်ဘူးလို့ 'ဓမ္မပဒ တယောဇနေဝတ္ထု' မှာပါတယ်။

အကုသိုလ်ကံဟာ အကြွေးသဘောပဲ။ အကြွေးဆိုတာ ယူပြီးရင် ပြန်ဆပ်ရတဲ့သဘောရှိတယ်။ မဆပ်ရင် အတိုးက ပိုတက်တယ်။

အကုသိုလ်ကံဆိုးဆိုတာ ဝင်ချင်တဲ့အချိန် ဝင်တိုးတာပဲ။ ဘယ်နေ့ဘယ်အချိန်မှာ တိုးမယ်ဆိုတာ ကြိုပြောလို့ မရဘူး။

သည်နေ့လား၊ နောက်နေ့လား၊ နက်ဖန်လား၊ သဘက်ခါ လား၊ သည်နှစ်လား၊ နောင်နှစ်လား၊ အသက်ငယ်စဉ်လား၊ အသက်ကြီးမှလားဆိုတာ ကြိုပြောလို့မရ၊ သိလို့ မရဘူး။

လူတွေဟာ သိရင် ရှောင်ကြမှာ ဖြစ်တယ်။ မသိလို့သာ မရှောင်နိုင်ကြတာပါ။

ကံဆိုးဝင်လာရင် ကုသိုလ်ကောင်းမှု ပြုဖို့အတွက် ဘုရားဖူး ခရီးထွက်ရင်း လမ်းမှာ ကားမှောက်ချင် မှောက်တာပဲ။

တိုက်ခန်းထဲ၊ ခြံထဲမှာ ကိုယ့်မိသားစုနဲ့အတူ အေးချမ်း ပြည့်စုံစွာ အိပ်နေရင်လည်း သူခိုး၊ ဓားပြနဲ့ တံရေးနိုး ထတွေ့ချင် တွေ့ရတာမျိုးလည်း ရှိတယ်။

ခ ရီးတစ်ခုကို နှစ်ပေါင်းများစွာ အကြိမ်ပေါင်းများစွာ ဘေးမသီ ရန်မခ သွားရင်းကနေ တစ်ကြိမ်မှာ အကုသိုလ်ဝင်တော့ မုန်တိုင်းမိပြီး သင်္ဘောနစ်တယ်။ ပင်လယ်ထဲ ဖြစ်ထဲ အစာငတ်၊ ရေငတ် မျောနေတယ်။ အကုသိုလ်ဂြိုဟ်ဆိုးဝင်ရင် သွားနေကျ၊ စားနေကျတွေလည်း ချက်ချင်းပြောင်းလဲတာပါ။

အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း ဆိုတာလို အကုသိုလ်ဝင်လာချိန်မှာ အသွားမှားပါတယ်။ အစား မှားတတ်ပါတယ်။

ကံဆိုးဝင်လာရင် အစားတစ်ချက်နဲ့လည်း အသက်ထွက်ရ တတ်ပါတယ်။

အဲ့တာတွေဟာ တိုက်ဆိုင်တာတွေ မဟုတ်ဘဲ အကုသိုလ် ကံဆိုးတွေ လိုက်လာတာပါ။

အကုသိုလ်တွေက အပေါင်းအသင်းနဲ့ လိုက်လာရင်တော့ ပိုဆိုးတယ်။

ကံဆိုးက ပြန်မတိုးနိုင်အောင် အလဲထိုးချတဲ့အခါ ငရဲအိုးဝကို ရောက်ရတတ်တယ်။

ရှာဖွေးကြီးကြီး လုပ်နေရာက အမှားတစ်ခု အားပြုမိတဲ့အခါ ရာထူးပြုတ်လို့ ဘဝတစ်မျိုး ဖြစ်ရတတ်ပြန်တယ်။ အမှားတစ်ခု ပြုမိတဲ့ ကုသိုလ်ကံဆိုးက သူ့ကို အမှန်ထိုးချလိုက်တာ ဖြစ်တယ်။

တန်ခိုးဣဒ္ဓိရဲ့ သတ္တိထက် ကံသတ္တိက အားပိုကောင်းပါတယ်။ တန်ခိုးဟာလည်း ကံသတ္တိအား အလွန်ကောင်းချိန်မှာ မခံနိုင်တော့ဘူး။

မိလိန္ဒပဥှာ–သဗ္ဗညုတဝဂ်မှာ––

တန်ခိုးကြီးသောသူ၏ တန်ခိုးအရာနှင့် ကံ၏ အကျိုးတရားတို့သည် မကြံစည်အပ်သောအရာများ ဖြစ်သော်လည်း တန်ခိုးဖြင့် ကံအကျိုးတရား မပယ်နိုင်ကြောင်း ဟောထားတယ်။

လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးရဲ့ ဓာတ်သိမ်းခန်းအဖြစ်ကို လေ့လာကြည့်ပါ။

ရှင်မဟာမောဂ္ဂလာန်ဟာ တန်ခိုးအရာမှာ ဧတဒဂ်ရတဲ့ ရဟန္တာမထေရ်မြတ်။

မြေလည်းလှန်နိုင်၊ မိုးလည်းပျံနိုင်ပါတယ်။

ဒါပေမယ့် ခိုးသားငါးရာရဲ့ ရိုက်သတ်ခြင်းကို ခံရတယ်။ ရိုက်သတ်တာမှ စိစိညက်ညက် ကြေအောင် ရိုက်သတ်ကြတာပါ။

ရှင်မဟာမောဂ္ဂလာန်ဟာ နိုးသားငါးရာရဲ့ အန္တရာယ်ကို ဘာလို့ မကာကွယ်နိုင်လဲ။

အကုသိုလ်ကံဆိုးတွေလိုက်မယ့်ရက်မရောက်သေးခင်မှာ သူလွယ်နေပါတယ်။ ဈာန်သမာပတ်နဲ့ ရှောင်တယ်။

– ခြောက်ရက်ရှောင်တယ်။

– ခုနစ်ရက်မြောက်မှာ မရှောင်နိုင်တော့ဘူး။

ရှင်မဟာမောဂ္ဂလာန်ဟာ မရှောင်နိုင်တော့မှန်းသိလို့ မရှောင်တော့တာပါပဲ။

ဘာဖြစ်လို့ မရှောင်သလဲဆိုတော့––ရှေးအပရာပရိယ ဝေဒနိယ ဖြစ်သော ဥပပီဠကကံက နှိပ်နင်းခြင်း အခွင့်သာသော ကြောင့်ပါပဲ။

ဘဝတစ်ခုမှာ ရှင်မောဂ္ဂလာန်ဟာ မိန်းမစကား နား ယောင်ပြီး မိခင်ဖခင်တွေကို သူခိုးဟန်ဆောင် ရိုက်သတ် ခဲ့တယ်။

အဲသည်အကုသိုလ်ကံဆိုးက အချိန်ကျလို့ လိုက်လာတာ ဖြစ်တယ်။ ပြေးလို့ မရတော့ဘူးလေ။

အကုသိုလ်ကံဆိုးတွေ လိုက်လာရင် ပြေးလို့ကို မရပါဘူး။

တန်ခိုးသတ္တိရှိတာထက်၊ ကံသတ္တိသဘောက အား ပိုကောင်းပါတယ်။ ကံသတ္တိအားကို ဘယ်သူမှ မရှောင်နိုင်ပါဘူး။

ကမ္မဥ္စကတောကာသံ နသက္ကာနိဝတ္တေတုံ (ဥဒါန်း အဋ္ဌကထာ၊ သုန္ဒရီသုတ်)

ကတောကာသံ–ပြုအပ်သော အခွင့်ရှိသော။ ကမ္မဋ္ဌ–ကံကိုလည်းကောင်း၊–နိဝတ္တေတုံ–တားမြစ်ခြင်းငှာ။ နသက္ကာ–မတတ်ကောင်း။

စက္ခုပါလမထေရ်ဘဝကိုလည်း လေ့လာရင် အကုသိုလ်ကံဆိုးတွေ လိုက်လာတာ တွေ့ရမယ်။

အတိတ်ဘဝတစ်ခု ဆေးဆရာဘဝက သူတစ်ပါးကန်းအောင် ကွယ်အောင် ပြုခဲ့တဲ့အတွက် ယခုစက္ခုပါလမထေရ်ဘဝမှာ မျက်စေ့ကန်းရ ကွယ်ရပါတယ်။ (ဓမ္မပဒ–ယမကဝဂ်)

ပုတိဂတ္တမထေရ်ဘဝကိုရော လေ့လာရင် ဘဝဟောင်းက အကုသိုလ်ကံဆိုးပါပဲ။

ဘဝတစ်ခုမှာ မုဆိုးဖြစ်ခဲ့တယ်။ အတိတ်ဘဝမုဆိုးလုပ်ခဲ့စဉ်မှာ ရက်စက်ခဲ့တယ်။ သတ်ဖြတ်ရာမှာ လည်လိမ်သတ်၊ ခြေချိုးသတ်တယ်။ အဲသည်အတိတ်ကံဆိုးတွေ လိုက်လာတာ ပုတိဂတ္တမထေရ်ဘဝလည်း ရောက်ရော လည်လိမ်ခြေကျိုး ပရိနိဗ္ဗာန်ပြုရတာပဲ။ (ဓမ္မပဒ–စိတ္တဝဂ်)

* * *

# ကံသတ္တိထူး

ကံသတ္တိထူးတွေဟာ ဘဝတွေ နှစ်တွေ ကူးလည်း ပျောက်ပျက်မသွားဘူး။

ကမ္ဘာတစ်သောင်း၊ ကမ္ဘာတစ်သိန်းမက ပါနေတယ်။ လိုက်နေတယ်၊ ဖြစ်နေပါတယ်။

ကောင်းကံရော၊ မကောင်းကံရော မပျောက်ပျက်ပါဘူး။ အဟောသိကံ ဖြစ်သွားတာမျိုးတော့ ရှိပါတယ်။

နှစ်များစွာက ပြုတားတဲ့ ကံသတ္တိထူးကလည်း ယခုဘဝမှာ ကျေးဇူးပြုနိုင်ပါတယ်။

ယခုဘဝမှာ ပြုကံသတ္တိထူးကလည်း ယခုဘဝမှာ ပြန်ကျေးဇူးပြုရင်လည်း ပြုနိုင်၊ မပြုပြန်ရင်လည်း နောင်နှစ်ပေါင်းများစွာမှာ ကျေးဇူးပြုနိုင်ပါတယ်။

မိမိရဲ့ စိတ်အစဉ် (ရုပ်နာမ်အစဉ်)မှာ ယှဉ်ကပ်ပါနေကြတဲ့ မကောင်းကံသတ္တိထူး၊ ကောင်းကံသတ္တိထူးတွေဟာ ဆိုင်ရာ မကောင်းကျိုး၊ ကောင်းကျိုးတွေကို မပေါ်မပေးဘဲ ချုပ်ငြိမ်းမသွားပါဘူး။

ကောင်းကံ၊ မကောင်းကံ သတ္တိထူးတွေ ပြုလုပ်တဲ့ မျက်မှောက်ဘဝမှာရော၊ သေပြီး ဒုတိယဘဝမှာရော၊ နိဗ္ဗာန်မရခင် ရတဲ့ ကြားဘဝတစ်ခုခုမှာရော၊ ဒါမှမဟုတ် နိဗ္ဗာန်ရတဲ့ထိ ဘဝဆက်တိုင်းတွေမှာရော အကျိုးပေါ်ကြတယ်။ ပြုသူဟာ အဲသည် မကောင်း ကျိုး၊ ကောင်းကျိုးတွေကို မုချခံစား စံစားရတယ်လို့ ဟောတော်မူခဲ့ပါတယ်။ (အင်-ဒသက-ကရဇကါယဝဂ်)

အပရာပရိယကံ သတ္တိထူးမျိုးကတော့ အကျိုးမပေါ်မချင်း ချုပ်ငြိမ်းသွားတဲ့ ကံမျိုး မဟုတ်ပါဘူး။ ပြုသူရဲ့ စိတ်အစဉ် (ရုပ်နာမ်အစဉ်)မှာ ယှဉ်ကပ်ပါနေပါတယ်။ အကျိုးပေါ်တာ၊ အကျိုးပေးတာနဲ့ပဲ ချုပ်ငြိမ်းပါတယ်။ နိဗ္ဗာန်ရတဲ့ ဘဝတိုင် အရိပ်လိုလိုက်ပြီး အကျိုးပေါ်တဲ့ ကံသတ္တိထူးမျိုးပါပဲ။

ကုသိုလ်ကံ၊ အကုသိုလ်ကံ သတ္တိထူးတွေဟာ အကျိုးမပေါ်ဘဲ မချုပ်ငြိမ်းပါဘူး။ အချိန်ရောက်ရင် အိမ်ပေါက်ဝရောက်လာတတ်တယ်လို့ ဆိုရမှာ ဖြစ်တယ်။

ကံသတ္တိထူးတွေဟာ ကမ္ဘာအသရေ၊ ဘဝအသရေကြာအောင် စိတ်အစဉ်မှာ ယှဉ်ကပ်ပါနေပါတယ်။

လောဘ၊ ဒေါသ၊ မောဟတွေရော၊ အလောဘ၊ အဒေါသ၊ အမောဟတွေရော စေတနာကံတွေရဲ့ တဖြစ်လဲ ကျန်နေတဲ့ ကံသတ္တိထူးတွေဟာ လိုက်မှာမို့ ကောင်းတဲ့ကံသတ္တိထူးနဲ့ မကောင်းတဲ့ ကံသတ္တိထူးကို ရွေးချယ်စိစစ်မွေးမြူယူရမှာ ဖြစ်ပါတယ်။

* * *

## ဝီရိယနဲ့တံ

အကြောင်းကောင်းမှ အကျိုးကောင်းတယ်။

သိသမျှကတော့ ဝီရိယမှာလည်း အကျိုးရှိတာနဲ့ မရှိတာ နှစ်မျိုးရှိပါတယ်။

ဝီရိယတိုင်း ကောင်းတာမဟုတ်ဘူး။ ဝီရိယနှစ်မျိုးမှာ တစ်မျိုးက မကောင်း၊ တစ်မျိုးသာ ကောင်းပါတယ်။

၁။ သုစရိုက် ဝီရိယ

၂။ ဒုစရိုက်ဝီရိယ

သုစရိုက်ရော၊ ဒုစရိုက်ရော ဝီရိယစိုက်ထုတ်ရတာပါပဲ။ ဝီရိယစိုက်မှ အကောင်အထည်ပေါ်တာ ဖြစ်တယ်။ မနောကံကို ဝစီကံပြောက်နဲ့ ကာယကံပြောက် ဝီရိယစိုက်ရတယ်။

ဝီရိယမှာ သတ္တိထူး (၄)မျိုးရှိတယ်။

၁။ အချို့မကောင်းမှုကံတွေဟာ ကောင်းတဲ့ ဝီရိယက တားမြစ်ထားလို့ မကောင်းကျိုးကို မပေးနိုင်။

၂။ အချို့ကောင်းမှုကံတွေဟာ မကောင်းတဲ့ လုံ့လဝီရိယ တားမြစ်ထားလို ကောင်းတဲ့အကျိုးမပေးနိုင်။

၃။ အချို့ မကောင်းမှုကံတွေဟာ မကောင်းတဲ့ လုံ့လဝီရိယကို အဖော်သဟဲပြုရမှ မကောင်းသော အကျိုးကို ပေးနိုင်တယ်။

၄။ အချို့ကောင်းမှုကံတွေဟာ ကောင်းတဲ့ လုံ့လပယောဂကို အဖော်သဟဲပြုရမှ ကောင်းတဲ့အကျိုးကို ပေးနိုင်တယ်။ (အဘိဓမ္မာ ပိဋကတ် ဉာဏဝိဘင်း၊ ပါဠိတော်။)

ဝီရိယက (၃)မျိုး။

၁။ ကိုယ်ဝီရိယ

၂။ နှုတ်ဝီရိယ

၃။ စိတ်ဝီရိယ

စိတ်နဲ့ကြံတာ၊ တွေးတာ၊ စဉ်းစားတာတွေကို အားထုတ်တဲ့အခါ၊ စိတ်ဝီရိယ ဖြစ်တယ်။ မနောကံဖြစ်တယ်။ မနောမှာ အပြောမပါသေးပါဘူး။ အပြောပါလာရင် မနောကံက လွန်ပြီး နှုတ်ဝီရိယ ဖြစ်လာခဲ့ပါပြီ၊

ပါးစပ်နဲ့ နှုတ်နဲ့ အသံထွက်ပြောလာပြီး အားထုတ်လာတဲ့အခါ နှုတ်ဝီရိယ ဖြစ်လာပါပြီ။ အဲတာက ဝစီကံသဘော။

နောက်ဆုံး စိတ်နဲ့ နှုတ်ပြီးတော့ အလုပ်နဲ့အားထုတ်တာ ကိုယ်ဝီရိယ။ ကိုယ်ဝီရိယမှာ လက်ရော ခြေရော တစ်ကိုယ်လုံး ပါလာပြီ။

ဝီရိယဆိုတာ အလုပ်လုပ်ဖို့ အားထုတ်မှု။

ကိုယ်၊ စိတ်၊ နှုတ် အားထုတ်တာတွေဟာ ဝီရိယပါတာနဲ့ တစ်ပြိုင်နက် အချိန်မခြားဘဲ ကာယကံ၊ ဝစီကံ၊ မနောကံ ဖြစ်သွားတယ်။

အရေးကြီးတာက--

၁။ ကုသိုလ်ကံ ဝီရိယ

၂။ အကုသိုလ်ကံဝီရိယကို ခွဲခြားပြီး သတိထား အားထုတ်ဝီရိယစိုက်ဖို့ပဲ။

**လုံ့လဝီရိယ မရှိ၊ ပျင်းရိသော သူတို့မှာကား ကုသိုလ်ကံရှိစေကာမူ ရှိပြီးသော ကံမျိုးစေ့ ကွယ်ပျောက်သွားတတ်လေ၏။ ထို့ကြောင့် ဉာဏ်၊ ဝီရိယကို အထူးအားထုတ်ကြကုန်ရာ၏။**

**(နိယာမဒီပနီ)**

**လယ်တီဆရာတော်**

ဝီရိယမရှိရင် ကံမပေါ်ဘူး။ ဝီရိယနှင့် ဉာဏ်က ကံဖြစ်စေတယ်။

ကိုယ့်ဝီရိယက အကုသိုလ်ကံလား၊ ကုသိုလ်ကံလားဆိုတာ ပီပြင်စွာ စဉ်းစား။

**အကုသိုလ်ဝီရိယ ပိုရင် အတိအကျကို ဒုက္ခရောက်မှာဖြစ်တယ်။ ကုသိုလ်ဝီရိယရှိမှ အဓိကပန်းတိုင်ကိုရောက်နိုင်မယ်။**

လူတစ်ယောက်ဟာ မကောင်းတဲ့ ဝီရိယအားထုတ်ဖြစ်တာနဲ့ တစ်ပြိုင်နက် မကောင်းတဲ့ ကာယကံ၊ မကောင်းတဲ့ ဝစီကံ၊ မကောင်းတဲ့ မနောကံတွေ ဖြစ်သွားတော့တာပဲ။

လူတစ်ယောက်ဟာ ကောင်းတဲ့ ဝီရိယဖြစ်တာနဲ့ ကောင်းတဲ့ ကာယကံ၊ ကောင်းတဲ့ ဝစီကံ၊ ကောင်းတဲ့ မနောကံတွေ ဖြစ်သွားတော့တာပဲ။

ကံနဲ့ ဝီရိယမှာ ခြားနားမှုတော့ ရှိတယ်။

ကိုယ့်အကျိုးအတွက် လုပ်တဲ့ ပစ္စုပ္ပန်လုပ်အားဟာ တဏှာတွန်းအားရှိပြီး ဖြစ်လို့ စေတနာ တွန်းအားပေးစရာ မလိုပါဘူး။

သူတစ်ပါးအတွက် ဆိုရင်တော့ တဏှာတွန်းအား မရှိတာကြောင့် စေတနာတွန်းအားပေးရပါတယ်။

အဲဒါကြောင့် တဏှာတွန်းအားပေးရတဲ့ လုပ်အားဟာ အဓိကအားဖြင့် ဝီရိယ။

စေတနာတွန်းအားပေးတဲ့ လုပ်အားက အဓိကအားဖြင့်ကံ။

ကံဆိုတာ ကမ္မပုဒ်က လာပြီး ပြုလုပ်တဲ့ စေတနာကကံ။ စေတနာက ပြုလုပ်ပြောဆိုနိုင်ဖို့ စေ့ဆော်ပေးတဲ့သဘော ရှိတယ်။ စေ့ဆော်ဆိုတာက တွန်းအားပေးတဲ့သဘော ရှိတယ်။ ကာယကံ

မြောက် ပြုလုပ်နိုင်ဖို့၊ ဝစီကံမြောက် ပြောဆိုနိုင်ဖို့ တွန်းအား ပေးတယ်လို့ ဆိုလိုပါတယ်။ အဲသည်လို စေတနာ တွန်းအား ပေးမှုကြောင့် ကာယကံမြောက်ပြုလုပ်ကြတယ်။ ဝစီကံမြောက် ပြောဆိုကြတယ်။ အဲသည်မှာ တွန်းအားပေးတဲ့ စေတနာကို ကံ၊ ပြုလုပ်ပြောဆိုမှုကို ဝီရိယ။

ဝီရိယက ပစ္စုပ္ပန်အကြောင်း။

ကံက အတိတ်အကြောင်း။

ဝီရိယက ပစ္စုပ္ပန်အကျိုး။

ကံက အနာဂတ်အကျိုး။

စံကျောင်းဆရာတော်ဘုရားကြီးက--

'ကံဆိုသည်မှာ အလုပ်ပါ၊ သေချာမှတ်၍ထား၊ အလုပ် ကောင်းမှ၊ ကံကောင်းရ၊ မုချမုန်မမှား'လို့ ဆိုမိန့်ခဲ့ပါတယ်။

လယ်တီဆရာတော်ဘုရားကြီးကလည်း နိယာမဒီပနီမှာ-

'ကောက်စပါးတို့မှာ တောင်သူယောကျ်ား၏ ဝီရိယမှု လုပ်ငန်းစုတို့နှင့် လူတို့၏ စီးပွားရေးတို့မှာ လုပ်မှု၊ ကိုင်မှု၊ ပစ္စည်းဥစ္စာ ရှာကြံမှု၊ အတတ်ပညာ အလိမ္မာ ရှာကြံမှုတို့သည် တူကြကုန်၏။

ကောက်စပါးမျိုးစေ့ကိုပင် အပြည့်အစုံ ရှိပါကုန်ငြား သော်လည်း တောင်သူယောကျ်ား၏ လုပ်ငန်းစု ပျက်ကွက်က

ကောက်စပါးမျိုးစေ့တို့သည် ပေါက်ရောက်ခွင့် မရကြကုန်ဘဲ တိုက်ထဲကျီထဲမှာ ပုပ်ဆွေးခြင်းသို့ ရောက်ကြရသကဲ့သို့။

ရှေးကုသိုလ်ကံဟောင်းတို့သည်ပင် ရှိကြပါကုန်သော်လည်း လူတို့၏ ဝီရိယလုပ်ငန်း လုံးလုံးမရှိပါက ထိုကုသိုလ်ကံဟောင်းတို့သည် အကျိုးပေးခွင့် မရဘဲ ကိုယ်ခန္ဓာထဲမှာ ငုတ်တုတ်သာ နေကြရကုန်၏။

ကောက်စပါးတို့မှာ 'ကြဲမိုးစိုက်မိုးရှိ၍ ပေါက်ရောက်ခွင့် ရကြပါကုန်သော်လည်း အသီးအနှံ ရင့်မာသန်စိုင်ခြင်း မရောက်မီ အကြား၌ နောက်လိုက်နောက်ထပ် မိုးရေမိုးပေါက် ပြတ်ခြင်းကြီး ပြတ်ခဲ့ပြန်သော် ပျက်ဆုံးခြင်းသို့ ရောက်ကြရပြန်ကုန်သကဲ့သို့' လို့ လယ်တီဆရာတော်မြတ်ကြီးက ရေးသားပြုစုခဲ့ပါတယ်။

* * *

## ပစ္စုပ္ပန်ကံ၊ ယခုကံ

ချက်ချင်းလက်ငင်း ဟိုဘဝမရောက်ခင်ဘဲ ယခုဘဝမှာတင် အကျိုးပေးတဲ့ ပစ္စုပ္ပန်ကံမျိုးလည်း ရှိပါတယ်။

လက်ငင်းဒီဋ္ဌ အကျိုးရတဲ့ကံ။

ကံရဲ့ အမည်နာမက 'ဒိဋ္ဌဓမ္မဝေဒနီယကံ' လို့ ခေါ်တယ်။

ဒုစရိုက်ဆယ်ပါးက လွှယ်ကင်းတဲ့ အသက်မွေးမှု၊ မစ္စည်းဥစ္စာရှာမှု၊ ပညာသင်ကြားခြင်း လိမ္မာယဉ်ကျေးမှုစတဲ့ ပစ္စုပ္ပန်ကံတွေဟာ ယခုဘဝမှာ အကျိုးပေးပါတယ်။

ကောင်းတာလုပ်တော့ မကောင်းတာတွေ မဖြစ်တော့ပါဘူး။

တရားရှိ၊ အမှားသိတာကို အများက သိလာတဲ့အခါ ကိုယ့်မှာ မိတ်ဆွေအင်အား ရှိလာမှာ ဖြစ်ပါတယ်။ အပြစ်လည်း ကင်းပါတယ်။

ကောင်းလို့ ပေါင်းကြတဲ့အခါ လူမှုရေးတွေ၊ စီးပွားရေးတွေမှာ အတိမ်းအစောင်း နည်းလာမှာ ဖြစ်တယ်။

မှန်ကန်မှု ရှိသူတွေမှာ အမှိုကောင်းလည်း တွေ့ကြ၊ ရကြတတ်ပါတယ်။

ပစ္စုပ္ပန်ကံဟာ အရေးကြီးလှတယ်။ ပစ္စုပ္ပန်ကံကိုပြုရင် အကယ်၍ အတိတ်ကံမကောင်းလို့ ယခုဘဝမှာ အကျိုးမပေးနိုင်သည့်တိုင်အောင် နိဗ္ဗာန်မရမီ စပ်ကြား နောင်ဘဝ အဆက်ဆက်တွေမှာ အတိတ်ကံအဖြစ်နဲ့ အကျိုးပေးနိုင်ပါတယ်။ ပစ္စုပ္ပန်ကောင်းကံဟာ အချီးနှီး ဖြစ်မသွားပါဘူး။

အတိတ်ကံ ကောင်းပေမယ့် ပစ္စုပ္ပန်ကံ ခုခံလို့ အတိတ်ကံ အကျိုးမပေးနိုင်တာတွေလည်း ရှိတယ်။

အတိတ်ကံ မကောင်းပေမယ့် ပစ္စုပ္ပန်ကံဟာ အနည်းအပါးဆိုတဲ့ အတိတ်ကံကို ဆိုးကျိုးမပေးနိုင်အောင် တားမြစ်ပေးတယ်။

ကံဟု မူလ၊ သမ္ဘုဒ္ဓတို့
ဟောပြသည်မှာ၊ အရင်းသာရှင့်
ဥစ္စာဘောဂ၊ စီဝိတနှင့်
သုခပွားရန်၊ ဤလူ့ဌာန်၌
ဉာဏ်ဝီရိယ၊ ပယောဂတည်း။

(မဃဒေဝလင်္ကာ)

လယ်တီဆရာတော်ဘုရားကြီးက မင်္ဂလဒီပနီမှာ ပစ္စုပ္ပန်ကံနှစ်မျိုး ရေးသားဖော်ပြခဲ့တယ်။

'မကောင်းမှု ဒုစရိုက်ဆယ်ပါးမှ လွတ်ကင်းသော အလုံးစုံသော အသက်မွေးမှု၊ ဥစ္စာစီးပွားရှာမှု၊ ပညာရှာမှု၊ ကုန်သွယ်မှု၊ လယ်ယာဥယျာဉ်လုပ်မှု၊ အစိုးရ လခစားလုပ်မှု၊ သူဌေးလခစားလုပ်မှု အစရှိသော ခပ်သိမ်းသော ကာယကံမှုမျိုး၊ ဝစီကံမှုမျိုး၊ မနောကံမှုမျိုးသည် ယခုဘဝအတွက် ပြုကြရသော ကောင်းသော ကံမျိုးမည်၏'

'မကောင်းမှု ဒုစရိုက်ဆယ်ပါးမှ မလွတ်ကင်းသော အလုံးစုံသော အသက်မွေးမှု၊ စီးပွားဥစ္စာ ရှာမှု အစရှိသော ခပ်သိမ်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုမျိုးသည် ယခုဘဝအတွက် ပြုကြရသော မကောင်းသော ကံမျိုး မည်၏'

လို့ လယ်တီဆရာတော်ဘုရားကြီး ရေးသားခဲ့ပါတယ်။

ပစ္စုပ္ပန်စေတနာကံတွေဟာ လက်ငင်းချက်ချင်းပဲ ယခုဆိုသလို အကျိုးပေါ်တဲ့ သာဓကတွေ ရှိပါတယ်။

သုမနပန်းသည်လေးဟာ ရစ်ဆုပ်သော မုလေးပန်းတွေကို မြတ်စွာဘုရားအား ပေးလှူတဲ့အတွက် ထိုနေ့မှာပဲ များစွာသော စည်းစိမ်ဥစ္စာတွေကို ရခဲ့ပါတယ်။ လက်ငင်းချက်ချင်းပါ။

ဂေါပါလမာတာ အမျိုးသမီးဟာ မိမိဆံပင် ရောင်းရငွေနဲ့ ရှင်ကစ္စည်းစတဲ့ မထေရ်ကို ဆွမ်းဘောဇဉ်ပေးလှူတဲ့အတွက်

အဲသည်နေ့မှာပဲ စန္ဒပဇ္ဇောတမင်းကြီးရဲ့ မိဖုရား ဖြစ်သွားတယ်။ ချက်ချင်းလက်ငင်း အကျိုးရတာပါပဲ။

ကာကဝဠိယမယားဟာ နိရောဓသမာပတ်မှ ထပြီးစ္စာစ ဖြစ်သော အရှင်မဟာကဿပမထေရ်ကြီးအား ယာဂုဆွမ်းလှူ တယ်။ အဲသည်ကံကြောင့် ခုနစ်ရက်အတွင်း ရွှေအိုးငွေအိုးတွေရပြီး သူဌေး ဖြစ်သွားတယ်။ တစ်လတောင် မကြာဘူး။ ခုနစ်ရက် တစ်ပတ်အတွင်း ဖြစ်သွားတာပါ။

ဇကာသာဋကပုဏ္ဏားဟာ အပေါ်ရုံ ပုဆိုးကို ဘုရားရှင်အား ပေးလှူတဲ့အတွက် အဲသည်နေ့မှာပဲ ဆင်နဲ့ ရတနာတွေ ဖြစ်ပေါ်ရောက်လာတယ်။

ကျွန်မောင်ပုဏ္ဏဟာ နိရောဓသမာပတ်က ထပြီး စဖြစ်တဲ့ အရှင်သာရိပုတ္တရာကို နံနက်စောစော မျက်နှာသစ်ရေ လှူတယ်။ မယားဖြစ်တဲ့ ဘာရိတာကလည်း ဆွမ်းလှူတယ်။ အဲသည်ကုသိုလ် ကြောင့်ပဲ ထွန်စာခဲများက ရွှေတုံးရွှေခဲတွေ ဖြစ်လာပြီး နေ့ချင်းကို သူဌေးကြီး ရာထူးကို ရတယ်။

မလ္လိကာဒေဝီဟာ မြတ်စွာဘုရားကို မုယောမုန့် ပေးလှူ တဲ့အတွက် အဲသည်နေ့မှာပဲ ကောသလမင်းကြီးရဲ့ မိဖုရား ခေါင်ကြီး အဖြစ်ရတယ်။

သုပ္ပိယဥပါသိကာမဟာ ဂိလာနရဟန်းတစ်ပါးကို မိမိရဲ့ ပေါင်သားဟင်းချက်လှူတဲ့အတွက် နှစ်ရက်မြောက်နေ့မှာပင် အသားတွေ အသားနုတက်ပြန်ပြည့်သွားပါတယ်။

အဲဒါတွေက ပစ္စုပ္ပန် ကုသိုလ်ကံတွေ ပြုလို့ ချက်ချင်း လက်ငင်းရတဲ့ သာဓကတွေပါပဲ။

ပစ္စုပ္ပန်မှာပဲ အကုသိုလ်ကံပြုလို့ ချက်ချင်းဒုက္ခ ရောက်ရတာတွေလည်း ရှိပါတယ်။

နန္ဒဆိုတဲ့ ဘီလူးဟာ အရှင်သာရိပုတ္တရာရဲ့ ဦးခေါင်း ပြောင်ပြောင်ကို တင်းပုတ်နဲ့ တအားထုတယ်။ အဲဒီကံကြောင့် ပူလှချည့်၊ လောင်လှချည့် တစာစာအော်ရပြီး အဝီစိငရဲကို ကျတယ်။

နန္ဒလုလင်ဟာ ဥပ္ပလဝဏ်ထေရီမကို မတရားပြုကျင့်တဲ့ ကံကြောင့် နေ့ချင်းကို ချက်ချင်းမြေမြိုခံရပြီး သေဆုံးသွားတယ်။

နွားသတ်သမားတစ်ယောက်ဟာ အနှစ်ငါးဆယ်ပတ်လုံး နွားသတ်ပြီး အသက်မွေးတယ်။ တစ်နေ့တော့ ထမင်းပွဲမှာ အမဲသားဟင်း မရှိဘူး။ အဲဒီမှာ နွားအရှင်တစ်ကောင်ရဲ့ လျှာကို ဖြတ်တယ်။ ပြီးတော့ မီးကင်စားခိုက်မှာ လျှာပြတ်ကျပြီး သေတယ်။ သေပြီးတဲ့နောက်မှာ အဝီစိငရဲရောက်တာပဲ။

ပစ္စုပ္ပန်ကံ၊ ယခုကံကို တစ်ခုမှ မမှန်အောင် လုပ်လျှင် ယိုလူဟာ ထောင်ထဲကို အကြိမ်ကြိမ် ဝင်နေရမှာ ဖြစ်တယ်။

**ဥပဒေဘောင် မကျော်တဲ့ ပစ္စုပ္ပန်အကုသိုလ်ကံ လုပ်ရင်လည်း လူတွေက သွေဖယ်ခြင်းခံရပြီး ဆင်းရဲမွဲတေနေမှာပါပဲ။**

တမလွန်မှ ငရဲရှိတာ မဟုတ်ပါဘူး။ လောကငရဲဆိုတာလည်း ရှိပါတယ်။

အကျဉ်းထောင်ဆိုတာ လောကငရဲရှိရာနေရာတစ်ခု ဖြစ်တယ်။

ပစ္စုပ္ပန်အကုသိုလ်ကံ သတ္တဝါထူးမျိုးက နေ့ချင်း၊ ညချင်း အကျိုးပေးတာလည်း ရှိတယ်။ တစ်ပတ်အတွင်း၊ တစ်လအတွင်း၊ တစ်နှစ်အတွင်း အကျိုးပေး ဒဏ်ခံရတာလည်း ရှိတယ်။

သူများပစ္စည်း နှိုက်လို့၊ ခိုးလို့ ချက်ချင်းအရိုက်ခံ၊ အဖမ်းခံရတာ။

ပစ္စည်းအလွဲသုံးစားလုပ်လို့၊ လာဘ်စားတာသိလို့ အလုပ်မှာတင် အရှက်တကွဲ၊ အကျိုးနည်းစွာ အရေးယူခံရတာ။

သူများသမီးပျို၊ သားမယား ပြစ်မှားလို့ အဖမ်းခံရ၊ အရှက်တကွဲဖြစ်ပြီး အပြောခံရတာတွေဟာ ပစ္စုပ္ပန် အကုသိုလ်ကံတွေရဲ့ ချက်ချင်းလက်ငင်းအဖြေတွေ ဖြစ်ပါတော့တယ်။

၁။ ဝီရိယစွမ်းအား၊ ဉာဏ်စွမ်းအားတွေဟာ ကြီးမားကြရင် ပစ္စုပ္ပန်ကံနဲ့ အတိတ်ကံတို့ကလည်း ကြီးမားကြတယ်။

၂။ ဝီရိယစွမ်းအား၊ ဉာဏ်စွမ်းအားတို့ အလယ်အလတ် ဖြစ်ကြရင် ပစ္စုပ္ပန်ကံနဲ့ အတိတ်ကံတို့ဟာလဲ အလယ်အလတ်ပဲ ဖြစ်ကြတယ်။

၃။ ဝီရိယစွမ်းအား၊ ဉာဏ်စွမ်းအားတို့ဟာ သေးသိမ်သေးငယ်ကြရင် ပစ္စုပ္ပန်နဲ့ အတိတ်ကံတွေလဲပဲ သေးသိမ်သေးငယ်ကြတယ်။

(သမ္မာဒိဋ္ဌိဒီပနီ)

* * *

## သတိနှင့်ထဲ

သံသရာဘယ်မှာစသလဲ။

မသိတာက စပါတယ်။

သံသရာနဲ့ ကံကြမ္မာတွေ ဘယ်မှာဆုံးမှာလဲ။

သိတစ်လုံးမှာ ဆုံးပါမယ်။

အမှုမဲ့လို့ အမှတ်မဲ့ပါတယ်။

မရေရာလို့ မသေမရှာ ဖြစ်ပါတယ်။

မသိသမျှ သံသရာပတ်မှာပဲ။

သိလာရင်တော့ သံသရာပြတ်မှာပါပဲ။

ဆင်းရဲကိုကြောက်ရင်၊ မုန်းရင် မကောင်းမှု အကုသိုလ်တွေကို လူမြင်ကွင်းမှာရော၊ လူကွယ်ရာမှာရော မလုပ်မိဖို့ သတိရှိနေရမယ်။

မကောင်းတဲ့ အကုသိုလ်ကံကို ယခုလည်းလုပ်၊ နောင်လည်း လုပ်ရင် ဆင်းရဲဒုက္ခက လွတ်မှာ မဟုတ်ဘူး။

သတိရှိနေရင် အကုသိုလ်ကံဘက် အရောက်နည်းသွားမှာ ဖြစ်ပါတယ်။

၁။ မျက်စိဟာ ဒုက္ခလို့ သတိရှိ (ရူပါရုံ)

၂။ နားဟာ ဒုက္ခလို့ သတိရှိ (သဒ္ဒါရုံ)

၃။ နှာဟာ ဒုက္ခလို့ သတိရှိ (ဂန္ဓာရုံ)

၄။ လျှာဟာ ဒုက္ခလို့ သတိရှိ (ရသာရုံ)

၅။ ကိုယ်ဟာ ဒုက္ခလို့ သတိရှိ (ဖောဋ္ဌဗ္ဗာရုံ)

၆။ စိတ်ဟာ ဒုက္ခလို့ သတိရှိ (ဓမ္မာရုံ)

အာရုံခြောက်ပါး၊ သတိထားရင်၊ ကံငါးပါးလုံခြုံနိုင်ပါတယ်။ သတိလစ်တာနဲ့အမျှ အကုသိုလ်ကံဘက်က အားသာသွားနိုင်ပါတယ်။

အာရုံခြောက်ပါးမှာ စိတ်အာရုံဟာ အလွန်အမင်း အရေးကြီးပါတယ်။

'ကံကို ကုနည်း၊ ကုသိုလ်ဆည်း၊ စိတ်လည်းမပေါ့ရာ' ဖြစ်တယ်။

**သတိနဲ့ဆင်ခြင်၊ ဆင်ခြင်ပြီး 'စိတ်'နှင့်ကြံ။**

**သတိနဲ့ဆင်ခြင်၊ ဆင်ခြင်ပြီး 'နှုတ်'နဲ့ပြော။**

**သတိနဲ့ဆင်ခြင်၊ ဆင်ခြင်ပြီး 'လက်'နဲ့လုပ်။**

အကျိုးခံစားလိုရင် အကျိုးဖြစ်မယ့်အကြောင်းတွေကို ပြုရမယ်။ အကျိုးခံစားရမယ့် အကြောင်းကို မပြုဘဲ အကျိုးခံစားရဖို့ မရှိပါဘူး။

အကျိုးခံစားလိုရင် အကျိုးဖြစ်မယ့်အကြောင်းမှာ သတိကို လက်မလွှတ်ရဘူး။

**သတိကောင်းမှ ကံကောင်းတယ်။**

**သတိမကောင်းရင် ကံမကောင်းနိုင်ဘူး။**

အမြဲပဲ လူတွေမှာ ကြိုက်ရင် လောဘဖြစ်နေပါတယ်။ မကြိုက်ရင် ဒေါသဖြစ်နေပါတယ်။ အမှတ်တမဲ့နေရင်တော့ မောဟတွေ ဖြစ်နေတတ်တယ်ဆိုတာကို သတိထားရပါမယ်။

သတိကောင်းရင် အသိစိတ်ကောင်းလာမှာ ဖြစ်တယ်။ သတိနဲ့အမှန်တရားပေါ်အောင် နှိုးဆွပေးရင် ဗီဇအသိစိတ်ရဲ့ ပင်ကိုသဘောတွေ ပေါ်လာမယ်။ ရိုးသားဖြူစင်တဲ့ အသိစိတ် ဖြစ်လာလိမ့်မယ်။

သတိတွန်းအားနဲ့ အမှန်တရားပေါ်လာခဲ့ရင် စိတ်နေသဘောထား မှန်လာမယ်။

စိတ်နေသဘောထား မှန်မမှန်မှာ သတိပါပဲ။ သတိရှိမှ အသိရှိ။ သတိထားမှ အသိမှားမယ်။ သတိဆောင်တဲ့အခါ ကုသိုလ်ကံအားဘက်မှာ အောင်ပါတယ်။

သတိချွတ်ယွင်းရင် စိတ်နေသဘောထား မမှန်ဘူး။ မမှန်တော့ အကုသိုလ်ကံဘက်ရောက်သွားတော့တယ်။ အာရုံခံစားမှု အသိစိတ်တွေကို သတိကြီးစွာထားပါ။

သတိဆိုတာ အမှန်ဘက်ကို တွန်းပို့ပေးတဲ့ ကိရိယာတစ်မျိုး။

ကာယကံ၊ ဝစီကံ၊ မနောကံတွေကို သတိနဲ့ ချုပ်ထားရမယ်။ ကံမှန်သမျှကို သတိကြိုးနဲ့ နိုင်နေအောင် ချည်တုပ်ထားရမယ်။ တင်းတင်းကြပ်ကြပ်ကို ချည်နှောင်ထားရမှာဖြစ်တယ်။

ညောင်ရမ်းဇေယျပဏ္ဍိတက 'လောကသဘာဝ သဘောတရား' စာအုပ်မှာ--

'သတိတရားသည် လောက၌ အလိုအပ်ဆုံးသော တရားဖြစ်လေသည်။ အစဉ်သတိတရားကို သတိထားမှတ်သားလေ့ရှိရာ၏။ ဘေးဒုက္ခတို့သည် သတိကင်းမဲ့သော သူတို့ထံသို့သာ ဝင်ဆော်လည်း သတိရှိသူတို့အား ဘေးဒုက္ခတို့ မတတ်နိုင်ကုန်'လို့ ရေးသားသတိပေးခဲ့ပါတယ်။

ကောင်းကံဘက်ရောက်အောင် သတိထားဖို့ အချက် (၄)ချက် ရှိပါတယ်။

၁။ သက်ရှိရုပ်ခန္ဓာနဲ့ သက်မဲ့ရုပ်ဝတ္ထုအပေါ် အမှန်တရားပေါ်အောင် သတိထားမှု။

၂။ ခံစားမှု ဝေဒနာအပေါ် အမှန်တရားပေါ်အောင် သတိထားမှု။

၃။ အသိစိတ်အပေါ် အမှန်တရားပေါ်အောင် သတိထားမှု။

၄။ သဘာဝတရားအပေါ် အမှန်တရားပေါ်အောင် သတိထားမှုတွေပါပဲ။

အမှန်တကယ်တော့ "သတိတစ်လုံးဟာ အခက်ဆုံး" ဖြစ်တယ်။ ခက်ပေမယ့် ရအောင်ကြိုးစား လုပ်ယူရမှာပါပဲ။ စားသတိ၊ လာသတိ၊ သွားသတိနဲ့ ဖြစ်သမျှ ပျက်သမျှ သတိရှိရှိနေတဲ့အခါ ကောင်းကံတွေနဲ့ ထိနေမယ်။ သတိရတော့ ကံလှ၊ ကံမ၊ ကံထပါတယ်။

ဗုဒ္ဓမြတ်စွာရဲ့ အလွန်တန်ဖိုးကြီးလှတဲ့ နောက်ဆုံးဩဝါဒက--

'အပ္ပမာဒေန၊ သမ္ပာဒေထ' လို့ မိန့်ခဲ့ပါတယ်။

အမြဲသတိမလစ်စေဖို့ အမှန်အမှား၊ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အဖြစ်အပျက်တွေကို အမြဲသတိရှိနေဖို့ပါပဲ။

* * *

## ကံဖြစ်ပေါ်ရန် အကြောင်းတရားများ

လူတွေဟာ – လိုချင်
– ရချင်
– ဖြစ်ချင်
– စားချင် စတဲ့ ချင်တွေရဲ့ အကိုက်ခံနေရပါတယ်။

အဲသည်ချင်တွေ ခန္ဓာဝန် စ,ရကတည်းက အကိုက်ခံရတာပါပဲ။ ဘယ်အချိန်ထိ ကိုက်လည်းဆိုတော့ နောက်ဆုံးထွက်သက်ထိတောင် အကိုက်ခံရပါတယ်။

ဘဝစရကတည်းက ခန္ဓာဝန်ကို ထမ်းဖို့အတွက် ဒုက္ခတွေရတာပါပဲ။

လိုချင်–ရချင်–စားချင်–ဝတ်ချင်–ဖြစ်ချင်စတဲ့ ချင်တွေကို တစ်နည်းအားဖြင့် ပြောရရင် စားဝတ်နေရေးပါ။

ဘဝရှိ ဒုက္ခရှိတယ်။

ဒုက္ခရှိတော့ ဒုက္ခကို ဖြေရှင်းဖို့ရာ ချင်တွေ တပ်မက်လာပါတော့တယ်။

အဲသည်မှာ လိုချင်တာတွေက လွယ်လွယ်ရလားဆိုတော့ လွယ်လွယ်မရနိုင်ဘူး။ ဘာလုပ်ရလဲဆိုတော့ ရှန်းကန်လှုပ်ရှားကြိုးစားမှ ရပါတယ်။ အချို့ဆို ခက်ခဲစွာကို လှုပ်ရှားကြိုးပမ်းရုန်းကန်ရပါတယ်။

လိုချင်တဲ့ စိတ်အနည်းအများ ပြင်းပြမှုကိုလိုက်ပြီး ဝမ်းနည်းမှု အနည်းအများဖြစ်ရတယ်။ စိတ်ဆင်းရဲမှု အကြီးအငယ်ဖြစ်ရတယ်။

လိုချင်၊ ရချင်၊ ဖြစ်ချင်စတဲ့ လောဘတဏှာရဲ့ တရားသဘောကို မသိခြင်းက ဆင်းရဲတရားတစ်ခု။

ဆင်းရဲတရားကနေ ဆန္ဒတွေ ပြင်းထန်လာတယ်။ ပေါ်လာတယ်။ ရတန်သလောက် ရပြန်တော့လည်း ထပ်မံလိုလာပြန်ပါတယ်။

ရချင်တာရှိတော့ လောဘ၊ ထပ်လိုချင်ပြန်တော့လည်း လောဘ။

မရပြန်ရင် ဒေါသ၊ မရမှုများလာလေ ပိုပြီး ဒေါသများလာလေပါပဲ။

အဲသည်မှာ (က) ဖြစ်ပေါ်ဖို့ အကြောင်းတရားက ပေါ်လာပါပြီ။

အကုသိုလ်ကံဆိုတာက အဲသည်သဘောတရားကနေ စတင်ပေါ်လာတော့တာပါပဲ။

အကုသိုလ်ကံဖြစ်ဖို့ အကြောင်းတရား (၃)ပါးကတော့–

လောဘ၊ ဒေါသ၊ မောဟပါပဲဗျာ။

လောဘကြောင့် ဖြစ်တဲ့ကံဟာ အကုသိုလ်ကံ။

ဒေါသကြောင့်ဖြစ်တဲ့ကံဟာ အကုသိုလ်ကံ။

မောဟကြောင့်ဖြစ်တဲ့ကံဟာ အကုသိုလ်ကံ။

လောဘရှိတဲ့သူဟာ ကိုယ်၊ နှုတ်၊ စိတ်တွေနဲ့ အားထုတ်လာတော့တာပဲ။ အချို့ဆို ပြင်းထန်လွန်းတော့ ကာယ၊ ဝစီ၊ မနောဒုစရိုက်တွေနဲ့ကို အားထုတ်လာတော့တယ်။

အဲသည် အားထုတ်မှုဟာ အပြစ်ရှိတဲ့တရား၊ အဲသည်ကံဟာ အပြစ်ရှိတဲ့ ကံဖြစ်ပြီး ဖြစ်ပေါ်လာတဲ့တရားကတော့ ဆင်းရဲတရား။ လုံးဝချမ်းသာမှုကို ဖြစ်မယ့်တရား မဟုတ်ဘူး။

လောဘအကုသိုလ်ကံကြောင့် နောက်ထပ်ကံအသစ် ဖြစ်လာနိုင်တယ်။ နောက်ထပ်ကံအသစ် ဖြစ်လာဦးမယ်လို့ ဆိုရာမှာ အဲသည်ကံကို အကြောင်းပြုပြီး ဘဝသစ်တစ်ခု ရလာတဲ့အခါ နောက်တစ်ဖန် ကံအသစ်တစ်ခုကို ပြုလုပ်ဦးမယ်လို့ ဆိုနိုင်ဖို့ အကြောင်းရှိခြင်းပဲ ဖြစ်တယ်။ အဲသည်ကံဟာ ကံတွေရဲ့ ချုပ်ငြိမ်းခြင်းကို မဖြစ်နိုင်ပါဘူး။

လူတွေဟာ လောဘ၊ ဒေါသ၊ မောဟတွေကနေ အကုသိုလ်ကံတွေ ပြုကြပါတယ်။

အကုသိုလ်ကံဖြစ်တဲ့ အကြောင်းသုံးပါးရှိသလို ကုသိုလ်ကံဖြစ်တဲ့အကြောင်းသုံးပါးကလည်း ပြောင်းပြန်အဓိပ္ပာယ် ယူရမှာပါပဲ။

ကုသိုလ်ကံအကြောင်းသုံးပါးက--

အလောဘ၊ အဒေါသ၊ အမောဟပဲ ဖြစ်ပါတော့တယ်။

အလောဘကြောင့်ဖြစ်တဲ့ကံက ကုသိုလ်ကံ။

အဒေါသကြောင့်ဖြစ်တဲ့ကံက ကုသိုလ်ကံ။

အမောဟကြောင့်ဖြစ်တဲ့ကံက ကုသိုလ်ကံ။

ထိုကံကတော့ အပြစ်မရှိတဲ့တရား။ ချမ်းသာတဲ့အကျိုးကို ပေးစွမ်းနိုင်တယ်။

လောဘ၊ ဒေါသ၊ မောဟတွေ နည်းတာနဲ့အမျှ လူဟာ စိတ်ချမ်းသာလာနိုင်တယ်။ လောဘတွေချုပ်၊ ဒေါသ၊ မောဟတွေ ချုပ်လာရင် ငြိမ်းချမ်းခြင်းကို တွေ့လာမယ်။ ကုသိုလ်ကံတွေရဖို့ ကြိုးစားစိတ်တွေ ဝင်လာမှာပဲ။ တပ်မက်မှုတွေ ကင်းလာတဲ့အခါ မုန်းမှုတွေလည်း လျော့လာပါတော့တယ်။

ကံဖြစ်ပေါ်စေတဲ့ အကြောင်းတရားတွေကို သိအောင် ကြိုးစားပါ။

လောဘ၊ ဒေါသ၊ မောဟစိတ်တွေ မပြင်းထန်အောင် လုံ့လနဲ့ တည်ဆောက်ပါ။

ကြက်တစ်ကောင်သတ်တဲ့ လုံ့လပယောဂထက် နွားတစ်ကောင်သတ်တဲ့ လုံ့လပယောဂက ပိုကြီးပါတယ်။ လုံ့လပယောဂပိုပြီး များတဲ့ နွားတစ်ကောင်သတ်တဲ့ အကုသိုလ်ကံက ပိုပြီး အပြစ်ကြီးပါတယ်။

နိဗ္ဗာန်ချမ်းသာကို လိုချင်ပြီး ကံတွေပြတ်ချင်ရင် လောဘ၊ ဒေါသ၊ မောဟရဲ့ ဒုက္ခကို သိမြင်လာအောင် ရှေးဦးစွာ လေ့ကျင့်ပွားများရမှာ ဖြစ်တယ်လို့ သူတော်ကောင်းတွေက ဆိုပြောတတ်ကြပါတယ်။

ချမ်းသာကို လိုချင်ရင် မိမိရဲ့ ခန္ဓာကိုယ်ကို ဆုံးမနေခြင်းနဲ့ ရနိုင်ပါတယ်။

မိမိခန္ဓာကိုယ်မှာ ဖြစ်နေတဲ့ ကိုယ့်လောဘ၊ ကိုယ့်ဒေါသ၊ ကိုယ့်မောဟတွေကို ပြန်ပြီး ဆုံးမပါ။

မရှိတာထက် မသိတာ ခက်တယ်လို့ ဆိုပါတယ်။ ကိုယ့်ခန္ဓာကိုယ်မှာ ဖြစ်နေတဲ့ ကိုယ့်လောဘ၊ ကိုယ့်ဒေါသ၊ ကိုယ့်မောဟတွေကို ကိုယ်တိုင်မသိတာ အခက်ဆုံးပါပဲ။

ကိုယ့်လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေကို ကိုယ်သိပါ။ စိတ်ကိုသိဖို့က အရေးကြီးတယ်။

အရာရာမှာ စိတ်ဟာ ရှေ့ဆောင်ဦးစီး ဖြစ်ပါတယ်။ ဖြူစင်သန့်ရှင်းတဲ့ စိတ်နဲ့ ကြံဆောင်ပြုလုပ်အပ်တဲ့ အပြုအမူ မှန်မှုသာ ကောင်းတဲ့ကံနဲ့ ကောင်းကျိုးချမ်းသာကို ပေးဆောင် နိုင်တယ်။

ကံတွေဟာ ကိုယ်ကပဲ ဖြစ်ပေမယ့်–
ကိုယ့်ကာယကံ ကိုယ့်ထံပြန်
ကိုယ့်ဝစီကံ ကိုယ့်ထံပြန်
ကိုယ့်မနောကံ ကိုယ့်ထံပြန်ပဲ ဖြစ်တော့တယ်။

* * *

# ဥပဏ္ဏေဒကကဲ

အဖျက်ကဲ။ အဖြတ်ကဲ။

အဲ့သည် ကဲက နှောက်ယှက်တဲ့ကဲထက်တောင် ပိုဆိုးပါတော့တယ်။

နှောက်ယှက်ကဲက အကျိုးပေးနေတဲ့ကဲကို အစွမ်းလျော့သွားအောင်၊ မှိန်သွားအောင် လုပ်တာ၊ ဖြတ်မပစ်လိုက်ဘူး။

ဥပဏ္ဏေဒကကဲကတော့ ဖြတ်ကို ဖြတ်ပစ်လိုက်တာဗျ။

အဲ့သည် ကဲမှန်တဲ့ လူသတ္တဝါမှန်သမျှ အီစလံကို ဝေသွားမှာပဲ။ မထူနိုင်၊ မထောင်နိုင်အောင်ကို ဖြစ်သွားမှာပဲ။

ဥပဏ္ဏေဒက ကဲပါသူဟာ သူများလက်ချက်နဲ့လည်း ရုတ်တရက် သေတတ်တယ်။ သွားရင်းလာရင်းလည်း ရုတ်တရက် သေတတ်တယ်။

လူတွေဟာ ဥပဏ္ဏေဒကကဲကို ကြောက်ကြပါတယ်။ ကြောက်လည်း ကြောက်စရာပါပဲ။

လူ့ဘုံဟာ ကံသက်သက်ကိုသာ ရပ်တည်ပြုနေတဲ့ ဘုံမဟုတ်ဘူး။ ဉာဏ်၊ ဝီရိယထုတ်ရတဲ့ ဘုံဖြစ်တယ်။ အဲသည်လို ဉာဏ်၊ ဝီရိယထုတ်ရတဲ့ ဘုံဖြစ်ပေမယ့် ဥပစ္ဆေဒကကံ ပါလာသူ အဖို့မှာတော့ ဉာဏ်၊ ဝီရိယနဲ့ရော ရှောင်လို့ ရနိုင်ပါ့မလား။

အချိန်တန့်ရင် ခံရတာပဲ။

ကံတစ်ခု အကျိုးပေးနေခိုက်မှာ အခြားကံတစ်ခုက ဝင်ဖြတ်လိုက်တယ်။ အဲသည်မှာ အကျိုးပေးမှု ရပ်ဆိုင်းသွားတယ်။

အဲသည်လို ဖြတ်တဲ့ကံကို ဥပစ္ဆေဒကကံလို့ ခေါ်တယ်။

ရှင်မဟာမောဂ္ဂလာန်ဟာ ကောင်းကျိုးရနေတဲ့ ဘဝမှာ နောက်က အကုသိုလ်ကံက သူ့ဘဝကို လာဖြတ်တောက်ပစ် လိုက်တယ်။

ရှေးဘဝက အမိအဖကို သတ်ခဲ့တဲ့ အကုသိုလ်က ကောင်းကျိုးရနေတဲ့ ဘဝကို လာဖြတ်တာပဲ။ ခိုးသားငါးရာရဲ့ ရက်စက်မှုကို ခံရတာပဲ။

ဖြတ်တောက်လိုက်တဲ့ ကံက အကျိုးပေးဆဲ ကံကို ရပ်ကံ့ရပ်ဆိုင်းပစ်လိုက်တယ်။

အကျိုးပေးဆဲကံရဲ့ အကျိုးပေးမှု ရပ်ဆိုင်းလိုက်တဲ့အခါ အခြားကံတစ်ခု နေရာယူလာတယ်။ အဲသည်လိုမှ မဟုတ်ရင် ဖြတ်ကံ၊ ဖျက်ကံက ဆက်ပြီး နေရာယူသွားတာပဲ။

အဲသည် ဖြတ်ရာ၊ ဖျက်ရာမှာလည်း ကုသိုလ်ကံနဲ့ အကုသိုလ်ကံ နှစ်မျိုးရှိတယ်။

အချို့ဆို ကုသိုလ်ကံက အကျိုးပေးနေစဉ် အကုသိုလ်ကံက ဖြတ်ပစ်လိုက်တယ်။

အချို့ဆို အကုသိုလ်ကံက အကျိုးပေးနေစဉ် ကုသိုလ်ကံ ဖြတ်တာလည်း ရှိပြန်တယ်။

နောက်က အကုသိုလ်တွေ များလွန်းလှပြန်ရင်လည်း ရှေ့ကျမှ လုပ်တဲ့ ကုသိုလ်ကံတွေကို ဖြတ်တောက်ပစ်တာပါပဲ။

အကျိုးမပေးရသေးတဲ့ ကံအချင်းချင်းလည်း ရေများရေနိုင်၊ မီးများ မီးနိုင် စနစ်အရ တစ်ခုကိုတစ်ခု ဖြတ်တောက်ပစ်တယ်။

ဥပစ္ဆေဒကကံဆိုတာကလည်း ဘဝဟောင်းက ကိုယ်မွေးမြူလို့ ရထားခဲ့တာပါ။

နောက်ဘဝတွေမှာ ဥပစ္ဆေဒကကံ မဖျက်မဖြတ်နိုင်အောင် အကုသိုလ်ကံတွေ မပြုမိဖို့ အရေးကြီးလှပါတော့တယ်။

**အကောင်းအဆိုး၊ အကျင့်မျိုးကား**
**ဖြစ်ကျိုးပေးနေ၊ ရှိမြဲပေတည်း**
**နဘောဥမင်၊ ပင်လယ်ပြင်၌**
**အောင်းဝင်ပုံတက်၊ ကံဝိပါက်မှ**
**လွတ်ကွက်လွတ်ရာ၊ မရှိစွာခဲ့။**

**(မဃဒေဝ-၂၃)**

* * *

## နောက်ဆုံးထွက်သက်နီးမှ ပြုသောကံ

ကံတွေဟာ အမှန်အရေးကြီးတယ်။

ဘဝတစ်လျှောက်လုံး ပြုနေတဲ့ ကံတွေက မှန်ဖို့ လိုသလို နောက်ဆုံးထွက်သက်နီးမှ ပြုတဲ့ကံကလည်း မှန်ဖို့လိုတယ်။

လူတွေသေတော့ ခေါင်းထဲဘာပါသွားသလဲ။ အဝတ်တစ်စုံ၊ ကူးတို့ခ၊ မီးမီးရဲ့ သုံးမရတော့တဲ့ ရုပ်ကြီး။

ဘဝတစ်ခုကိုတော့ ဘာပါသွားသလဲ။

ဘဝသစ်ကို ကိုယ်ပိုင်ဥစ္စာစစ်စစ်သာ ပါသွားရပါတယ်။ အဲသည် ကိုယ်ပိုင်ဥစ္စာစစ်စစ်ကလွဲလို့ ဘာမှ ယူသွားလို့ မရပါဘူး။

ကိုယ်ပိုင်ဥစ္စာက ဘာလဲ၊

ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေပါပဲ။ (ကမ္မဿကာ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ။)

ကိုယ့်ဥစ္စာနဲ့ ကိုယ်အရင်းတစ်ခါထပ်တည်ပြီး နောက်ဘဝတစ်ခုကို တည်ဆောက်ရတယ်။

သေခါနီးမှာ ပြုလုပ်တဲ့ကံကို (အာသန္နကံ) လို့ ခေါ်ပါတယ်။ နောက်ဆုံးအချိန်တွေမှာ ပြုတဲ့ကံ။ လောကကြီးကို နောက်ဆုံး နှုတ်ဆက်ချိန်မှာလည်း ကိုယ်လိုချင်တဲ့ကံ ကိုယ်ယူလို့ရပါတယ်။ သေခါနီးမှာလည်း ကံကို ယူတတ်ဖို့ လိုပါတယ်။

သေခါနီး အချိန်ကာလမှာ အသစ်ပြုလုပ်တဲ့ ကံသာလျှင် အာသန္နကံ ဖြစ်တယ် မဟုတ်သေးပါဘူး။ ရှေးက ပြုခဲ့တဲ့ ကံကိုပဲ ပြန်လည်အောက်မေ့ပြီး မနောကံနဲ့ ထပ်ဆင့်ပွားတဲ့ ကံကလည်း အာသန္နကံမျိုးပဲ ဖြစ်တယ်။

ကံကြီးငါးပါးကို ကျူးလွန်တဲ့ ကံမရှိရင်၊ နိယတ မိစ္ဆာဒိဋ္ဌိကံတွေသာ မရှိရင် အာသန္နကံက ဦးစွာ အကျိုးပေးတယ်။

သေခါနီးပြုတဲ့ အာသန္နကံဟာ ဂရုကံသာ မရှိရင် အခြားကံတွေထက်ကို ဦးစွာ အကျိုးပေးတဲ့ကံ ဖြစ်တယ်။

ဂရုကံတွေက အားကောင်းတော့ ဦးစွာ အကျိုးပေးခွင့်ရတယ်။ ဂရုကံပြီးရင် အာသန္နကံဟာ အားအကောင်းဆုံး ဒုတိယနေရာလို့တော့ ပုံသေမဆိုနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အာသန္နကံထက် အာစိဏ္ဏကံက ပိုအားကောင်းလို့ပဲ။ ထပ်၊ ထပ်ပြီး အကြိမ်ကြိမ် အဖန်ဖန် လုပ်တဲ့ အာစိဏ္ဏကံဆိုတာ အားအလွန်ကောင်းပါတယ်။

လောကမှာ သေခါနီးမှပဲ အာသန္နကံရအောင် ကြိုးစားမယ်။ ငယ်တုန်းတော့ အကုသိုလ်လေး နည်းနည်းတော့ လုပ်မယ်။

အကုသိုလ်နဲ့ စီးပွားရှာလိုက်ဦးမယ်လို့ တွေးရင် အပါယ်ငရဲကိုသာ ရောက်မှာပါပဲ။

ဘာပဲလုပ်လုပ် သေခါနီးသာ အရေးကြီးတယ်ဆိုတဲ့ စကားဟာ မှန်တာရှိသလို မှားတာလည်း ရှိပါတယ်။ သေခါနီး အရေးကြီးတာ မှန်ပေမယ့် ဘာပဲလုပ်လုပ် ဆိုတာကြီးကတော့ မှားကို မှားပါတယ်။

မဟုတ်တာကို အကြိမ်ကြိမ် အထပ်ထပ် ပြုခဲ့တဲ့ လူတွေဟာ သေခါနီးမှာ မဟုတ်တာဘဲ အာရုံနိမိတ်ထင်ဖို့ များပါတယ်ဗျာ။

နှစ်ပေါင်းများစွာ အတူနေခဲ့သူနဲ့ ခုနစ်ရက်တစ်ပတ်သာ ပေါင်းမိသူကို နှစ်ယောက်တစ်ပြိုင်နက် တွေ့ရင် ဘယ်သူ့ကို မှတ်မိမှာလဲ။ နှစ်ပေါင်းများစွာ နေခဲ့တဲ့သူကိုပဲ မှတ်မိမှာပေါ့။

အထပ်ထပ် ပြုလုပ်ခဲ့တဲ့ ကံဟာ နီးမှ ပြုလုပ်တဲ့ကံထက် အားကောင်းရမည်မှာ ဓမ္မတာပါ။

အာသန္နကံက ဘာနဲ့ တူသလဲဆိုတော့ စာမေးပွဲနီးမှ စာကျက်တာနဲ့ တူတယ်။ တစ်ပွဲထိုးပဲ။ တစ်ပွဲထိုး နွှဲတာက အပိုင်ကျက်ထားတာလေးတွေနဲ့ တိုးရင်တော့ အောင်မှတ် ရတာပေါ့။ မတိုးလရင်တော့ အကျိုးနည်းပါပြီ။ စာမေးပွဲနီးမှ ကျက်တာဟာ မှန်မှန်ကျက်ခဲ့သူ၊ ပြည့်စုံသူနဲ့ မတူပါဘူး။

စာရေးသူအတွေးမှာတော့ အာစိဏ္ဏကံများစွာ ပြုပြီး သေခါနီးမှာ အာသန္နကံနဲ့ အားဖြည့်တာ အကောင်းဆုံးပဲ။

သေခါနီးကာလမှာ အာသန္နကံ အရေးကြီးတာ မှန်ပေမယ့် တစ်သက်လုံး လုပ်တာတွေက အကုသိုလ်တွေ များနေရင် ကောင်းတဲ့ အာရုံမြင်ဖို့ထက် မကောင်းတဲ့ အာရုံမြင်ဖို့က သေချာပါတယ်။

(ဥပရိပဏ္ဏာသ-ဋီကာ၊ ပဏ္ဍိတသုတ်)မှာ--

'ကြီးမားသော တောင်ထွတ်တောင်ထိပ်တို့သည် နေဝင်ခါနီး အချိန်၌ မြေပြင်သို့ အရိပ်ထိုးလာရသကဲ့သို့ ဒုစရိုက်သမားတို့လည်း သေခါနီးကာလ၌ မိမိတို့ ကျူးလွန်ခဲ့သော မကောင်းမှုအရိပ်နိမိတ်တို့သည် ဝဲကာ ပျံကာ ထင်ပေါ်လာကြသဖြင့် ကြောက်ရွံ့ထိတ်လန့် စိုးရိမ်ပူပန်ကြ၏'လို့ ဆိုပါတယ်။

လောကမှာ ကောင်းတာတွေလုပ်ခဲ့၊ ကုသိုလ်အချို့ ရခဲ့သည်တောင်မှ အပါယ်ဘေး၊ ငရဲဘေးက လွတ်ချင်မှ လွတ်ပါတယ်။ ရှိတဲ့ အကုသိုလ်လေးတွေ ခံရပါသေးတယ်။

ဥပမာပြရရင် တိဿမထေရ်၊ သိရိဓမ္မာသောကမင်းကြီး၊ ပြီးတော့ မလ္လိကာ။

တိဿမထေရ်ကြီး ခုနစ်ရက်သန်းဘဝ၊ မလ္လိကာမိဖုရားက ငရဲခုနစ်ရက်။

သူတို့တွေဟာ ကောင်းမှုတွေ ရှိပေမယ့် ရှိတဲ့ အပြစ်ကလေးတော့ ခံကြရသေးတယ်။ အခိုက်အတန့် ခံရပါသေးတယ်။

သေခါနီးစိတ်ထားတတ်ဖို့ အရေးကြီးသလို မသေခင်

အသက်ရှင်နေ့ရက်များမှာ နေတတ်ဖို့ကလည်း အလွန့်အလွန်ကို အရေးကြီးတာပါ။

စာရေးသူသိရတဲ့ အဖြစ်အပျက်တစ်ခုမှာ–

မန္တလေးမြို့က အလွန်ချမ်းသာတဲ့ ကုန်သည်ကြီး တစ်ယောက်ဟာ သေခါနီးမှာ သားသမီးတွေကို ကယောင် ကတမ်း ပြောနေတယ်။ ငါ့ကို ကျွေးတွေ လာတောင်းနေပြီ၊ တောင်းနေပြီလို့ အထပ်ထပ်အခါခါ ပြောနေတယ်။ အဲသည်မှာ သားသမီးတွေက အံ့သြပြီး ဘယ်က ကျွေးတွေ လာတောင်းရမှာလဲ အဖေ။ အဖေရစရာတွေအောင်မှ စာရင်းအတိုင်း နည်းတာမှ မဟုတ်တာလို့ ပြောပြလည်း မရဘူး။ သူ့နှုတ်က ကျွေး လာတောင်းနေပြီလို့ပဲ ပြောနေတယ်။ သူဌေးကြီးဟာ ဘယ်ဘဝက အာရုံနိမိတ်တွေ ထင်နေသလဲ မသိပါဘူး။

ပြီးတော့ ထင်ရှားတဲ့ ဘောလုံးနည်းပြဆရာတစ်ယောက်။

သူဟာ သေခါနီးကာလမှာ "ငါးတွေ လွှတ်ကုန်ပြီ၊ အင်းပေါက်တော့မယ်၊ တိုင်တွေလဲတာ လုပ်ကြဦး" လို့ ထူးဆန်းတဲ့ စကားတွေ ပြောနေတယ်။ မိသားစုအားလုံးက အံ့သြနေကြတယ်။ သူတို့အဖေဟာ အားကစားအကျော်အမော်ပဲ။ အင်းလုပ်ဖို့ မပြောနဲ့၊ ငါးတစ်ကောင်မျှားတာတောင် မတွေ့ဖူးပါဘူး။ သူဟာလည်း သေခါနီးမှာ ဘယ်လိုအာရုံနိမိတ်တွေ ထင်ကုန်လည်း

မသိပါဘူး။ မိသားစုက တရားတိတ်ခွေ ဖွင့်ပေးထားလည်း သူပြောချင်ရာပဲ ဆက်ပြောနေပါတယ်။

လူတစ်ယောက် သေခါနီးအချိန်မှာ မိတ်ဆွေကောင်း၊ မိသားစုကောင်း ပီသချင်ရင်--သေခရီးကိုထွက်မယ့်လူ အာရုံကောင်းဖို့ ကုသိုလ်ကောင်းမှု အလှူအတန်းပြုပေးပါ။ တရားမေ့စကားနဲ့ အားပေးစကားပြောပါ။ ကက်ဆက်ရှိရင် တရားတိတ်ခွေဖွင့်ထားပေးပါ။ သံဃာတော်တွေ ပင့်ဖိတ်ပြီး ရွတ်ဖတ်ပါ။

သေခါနီးပြုလုပ်တဲ့ ကံသာမက သေခါနီးမှာ အောက်မေ့သတိရတဲ့ ကံကိုပါ အာသန္နကံလို့ ဆိုထားပါတယ်။

ပြန်သတိရတာဟာ ဘဝတစ်လျှောက် မိမိကိုယ်တိုင် အဖန်ဖန် အထပ်ထပ် ပြုတဲ့အမှုကို သတိရတတ်တယ်။ အာစိဏ္ဏကံကို အားထပ်ဖြည့်တဲ့သဘော။ မေ့တယ်ဆိုတာမျိုးက ဦးရေနည်းပါတယ်။ ကောင်းတာတွေလုပ်ခဲ့ပြီး သေခါနီးမှ ကောင်းတဲ့ အာရုံမေ့နေတယ်ဆိုတာ ဦးရေနည်းလှပါတယ်။

တံငါသည် တစ်ယောက်ဟာ နှစ်ပေါင်းများစွာ ငါးမျှားခဲ့တယ်။ သေခါနီးမှာ စူဠပိဏ္ဍပါတိကတိဿမထေရ်ထံမှာ သရဏဂုံ ဆောက်တည်တယ်။ အဲသည် ဒမိဠဒေါဝါရိက ဆိုတဲ့ ဘံငါသည်ဟာ နတ်ဖြစ်သွားပါတယ်။ အံ့ဩစရာပါပဲ။

နောက်တစ်ဦးကတော့ မုဆိုးကျော်ပါ။ သူလည်း နှစ်ပေါင်းများစွာ သားကောင်တွေ သတ်ခဲ့တယ်။ ဒါပေမယ့်

သူ့ရဲ့သား သောဏာမထေရ်က ဖခင်ကို အသက်ကြီးတော့ ရဟန်းပြုပေးတယ်။ အတင်းအကျပ် ရဟန်းပြုပေးခဲ့တယ်။ အဲသည် ရဟန်းကြီးဟာ သေခါနီးတော့ ခွေးနက်ကြီးတွေ လာကိုက်မှာ မြင်ပြီး ငရဲနိမိတ်တွေ ထင်နေတယ်။ ခွေးတွေကို မောင်းနိုင်းနေတယ်။

သားရဟန်းသောဏာမထေရ်က ဖခင်ကို ညောင်စောင်းနဲ့ စေတီတစ်ဆူကို ခေါ်လာတယ်။ ပြီးတော့ ပန်းတွေပေးပြီး ရှိခိုးကြည်ညိုဖို့ မှာပါတယ်။ စိတ်ကိုလည်း ကြည်လင်စွာ ထားဖို့ တိုက်တွန်းတယ်။ အဲသည်မှာ မုဆိုးဟောင်း ရဟန်းကြီးဟာ ငရဲနိမိတ်ကနေ ပြောင်းပြီး နတ်ပြည် နိမိတ်တွေ ထင်လာတယ်။ သားသူတော်ကောင်းကို မှီခိုရတာကြောင့် တစ်သက်လုံး အကုသိုလ်တွေ လုပ်ခဲ့ပေမယ့် ဘဝကူးကောင်းသွားတာဟာ အာသန္နကံကြောင့် ဖြစ်ပါတော့တယ်။

အကုသိုလ်ကံတွေကနေ ဘယ်လိုကောင်းတဲ့ အာသန္နကံ ဖြစ်သွားသလဲ ဆိုတာ အံ့သြစရာ ဖြစ်တော့တယ်။

သေခါနီးမှ ကောင်းသွားသလို၊ သေခါနီးမှ ဆိုးသွားတာလည်း ရှိပါတယ်။

အဲသည် ဥပသကာရဲ့ အမည်က မဟာဝါဓကောလ။ သုံးဆယ့်နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်းကို အနှစ်သုံးဆယ် စီးဖြန်းတယ်။ ဒါပေမယ့် တရားမရပါဘူး။ တရားမရတော့ ဘုရားသာသနာကို

အထင်လွဲသွားတယ်။ အဲသည် အကုသိုလ်အာသန္နကံကြောင့် မဟာဂင်္ဂါမြစ်မှာ မိချောင်းပြိတ္တာဖြစ်တယ်။ သေခါနီးမှာ အယူဖောက်ခဲ့တဲ့အတွက် တစ်လွဲတွေ ဖြစ်သွားရရော။

သူ့ရဲ့ အနှစ်သုံးဆယ်ကြီးတောင် ပြုခဲ့တဲ့ ဘာဝနာကုသိုလ်တွေဟာ အာစိဏ္ဏကံတွေပါ။ အဲသည်ကံတွေဟာ သေခါနီးမှ ဖောက်တော့ ပျောက်သွားရတာ နမြောစရာပါပဲ။

ကံဟာ သေခါနီးထိ မှန်ဖို့ အရေးကြီးလှပါတယ်။ အာရုံလွဲတာနဲ့အမျှ အယူဖောက်တာနဲ့အမျှ ကပေါက်ကယောက်တွေ ဖြစ်ကုန်တော့တာပါပဲ။ သေခါနီးမှာ ဘဝအရိပ်ဘယ်ကို လားမယ်ဆိုတာ ထင်စမြဲ။ ကိုယ့်ရဲ့ ကုသိုလ်လေးတွေကြောင့် နိမိတ်ကောင်းထင်နေချိန် အခြားအကုသိုလ်က ဝင်ဖြတ်ရင် နိမိတ်ကောင်းပျောက်၊ နိမိတ်ဆိုးရောက် အပါယ်ချောက်ရောက်ရော။

အဲသည်သဘောပဲ။ အကုသိုလ်ကံတွေကြောင့် နိမိတ်ဆိုးတွေ ထင်နေ၊ ပြနေချိန် ကုသိုလ်ကံတစ်ခု ဝင်ရောက်ဖြတ်တောက်လိုက်ရင် နိမိတ်ဆိုးပျောက်၊ နိမိတ်ကောင်းရောက်တော့ လူ့ဘုံရောက်၊ နတ်ဘုံရောက် ဖြစ်ချင်ဖြစ်သွားတော့တယ်။

လောကမှာ မသေခင်လည်း အရေးကြီး၊ သေခါနီးလည်း အရေးကြီးပါတယ်။

* * *

## သေချိန်နီးမှာ ထင်လာတဲ့ နိမိတ် (၃)မျိုး

ရေပြင်မှာပဲသေသေ၊ မြေပြင်မှာပဲသေသေ၊ ဝေဟင်မှာပဲ သေသေ၊ ဘယ်နေရာမှာ ဘယ်လိုသေသေ၊ လူတစ်ယောက် သာမက သတ္တဝါတွေပါ သေချိန်နီးအခါမှာ ထင်လာတဲ့ နိမိတ် (၃)မျိုးရှိပါတယ်။

အချိန်လေးရရင် ရသလောက် နိမိတ်ကလေး မြင်သွားတာ ပါပဲ။ နိမိတ်က သေမယ့် အရိပ်ပြတတ်တာမျိုးလည်း ရှိတယ်။

ကာမဆယ့်တစ်ဘုံမှာ ဖြစ်တဲ့ သတ္တဝါတိုင်းဟာ သေချိန် နီးချိန်မှာ နိမိတ်တစ်ခုခု၊ ထင်မြဲပေါ်မြဲဖြစ်တယ်။

အဲသည် နိမိတ် (၃)မျိုးကတော့--

၁။ ကံ

၂။ ကမ္မနိမိတ်

၃။ ဂတိနိမိတ် တို့ပဲ ဖြစ်တယ်။

အိပ်ရာထဲမှာ ပက်လက်လက်ကလေး သေတာမဟုတ်ဘဲ ဓားနဲ့ တိခနဲသေသေ၊ လှံနဲ့ ပြတ်ခနဲသေသေ၊ ကားတိုက်လို့ ကွိခနဲသေသေ၊ ရထားတိုက်လို့ ပိပဲသေသေ၊ သေသူအားလုံးဟာ နိမိတ်တစ်မျိုးမျိုးထင်ပြီး သေသွားကြပါတယ်။

ဥပမာ–သိစိတ်ဆိုတာက အာရုံရှိက ပေါ်စမြဲ မဟုတ်ပါလော။ အဲသည်လို တိခနဲ၊ အိခနဲ၊ ကွိခနဲသေရချိန်မှာလည်း သူ့သိစိတ်နှင့် သူ့အာရုံပေါ်နေပါတယ်။ အဲသည်လို သေချိန်နီးပေါ်တဲ့ အာရုံဟာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့မှာ တစ်ခုခု ဖြစ်ပါတယ်။

ဘာကြောင့်လဲ။ ကံအစွမ်းကြောင့် ဖြစ်တယ်။

(ကမ္မဗလေန) ကံအစွမ်းကြောင့်။

သဘောက မိမိတို့ ပြုခဲ့ကြစဉ်က ဖြစ်တဲ့ ထက်သန်တဲ့ စေတနာအဟုန်၊ ဆန္ဒအဟုန် အစွမ်းသတ္တိကြောင့်ပဲ။

အဲတာကြောင့် သေခါနီးအချိန်မှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တွေ ထင်တာ ဖြစ်တယ်။

### ၁။ ကံ

ကံဆိုတာ စေတနာ။ ပြုခဲ့စဉ်က စေတနာတွေ။ ကိုယ်ပြုခဲ့စဉ်က စေတနာမျိုးတွေ ဖြစ်ပါတယ်။

ကိုယ်တိုင်ပြုခဲ့စဉ်က စေတနာမျိုး စိတ်မှာ ပေါ်တာကို ကံအာရုံပေါ်တယ်လို့ ဆိုတယ်။

ကံအာရုံက ဘယ်လိုဥပမာမျိုးလဲ။ ကံအာရုံကို ဥပမာပြရင်–

ကိုယ်ပြုခဲ့တဲ့ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ကထိန်၊ ရှင်ပြု၊ ဆင်းရဲသူ၊ ဒုက္ခရောက်သူတွေကို လှူဒါန်းပြုစု၊ ကူညီစဉ်က စေတနာမျိုး။

*ကြည်နူးဝမ်းမြောက်မှုမျိုး၊ နှစ်သိမ့်မှုမျိုးတွေ ပြန်ပေါ်လာတာကို ဆိုတယ်။ ကုသိုလ်လုပ်ခဲ့တာတွေ ကောင်းမှုလုပ်ခဲ့တာတွေလို့ပဲ ဆိုရမှာပေါ့။

အဲသည်လို ကုသိုလ်တွေ ပေါ်သလို အကုသိုလ်ကံပြုသူ တွေကလည်း လုတာ၊ သတ်တာ၊ လိမ်တာ၊ ခိုးတာ၊ အရက်သေစာသောက်တာ၊ မိုက်ခဲ့တာတွေ စတာတွေ ပေါ်တယ်။ အကုသိုလ် စေတနာတွေ ပေါ်ပါတယ်။ ကြမ်းတမ်းခက်ထန်မှု၊ ဒေါသပြင်းပြမှု၊ တုန်လှုပ်ချောက်ချားမှုတွေ စိတ်မှာ ပေါ်လာတာကို ကံအာရုံပေါ်တယ်လို့ ဆိုတယ်။

အကုသိုလ်ကံကြီး အကျိုးပေးတော့မယ့် လူတွေ သေခါနီးမှာ ပိုရုပ်ပျက် ဆင်းပျက်ဖြစ်တတ်တယ်လို့ ကြားဖူးပါတယ်။

အကုသိုလ်ကံကြီး အကျိုးပေးတော့မယ့်သူမှာ အကုသိုလ် ကံရိပ်ကြီးဟာ ညအခါ ကြီးစွာသော မိုးတိမ်ရိပ်ကြီး မြေပြင်ကို ထိုးကျလာသကဲ့သို့ ဘဝကူးတော့မယ့် လူရဲ့ စိတ်မှာ ထင်ပေါ် လာတယ်လို့ ဆိုတယ်။

အတိတ်ဘဝက ယှဉ်ကပ်ပါလာတဲ့ ကံတွေ၊ ဘဝ

တစ်လျှောက်လုံး ပြုခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေဟာ ကိုယ့်သန္တာန်မှာ အပြည့်ယှဉ်ကပ်ပါလာတယ်။

သူတော်ကောင်းတွေဟာ သေခါနီးမှာ ကောင်းတဲ့ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တွေ အာရုံထဲမှာ ထင်စေချင်လို့ ကောင်းတဲ့ကံတရားတွေကို များများလုပ်နေကြရတာပေါ့။

## ၂။ ကမ္မနိမိတ်

ကမ္မနိမိတ်ကတော့ ကိုယ်ပြုခဲ့စဉ်က ပါဝင်ခဲ့တဲ့ ဝတ္ထုပစ္စည်းတွေပဲ။

ကိုယ်လှူခဲ့တဲ့ ဝတ္ထုပစ္စည်းတွေ၊ အသုံးအဆောင်တွေ၊ နေရာတွေ ပြန်မြင်တာကို ကမ္မနိမိတ် ဖြစ်တယ်။

ဥပမာပြရရင် ကုသိုလ်ပြုစဉ် လှူခဲ့တဲ့ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ပြီးတော့ ရှင်ပြုစဉ်က ပါဝင်ခဲ့တဲ့ ရှင်လောင်းတွေ၊ ပရိက္ခရာတွေ၊ ကိုယ်ခင်းခဲ့တဲ့လမ်း၊ ကိုယ်ဆောက်ခဲ့တဲ့ တံတားစတဲ့ ဝတ္ထုပစ္စည်း နိမိတ်အမှတ်အသားတွေ ဖြစ်တယ်။

ကမ္မနိမိတ်မျိုးဟာ သေခါနီးမှ မြင်တာမဟုတ်ဘဲ မသေသေးဘဲ အိပ်မက်မက်ချိန်မှာလည်း မြင်တတ်ကြောင်း ကြားသိဖူးပါတယ်။

အကုသိုလ်ကမ္မနိမိတ်တွေကတော့--

ကိုယ်မိုက်စဉ်က သုံးခဲ့တဲ့ ဝတ္ထုပစ္စည်းတွေ နေရာတွေ၊ သားကောင်တွေ၊ လူတွေသတ်ခဲ့ရင် သတ်ဖြတ်ခဲ့တဲ့ သားကောင်တွေ၊ မချိမဆန့် လှုပ်ရှားနေတာတွေ၊ သွေးသံရဲရဲနဲ့ လူးလွန့်အော်နေတာတွေ၊ ကိုယ်တိုင်ရက်စက်ခဲ့ပုံတွေ၊ ခိုးစဉ်က ကိုယ့်လှုပ်ရှားမှု၊ လိမ်ပြောစဉ်က ယူခဲ့ပုံတွေ ပြန်ထင်တာ ကမ္မနိမိတ်ပဲ ဖြစ်တယ်။

## ၃။ ဂတိနိမိတ်

ဂတိနိမိတ်ကတော့ ဘယ်ခရီးကို ဆက်ရမယ်ဆိုတဲ့ အာရုံပဲ။

တစ်နေရာရာကို ရောက်ရမယ့် အာရုံဖြစ်တယ်။ သံသရာခရီး ဆက်ရမယ့် အာရုံဖြစ်တယ်။

ရောက်လတ္တံ့၊ ဖြစ်လတ္တံ့ ဘဝအာရုံ ဖြစ်ပါတော့တယ်။

နတ်ဘုံလား၊ ငရဲဘုံလား။

မိခင်ဝမ်းလား၊ တိရစ္ဆာန်လား။

ကိုယ့်ရဲ့ကုသိုလ်၊ အကုသိုလ် အလိုက် ခရီးဆက်ရမယ့်၊ ရောက်ရမယ့်၊ ဖြစ်ရမယ့် ဘဝအာရုံ ဖြစ်ပါတော့တယ်။

လူ့ဘုံ လူ့ဘဝကိုရောက်ရင် ကမ္ဗလာနီအဆင်းရှိတဲ့ မိခင်ဝမ်းရေ အာရုံထင်သတဲ့။ ပန်းဥယျာဉ်တွေ၊ ဗိမာန်တွေ၊ လှပတဲ့ နတ်သမီး နတ်သား၊ နတ်အသုံးအဆောင်တွေမြင်ရင် နတ်ဘဝရောက်မှာ ဖြစ်တယ်။

လင်းတကောင်ကြီးတွေ၊ ခွေးနက်ကြီးတွေ၊ ဆိပ္ပူအိုးတွေ၊ ငရဲသားတွေ၊ မီးတောက်မီးလျှံ၊ ပိုးလောက်တွေ မြင်ရင် ငရဲလမ်းကို မြန်းရ၊ ရောက်ရတော့မှာ ဖြစ်တယ်။

ဂတိနိမိတ်ဆိုတာ ရောက်ရ၊ ဖြစ်ရမယ့် ဘဝအာရုံ ဖြစ်တယ်။

* * *

## ကုသိုလ်ကံ အကုသိုလ်ကံ အထွေထွေ

'ကံ' ဆိုတာက အထွေထွေ များလှပါတယ်။ အလွန်ကျယ်ဝန်းနက်နဲပါတယ်။ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကလည်း အထွေထွေပါပဲ။

ကောင်းတာလုပ်ရင် ကုသိုလ်ကံ၊ မကောင်းတာလုပ်ရင် အကုသိုလ်ကံ ဆိုတာကတော့ လူတိုင်းလို သိမှာပါပဲ။ ဒါပေမယ့် ဘယ်ကံကမှ ဘယ်လိုကူတတ်၊ ဘယ်ကံက ဘယ်လိုဖြတ်တတ်၊ ဘယ်ကံက အဟောသိကံ ဖြစ်တယ်ဆိုတာကတော့ အချိန်ယူ လေ့လာမှကို ရပါ့မယ်။

(ခြွင်းချက်) စာရေးသူကိုယ်တိုင် လေ့လာမှတ်သားဆဲ ဖြစ်ပါတယ်။

သတ္တလောကကြီး တစ်ခုလုံးကို ကံက ခြယ်လှယ်နေတဲ့ အတွက် ကံသဘောကို သိနိုင်သလောက် သိအောင် ကြိုးစားမှ လူ့ဘဝပီပြင်မယ်။

ငရဲရောက်တာ ကံ၊ နိဗ္ဗာန်ရောက်တာ ကံပါပဲ။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ရောက်တာလည်း ကံပဲ။

ဘုရားရဟန္တာတွေကတော့ ဘဝလွတ်မြောက်မှု ရတဲ့အတွက် ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကို စွန့်ပယ်ပြီး ဖြစ်တယ်။

ကံမှာ အားကောင်းတဲ့ကံလည်း ရှိပါတယ်။

'ဆဋ္ဌ အင်္ဂုတ္တိုရ် နိဗ္ဗေဓိကသုတ်'မှာ–

စေတနာကို ကံဟု ငါဘုရားဟော၏။ စေတနာဖြင့် စေ့ဆော်၍ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် အမှုကိစ္စကို ဆောင်ရွက်၏လို့ ဟောကြားခဲ့ပါတယ်။

စေတနာပါမှ ကံဖြစ်တယ်။ စေတနာမပါရင် ကံမဖြစ်ပါဘူး။ ကုသိုလ်ဖြစ်မယ့် စေတနာ၊ အကုသိုလ်ဖြစ်စေမယ့် စေတနာတွေပါပဲ။

ကံကို အကျိုးပေးချိန် ကာလပိုင်းခြားမှု (၄)မျိုး ကွဲပြားပါတယ်။

၁။ ဒိဋ္ဌလက်ငင်း အကျိုးပေးတဲ့ ကံလည်း ရှိတယ်။

၂။ ဒုတိယဘဝမှာ အကျိုးပေးတဲ့ကံလည်း ရှိတယ်။

၃။ တတိယဘဝမှ စပြီး အကျိုးပေးတဲ့ကံလည်း ရှိတယ်။

၄။ အကျိုးပေးခွင့် လုံးဝမရတဲ့ ကံလည်း ရှိပါတယ်။

ပြီးတော့ အစဉ်လိုက် အကျိုးပေးတာလည်း ရှိပါတယ်။ ကံလေးပါးဟာ အစဉ်လိုက် အကျိုးပေးကြတယ်။

၁။ ဂရုတံ–မီဘ၊ ရဟန္တာသတ်ခြင်း၊ သံဃာသင်းခွဲခြင်း၊ ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုခြင်း၊ နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်တံတယ်။

၂။ အာသန္နကံ–သေချိန်နီးပြုတဲ့ကံ။

၃။ အာစိဏ္ဏကံ–အမြဲလေ့ကျင့် ထပ်ခါလုပ်တဲ့ကံ။

၄။ ကဋတ္တာကံ–အတိတ်နဲ့ပစ္စုပ္ပန်မှာ သာမန်ပြုတဲ့ကံ၊ နောက် ဘဝ ပဋိသန္ဓေ အကျိုးပေးတဲ့ကံပဲ။

ဘယ်လိုကံ (၄)ပါး အစဉ်လိုက် အကျိုးပေးသလဲဆိုတော့– ဂရုကံ မရှိမှ အာသန္နကံ အကျိုးပေးတယ်။

အာသန္နကံ မရှိမှ အာစိဏ္ဏကံ အကျိုးပေးတယ်။ အာစိဏ္ဏကံ မရှိမှ ကဋတ္တာကံ အကျိုးပေးတယ်။

လောကမှာ ကံကောင်းအောင်ဆိုတာ သူများက လုပ်ပေးဖို့ မရပါဘူး။ ကိုယ်တိုင်လုပ်မှ ရပါတယ်။

သက်ရှိမှန်သမျှဟာ ကံနဲ့ မကင်းကြပါဘူး။ ကံနဲ့ မကင်းသလို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ အချိန်ကာလ (၃)ရပ်နဲ့လည်း မကင်းဘူး။

အချိန်ကာလ (၃)ရပ် ဆက်နွယ်နေတော့ ကောင်းကံ ဆိုတာကို နောက်မှ လုပ်မယ်လို့ အချိန်ဆွဲနေလို့ မရပါဘူး။ အတိတ်ကံမကောင်းခဲ့ရင် ယခုအားနည်းနေပြီး ယခုအားနည်း နေရင် နောင်အားနည်းမှာ ဖြစ်ပါတယ်။

'မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ကုက္ကုရဝတိကသုတ်' မှာ ဗုဒ္ဓမြတ်စွာ ဟောထားတာက--

ကံ (၄)ပါးကို အဖြူ အမည်း ခွဲခြားထားပါတယ်။

၁။ အမည်းကံ-မည်းညစ်၍ မည်းညစ်သောအကျိုးကို ပေးသောကံ (အကုသိုလ်ကံ)

၂။ အဖြူကံ-ဖြူစင်၍ ဖြူစင်သောအကျိုးကို ပေးသောကံ (လောကီကုသိုလ်ကံ)

၃။ အဖြူအမည်းကံ=အမည်းအဖြူရောသည်ဖြစ်၍ အမည်း အဖြူ ရောသော အကျိုးကို ပေးသောကံ (ကုသိုလ်ရော၊ အကုသိုလ်ရော ရောသောကံ။)

၄။ မဖြူ၊ မမည်းကံ=အမည်းအညစ်လည်း မဟုတ်၊ အဖြူလည်း မဟုတ်သောကံ (မဂ်စေနာကံ)။

လူမှာ ကံသာလျှင်ကိုးကွယ်ရာဆိုတဲ့ အချက်ကို အမြဲမပြတ် ဆင်ခြင်အပ်ပါတယ်။

ကံကို ကိုးကွယ်ရင် ကိုယ့်ကိုယ်ကို ဂရုစိုက်လာမယ်၊ ထိန်းသိမ်းလာမယ်။ သုစရိုက်တွေကို ပိုမိုကြိုးစားလာတဲ့အခါ ကိုးကွယ်ရာအစစ်ဖြစ်တဲ့ ရတနာမြတ်သုံးပါးကိုလည်း မေ့မှာ မဟုတ်တော့ဘူး။ သရဏဂုံကိုပါ ခိုင်မြဲလာတော့မှာပါပဲ။

မြတ်စွာဘုရားက (ကမ္မပဋိသရဏာ) ကံသာလျှင် ကိုးကွယ်ရာလို့ ဟောခဲ့ပါတယ်။

ကံက နယ်ပယ်က ကျယ်တယ်။ ကံဟာ ကျယ်ဝန်းနက်ရှိုင်းလေးနက်တဲ့အတွက် မြတ်စွာဘုရားက ဟောခဲ့တာ ဖြစ်တယ်။

ရတနာ (၃)ပါး ကိုးကွယ်ရာဆိုတာ သာသနာတွင်းမှာပဲ။ သာသနာပ,ရင် ရတနာ (၃)ပါး ကိုးကွယ်မှု မရှိတော့ဘူး။ ကံဆိုတာ သာသနာတွင်း၊ သာသနာပ ကိုးကွယ်ရာ ဖြစ်နေတော့တယ်။

မကောင်းလည်းကံ၊ ကောင်းလည်းကံပဲ။

ယခင်ကံကောင်းလို့၊ ယခုကံကောင်း

ယခုကံကောင်းတော့၊ နောင်ကံကောင်း။

ကိုယ့်ကံကြမ္မာ၊ ကိုယ်ဖန်တီးတယ်။

ကံမှာ လက်ငင်းဒိဋ္ဌ အကျိုးရတဲ့ကံလည်း ရှိတယ်။ ဒုတိယဘဝမှာ အကျိုးရတဲ့ကံလည်း ရှိတယ်။ ဘဝအဆက်ဆက် အကျိုး လိုက်ပေးနေတဲ့ ကံလည်း ရှိတယ်။ 'အဟောသိကံ' ဆိုတာလည်း ရှိတယ်။ အကျိုးပေးနိုင်တဲ့ ပင်မကံဖြစ်တဲ့ 'ဇနက' ကံလည်း ရှိတယ်။ 'ပစ္စာနန္တရိယ' ကံလည်း ရှိတယ်။ ပြီးတော့ ထောက်ပင့်ကံဖြစ်တဲ့ 'ဥပတ္ထမ္ဘကကံ' ဆိုတာလည်း ရှိတယ်။ ဆန်းတဲ့ ပင်မကို နှောက်ယှက်တဲ့ 'ဥပပီဠကကံ' ဆိုတာလည်း ရှိပြန်တယ်။ ဖြတ်တောက်ကံဖြစ်တဲ့ 'ဥပစ္ဆေဒကကံ' ကလည်း ရှိတယ်။

သေခါနီး ပြုတဲ့ကံ 'အာသန္နကံ' ထပ်တလဲလဲပြုတဲ့ ကံ

'အာစိဏ္ဏကံ'။ 'ဂရုကံ'။ ပြီးတော့ အကျိုးပေးခွင့် နောက်ကျတဲ့ ကံကလည်း ရှိသေးတယ်။ သူ့ကို 'ကဋတ္တာကံ'လို့ ခေါ်တယ်။

လူ့ဘဝမှာ ကံရဲ့ ခေါင်းဆောင်ကို သိထားရင် အကုသိုလ် လျော့နည်းပါတယ်။

ကံနှစ်ရပ်ရဲ့ ခေါင်းဆောင်က ဘယ်သူလဲ။

ကံနှစ်ရပ်ရဲ့ ခေါင်းဆောင်က လောကကြီးကို စောင့်ရှောက်တဲ့ တရားနှစ်ပါးပါပဲ။

၁။ ဟိရီ=ရှက်တာနဲ့

၂။ ဩတ္တပ္ပ=ကြောက်တာတို့ ဖြစ်ပါတယ်။

အဲသည်တရားနှစ်ပါးရှိရင် အကုသိုလ်ကံဆိုးတွေကို လွယ်လွယ်ကူကူ မပြုရဲကြပါဘူး။

* * *

## ကံနှင့်ပတ်သက်သော ဩဝါဒများ

သဗ္ဗေသတ္တာ ကမ္မသကာ

ကမ္မဒါယာဒါ၊ ကမ္မယောနိ

ကမ္မဗန္ဓူ၊ ကမ္မပဋိသရဏာ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ ကမ္မသကာ၊ မိမိတို့ ကံသည်သာလျှင် ကိုယ်ပိုင်ပစ္စည်းဥစ္စာ ဖြစ်ကုန်၏။ ကမ္မဒါယာဒါ၊ မိမိတို့ကံသည်လျှင် အမွေခံအစစ်ဖြစ်ကုန်၏။ ကမ္မယောနိ၊ ကံသည်သာလျှင် အကြောင်းရင်း ရှိကုန်၏။ ကမ္မဗန္ဓူ၊ ကံသာလျှင် ဆွေမျိုး ဖြစ်ကုန်၏။ ကမ္မပဋိသရဏာ၊ မိမိတို့ ကံသည်သာလျှင် မိမိတို့ ကိုးကွယ်ရာအစစ် ဖြစ်ကုန်၏။

(အင်္ဂုတ္တိုရ်ပါဠိတော်)

အကြောင်းရှိရာ၊ အကျိုးလာ၏။
'ကောင်း'ငှာ 'ဆိုး'ငှာ၊ ရေးကြမ္မာလျှင်
ခွင့်သာရောက်ငြား၊ ထိုသူအား
ဘုရားမကယ်နိုင်စွာတည်း။
(မဃဒေဝ-၂၆)

ပုဗ္ဗပုည်၊ ကောင်းမှုကံလျှင်
အစံရှိထ၊ ရှေးကမှုထက်
လုံ့လပညာ၊ နှစ်ဖြာပင့်ထောက်
သမ္မာလျှောက်၍၊ မီးတောက်လေကူ
တူ၏ပမာ၊ များမကြာခင်
ပညာဥစ္စာ၊ ကြီးပွားရာ၏။
(မဃဒေဝ-၂၉၀)

မသေမီ အချိန်တွင်
ကုသိုလ်၊ အကုသိုလ်
ကံ 'နှစ်' ပါးသာ
ငါ့ဥစ္စာဟု အမြဲဆင်ခြင်။
(စံကျောင်းဆရာတော်)

ကံကောင်းအောင်လုပ်ဖို့အတွက်
ရတနာသုံးပါးအားထားစရာ ရှိနေခြင်းက
'ကံ' ကောင်းလှပါတယ်။

ပစ္စုပ္ပန်ကြီးပွားဖို့ ဉာဏ်ဝီရိယ
မွမ်းမံလိုက်ရင်---
အတိုင်းထက်အလွန် ဖြစ်ပါတယ်။
(သမ္မာဒိဋ္ဌိဒီပနီ၊ လယ်တီ)

ယုတ်မြတ်များစွာ
သတ္တဝါအား
'ကံ' သာမယွင်း
တောင်းဆိုခြင်းမှာ
ကြောင်းရင် ကမ္မသကာတည်း။
(မဃဒေဝ၊ ၂၆၅)

ကောင်းကင်၌ တည်နေစေ၊
သမုဒ္ဒရာအလယ်၌ ရှိနေစေ၊
တောင်ခေါင်းလိုဏ်ဂူအတွင်း၌ နေစေ၊
အကျိုးပေါ်တော့မည့်
'ကံ'မှ မလွတ်။
လောက၌၊ အကျိုးပေါ်တော့မည့်
'ကံ' မှ လွတ်ရန်
ရှောင်ပုန်းရသည့် နေရာမရှိ။
(ဓမ္မပဒ-တဃောဇနဝတ္ထု)

လုံ့လနန်ယံ၊ အကြံငယ်သော်
မကြွယ်မငှ၊ ရှေးကမ္မထက်
လုံ့လပညာ၊ နှစ်ဖြာပင့်ထောက်
သမ္မာလျှောက်၍၊ မီးတောက်လေကူ
ဟူ၏ပမာ၊ များမကြာခင်
ကာကဏီက၊ ကြွက်သေမျှနှင့်
လေးလတွင်းဝယ်၊ နှစ်သိန်းကြွယ်ရှင်။

(မဃဒေဝလင်္ကာ)

ကံကိုပြုတတ်သူ ပုဂ္ဂိုလ်သတ္တဝါမရှိ။
ကံ၏အကျိုးကို ခံစားတတ်သူပုဂ္ဂိုလ်သတ္တဝါမရှိ။
ရုပ်နာမ်တရားတို့သာ ကြောင်းကျိုးဆက် ဖြစ်ပေါ်
နေကြကုန်၏။
ဤသို့သော ဉာဏ်အမြင်သည်သာ
မဖောက်မပြန်
ဟုတ်မှန်သော ဉာဏ်အမြင်ဖြစ်၏။

(ဝိသုဒ္ဓိမဂ်၊ ကင်္ခါဝိတရဏသုဒ္ဓိ)

ကိုယ်နှုတ်နှစ်ဖြာ၊ ပြုကျင့်ရာ၌
စေတနာပါမှ၊ အပုညနှင့်
ပုညစင်စစ်၊ ကံဟု ဖြစ်၏

(မဃဒေဝ-၂၈၉)

စေတနာကို 'ကံ'ဟု
ငါဘုရားဟော၏။
စေတနာဖြင့် စေ့ဆော်၍
ကိုယ်နှုတ်စိတ်တို့ဖြင့်
အမှုကိစ္စကို ဆောင်ရွက်၏။

(ဆက္ကအင်္ဂုတ္တိုရ်၊ နိဗ္ဗေဓိကသုတ်)

ရှေးကပုည၊ ဝိသေသကြောင့်
ကမ္ဘဋ္ဌာန်းတန်ခိုး၊ ကံအကျိုးဖြင့်
အစိုးရခြင်း၊ မင်းဟုဖြစ်ဘိ
ဘုန်းသိရိကား၊ ရှိရှိသမျှ
လက်တွင်းကျခဲ့၊ ရေကြည်းဖြစ်
အနှစ်ဥစ္စာ၊ ရတနာတို့
တည်ရာနေရာ၊ လာရောက်ရာတည့်။

(မဃဒေဝ)

မုချမြဲရှု၊ ကိုယ်လျှင်ပြုတိုင်း
အမှုကောင်းဆိုး၊ စေ့စိုက်ပျိုးသည့်
မျိုး၏ပမာ၊ ကာလကြာသော်
နာနက္ခတ်ကာ၊ အခွင့်ရတိုင်း
ပွင့်ကြသီးကြ၊ ဝိပါကဖြင့်
ရင့်ကြမြဲစွာ၊ မလွှဲသာဘူး။

(မဃဒေဝ–၂၆၄)

အကောင်းအဆိုး၊ အကျင့်မျိုးကား
ဖြစ်ကျိုးပေးနေ၊ ရှိမြဲပေတည်း
နဘောဥမင်၊ ပင်လယ်ပြင်၌
အောင်းဝင်ပုံ့တက်၊ ကံဝိပါက်မှ
လွတ်ကွက်လွတ်ရာ၊ မရှိစွာခဲ့။
(မဃဒေဝ–၂၃၁)

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။
ကံသာလျှင် အမွေခံရှိ၏။
ကံဟူသော အကြောင်းတရားရှိ၏။
ကံသာလျှင် အဆွေအမျိုးရှိ၏။
ကံသာလျှင် အမှန်တကယ်
ကိုးကွယ်ရာဖြစ်၏။
(အဘိဏှသုတ်)

ရှင်လူသတ္တဝါ၊ ထိုများစွာကား
အပရာပရိယ၊ ကံကိစ္စနှင့်
ကင်းကြသူတည့်၊ မည်မရှိရှင့်
မသိနိုင်တောင်း၊ ကံဆိုးကောင်းကို
ဦးခေါင်းရွက်၍၊ အချက်သင့်ရာ
ခံရစွာ၏။
(မဃဒေဝ–၂၆၄)

မိနှင့်ဖတို့၊ မနသဘောစ်
မှန်စွာဖြစ်လျက်၊ စင်စစ်တို့နည်း
ကိုယ်လည်းလူဓာတ်၊ မိဘသတ်သော်
မချွတ်မှန်လှ၊ နိယတရှင့်
မုချကောန်၊ မသွေလွန်ဘူး
အနန္တ ဂိုဏ်း၊ ထိုကံ၏ ကံကြီး
သေပြီးနိရယ၊ ငရဲကျ၏။

(မဃဒေဝ၊ ၂၉၂)

တရားဟုဆို၊ ကံကုသိုလ်သာ
ကိုယ်ကိုစောင့်တတ်၊ ကိုယ်စောင့်နတ်တည့်။

(မဃဒေဝ၊ ၂၈၁)

ကံကိုယုံ၍၊ မီးပုံအတွင်း
မဆင်းထိုက်စွာ၊ ကျားရဲရာလည်း
ကြမ္မာအကြောင်း၊ မရှိကောင်းရှင့်။

(မဃဒေဝ-၂၄၅)

လုံ့လမကူ၊ ဉာဏ်မကူဘဲ
အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ
မကောင်းလည်းကံ၊ ကောင်းလည်းကံဟု
ကံကိုချည်းသာ၊ မကိုးရာဘူး
ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို

အခွင့်ရှု၍၊ အပြုလုံ့လ
ရှိအပ်စွတည့်။
တံငါလက်တွင်း၊ ရောက်လျှင်းတုံငြား
သုံးကောင်ငါးကို၊ မှတ်သားဝမ်းထဲ
နည်းယူစွဲလော့။

(မဃဒေဝ-၂၄၅)

ရှေးကုသလ၊ ဉာဏမပါ
သဒ္ဓါမထွေ၊ ကံကိစ္စကြောင့်
စိုးရလူ့ဒ္ဓိ၊ ပြည့်စုံကြိုက်လည်း
လူမိုက်ကံကောင်း၊ နစ်မွန်းကြောင်းတည့်
တောချောင်းရေကြီး၊ ကောက်ရိုးမီးသို့
ညီးညီးထိန်ပ၊ တစ်ရှိန်ကြွဖြင့်
ခဏမျှသာ၊ အကြာမတည်
မရှည်အသက်၊ ပျက်လွယ်တတ်၏။

(မဃဒေဝ-၃၂၂)

လူ၏အလျှောက်၊ ရံခါထောက်၍
မျက်မှောက်ဘေးရန်၊ ဖြစ်ခဲ့ပြန်သော်
မန္တန်စုတ်ဘိ၊ ပညာရှိနှင့်
နှိုင်းညှိတိုင်ပင်၊ ချစ်ခင်စရာ
သာယာစကား၊ ပဏ္ဏာဖြား၍

ပေးဗြားတံစိုး၊ ဆွေမျိုးဆက်နွယ်
ဤငါးသွယ်ဖြင့်၊ ကိုယ်ဝယ်ရောက်လာ
မှုရေးရာနှိုက်၊ ချမ်းသာရမြဲ
မလွဲမှန်လှ၊ သို့မရမှု
ကမ္မသကာ၊ ငါ့ကံသာဟု
ကြမ္မာကိစ္စ၊ ကံကိုချလော့။

(မဃဒေဝ-၂၈၃)

ကံကုန်လို့ ဒုက္ခမငြိမ်း
တဏှာကုန်မှ ဒုက္ခငြိမ်းမယ်။

(ဥပရိပဏ္ဏာသပါဠိတော်၊ ဒေဝဒဟသုတ်)

ကြမ္မာရှေ့ပြေး၊ အကျိုးပေးမည့်
ရေးကုသိုလ်ကံ၊ ကောင်းခံကြီးမင်း
ရှိတုံလျှင်းက၊ လူပျင်းဖြစ်လျက်
သဘော်ပျက်လည်း၊ အသက်မသေ
ရေမှာမမွန်း၊ ကျွန်းသို့ရောက်ဗြား
မဆုံးပါးဘူး။

(မဃဒေဝ)

အဒီန္နကံ၊ အနံငယ်နွမ်း
ပုဆိုးကြမ်းကြောင့်၊ ညစ်ညမ်းစင်စစ်
နတ်ဖြစ်လျက်ခဲ့၊ အဝတ်မဲ့၏။

(မဃဒေဝ)

ခပင်းလောက၊ ထိုလူမျှကား
ပြုကာအသစ်၊ ဖြစ်ကံအဟောင်း
ကျိုးနှင့်ကြောင်းတည့်၊ ဆိုးကောင်းတူက
ဤနှစ်ဝကို၊ ကမ္ဘသကာ
မှတ်တို့ရာတည့်။
(မဃဒေဝ)

ရှေးကပြုသား၊ ကောင်းမှုဟုဆို
ကုသိုလ်အဖို့၊ ပြည့်စုံမြို့၍
မချို့ဘုန်းကံ၊ အခံပုည
ရှိကြသူမှာ၊ ဇာတာမူလ
ဇနမန္တက်၊ ပါပဂြိုဟ်
စီးနင်းကျလည်း၊ ကိုယ်မှတစ်ပါး
ခြွေရံများနှင့်၊ ကျွဲနွားမျှသာ
ပျက်စီးရာ၏၊ ကိုယ်မှာ ချမ်းမြေ့
ဘေးမတွေ့ဘူး၊ မဟော့ကုသိုလ်
လှုထိုထိုကား၊ ကိုယ်နှင့်တကွ
ပျက်တတ်စွတည်း။
(မဃဒေဝ-၂၅၁)

မေတ္တာ၏ အကျိုးအာနိသင်သည်
အလွန်ကြီးမြင့် များပြား၏။

ဘဝသမ္ပတ္တိ အကျိုးပေးသန်သော
ကောင်းသော (ကံ) တကာထဲတွင်
ဤမေတ္တာကံသည်
အံထွက်မြတ်ဆုံး၊ အသာဆုံးတည်း။
မေတ္တာကံကို တုပြိုင်နိုင်သော
(ကံ)ဟူ၍မရှိ။
(သေကျွတောင်ဆရာတော်ဦးတိလောက)
ပုဗ္ဗေကတ၊ ရှေးဘဝက
ပုညဆင်းရဲ၊ ကံမွဲချို့တဲ့
ဘုန်းမဲ့သည့်သူ၊ များစိုလ်လူတို့
ချမ်းပူမနေ၊ ရွာမွေကြိုးကုတ်
အားထုတ်အထူး၊ ဆည်းပူးလုံ့လ
ပြုသမျှကား၊ ရှေးကကောင်းမှု
အပြုများလဲ၊ ပုညသိရိ
ပြည့်စုံဘိသည်၊ ဘုန်းရှိသူတို့ ခံစားဖို့တည်း။
(အရှင်မေဓာဝီ၊ မဃာစရိယ)
ကမ္မသကာ၊ သတ္တဝါတို့
ကံသာအမိ၊ ကံမရှိက
ဉာဏ်ရှိတိုင်းမွဲ၊ ကြံတိုင်းလွဲ၏။
(ကမ္မသကာလင်္ကာ)

သဗ္ဗေသတ္တာ၊ ကမ္မဒါယာဒါ

သဗ္ဗေသတ္တာ၊ အလုံးစုံကုန်သော

သတ္တဝါတို့သည်၊ ကမ္မဒါယာဒါ၊ ကံ၏အမွေခံ ဖြစ်ကုန်၏။

(ဗုဒ္ဓမြတ်စွာ)

ကမ္မံ သတ္တေ ဝိဘဇတိ

ကမ္မံ၊ ကံသည်။ သတ္တေ၊ သတ္တဝါတို့ကို။

ဝိဘဇတိ၊ ကောင်း၊ မကောင်း ခွဲခြမ်းရာဖန်တတ်၏။

(ဗုဒ္ဓမြတ်စွာ)

* * *

## အားကောင်းကြီးမားလှသော မနော

သိမ်မွေ့နဲ့နက်၊ မြင်ရန်ခက်သည့်
ပျံ့ထွက်ပြေးနေ၊ စိတ်လေမွေ့ကား
ထွေရာအာရုံ၊ ကြံ့ရာကျရောက်
ကောင်းကျိုးပျောက်၏
စောင့်ရှောက်အာရုံ၊ စိတ်လုံခြုံမှ
လုံခြုံစိတ်မှာ၊ ကောင်းကျိုးဖြာ၏။

(စိတ္တဝဂ်၊ အညတရဥက္ကဏ္ဌိတ၊ ဘိက္ခုဝတ္ထု)

နှုတ်ကပြောဖို့ကို ဘယ်ကစသလဲ။

မနောက စ,တယ်မဟုတ်လား။ မနောက တွေးပြီး မနောကံမြောက်ပြီးမှ ဝစီကံမြောက်တာပဲ။

လက်ကလှုပ်ဖို့ကို ဘယ်ကစ,လဲ။

မနောကပဲ စ,တယ် မဟုတ်လား၊ မနောကတွေးပြီး မနောကံ မြောက်ပြီးမှ ကာယကံမြောက်တာ ဖြစ်တယ်။

အပြစ်က ဘယ်လိုဆို ပိုကြီးသလဲ။

အပြစ်ဆိုတာ စေတနာ (ဖြစ်စေချင်တဲ့ မနောကံ) ပါရင် ပိုအပြစ်ကြီးတာ ဖြစ်တယ်။

ကံတွေမှာ စေတနာပါမှ ပိုပြီး အပြစ်ကြီးတဲ့အတွက် မနောကံဟာ ကာယကံထက်ကို ပိုပြီး အားကြီးတယ်။

မြတ်စွာဘုရားက ကံသုံးပါး ပညတ်ခဲ့တယ်။ အဲသည် ကံသုံးပါးမှာ ကာယကံ၊ ဝစီကံထက် မနောကံက အားကြီးတယ်၊ ပိုအပြစ်ကြီးတယ်လို့လည်း ဟောခဲ့ပါတယ်။

ဘယ်သူ့ကို ဟောသလဲဆိုတော့ 'နိဂဏ္ဌဂိုဏ်းသား' တွေကို ဟောတာပါ။

ပထမဆုံး မြတ်စွာဘုရားထံ ရောက်လာတာကတော့ ဒီဃတပဿီ။ သူရဲ့ ဆရာကြီးက နာဋပုတ္တ။ အဲသည်ဂိုဏ်းဆရာ နာဋပုတ္တရဲ့ ဒါယကာကတော့ ဥပါလိသူကြွယ်။ သူတို့ ဂိုဏ်းအမည်က နိဂဏ္ဌဂိုဏ်း။

အဲသည်ဂိုဏ်းနဲ့ 'ကံ' အကြောင်းဆွေးနွေးရာမှာ မြတ်စွာဘုရားက မနောကံ အပြစ်ကြီးကြောင်း မိန့်တယ်။ သူတို့ဂိုဏ်းက ကာယကံအပြစ်ကြီးတယ်လို့ ဆိုတယ်။

သူတို့ဂိုဏ်းက မနောကံဟာ ဘယ်လိုမှ ပိုအပြစ်မကြီးနိုင်ဘူးလို့ အပြတ်ကို ယူဆထားပါတယ်။

ဝါဒပြိုင်ပြောဖို့ နာဋပုတ္တရဲ့ ဒါယကာ ဥပါလိသူကြွယ်ကို ရွေးတယ်။

မြတ်စွာဘုရားက မနောကံ အားကောင်းကြောင်းတွေ ရှင်းလင်းမိန့်ကြားတယ်။ နိဂဏ္ဍာဂိုဏ်းသားတွေ နားလည်ပြီးတဲ့ အရာတွေကိုသာ ရွေးချယ်ပြီး အမေးအဖြေသဘောမျိုး ရှင်းပါတယ်။

"အို၊ ဥပါလိ၊ အနာရောဂါကြောင့် ဆင်းရဲရောက်နေတဲ့ နိဂဏ္ဍာတစ်ယောက် ရှိတယ်။ သူဟာ ရေအေးသောက်ချင်တယ်။ သူ့စိတ်မနောက ရေအေးသောက်ချင်ပေမယ့် ရေနွေးကိုသာ သုံးဆောင်ရတယ်။

"အဲသည်လူမမာနိဂဏ္ဍာဟာ သောက်ချင်တဲ့ ရေအေး မသောက်ရလို့ သေတယ်။ အဲသည်လူမမာဟာ နိဂဏ္ဍာတို့ အလိုအရ စိတ်စွဲလမ်းပြီး ဖြစ်တဲ့နတ်မျိုး ဖြစ်သွားတယ်။ အဲသည်အဖြစ်ဟာ ကာယကံကြောင့်လား၊ မနောကံကြောင့်လား"

ဥပါလိသူကြွယ်ဟာ ဗုဒ္ဓမြတ်စွာရဲ့ ဥပမာကို အံ့ဩသွားတယ်။

စိတ်စွဲလမ်းရာက ဖြစ်တဲ့အချက်ကြောင့် ကာယကံထက် မနောကံအားကြီးကြောင်း တစ်ခါတည်းကို သိသွားတယ်။

ဒါပေမယ့် ထပ်လျှောက်ပြန်တယ်။ ကာယကံသာ အားကြီးကြောင်း ဆိုတယ်။ သူဟာ အတုမရှိတဲ့ မြတ်စွာဘုရားရဲ့ ဒေသနာဉာဏ်နဲ့ ရှင်းလင်းချက်တွေကို နာချင်သေး၊ ကြားချင်သေးတယ်။

"အို၊ ဥပါလိ၊ နာဠပုတ္တရဲ့သားဟာ မကောင်းမှုတွေ တားမြစ်ဖို့ အားထုတ်တယ်။ နာဠပုတ္တရဲ့သားဟာ ခရီးသွား လမ်းလျှောက်တဲ့အခါ သတ္တဝါလေးများ သေကြေပျက်စီးတယ်။ ဘယ်လိုကံထိုက်မည်လဲ"

ဗုဒ္ဓမြတ်စွာက သည်လိုမိန့်တယ်။

ဥပါလိက ဖြေလျှောက်တယ်။

"အရှင်ဘုရား၊ နာဠပုတ္တရဲ့သား ခရီးသွားရာမှာ သတ္တဝါ လေးတွေ သေစေချင်တဲ့ စေ့ဆော်တဲ့ စိတ်မရှိပါ။ စေ့ဆော်တဲ့ စေတနာမပါတဲ့အတွက် ကြီးသောအပြစ် မရှိပါဘုရား"

နိဂဏ္ဌဂိုဏ်းဆရာရဲ့ ဒါယကာ ဥပါလိသူကြွယ်ဟာ သူ့ဖြေလျှောက်ချက်မှာပဲ မနောကံအားကြီးကြောင်း သိသွားခဲ့ပြီ။

စေတနာပါမှ အပြစ်ကြီးတဲ့အတွက် မနောကံဟာ ကာယကံထက် အပြစ်ကြီးကြောင်း ပေါ်လွင်သွားပြီ။

(မှတ်ချက်။ ။ အကျယ်လေ့လာလိုလျှင်၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ ၃၅ တွင် လေ့လာပါရန်)

လောကမှာ ကိုယ်သာနာပါစေ၊ စိတ်မနာပါစေနဲ့။ မနောမညစ်ပါစေနဲ့။

ရေဟာ နောက်ကျုနေရင် ဘာဖြစ်သလဲ။

အဲသည် ရေထဲက မြင်သင့်မြင်ထိုက်တာတွေကို မမြင်ရသလိုပဲ။

လူ့ရဲ့စိတ်က နောက်ကျုနေရင် သူတစ်ပါးအကျိုးကိုရော၊ ကိုယ့်အကျိုးကိုရော မမြင်တော့ပါဘူး။

မနောအာရုံရှင်းဖို့ လိုတယ်။ မနောကံဟာ အားကြီးတယ်။ မနောက ဦးဆောင်တယ်။

အရာရာမှာ စိတ်ဟာ ရှေ့ဆောင်ဦးစီး ဖြစ်နေတယ်။

စိတ်ရဲ့အလိုကို လိုက်တဲ့လူဟာ ပူပန်မှုက မလွတ်နိုင်ပါဘူး။

အကြောင်းအကျိုးတွေ ရှိတယ်။ ဘယ်လိုအကြောင်းအကျိုးတွေလဲ။

တရားနာလိုစိတ်ကြောင့် (မနောကံကြောင့်) တရားနာရ။

တရားနာရတဲ့အတွက် တရားအားထုတ်ချင်တဲ့စိတ် ဖြစ်လာတယ်။

တရားအားထုတ်ချင်စိတ်တွေကြောင့် တရားအားထုတ်လာတယ်။

တရားတကယ်အားထုတ်လာတဲ့အခါ တရားကိုသိတဲ့ ဉာဏ်တွေ ရလာတယ်။

အဲသည်အချက်ကို ကြည့်ရင် အစဘယ်က စ,သလဲ။

မနောကံကစပြီး နောက်မှ ကာယကံမြောက် လိုက်လုပ်လာတာကို မြင်တွေ့ရမယ်။

မနောကကို တရားနာချင်တဲ့စိတ်စ,မရှိရင် နောက် ဆက်ဖြစ်လာဖို့ အကြောင်းမရှိတော့ပါဘူး။

ကာယကံ၊ ဝစီကံတွေထက် အားကောင်းကြီးမားလှတဲ့ မနောကံကို ဆင်ခြင်ရမှာ ဖြစ်တယ်။ လမ်းမှန်ပို့ရမှာ ဖြစ်ပါတော့တယ်။

* * *

## သေတတ်မရောက်သတ်မပျောက်

မွေးဖွားခြင်းရဲ့ နောက်ဆုံးပန်းတိုင်က သေဆုံးခြင်းပဲ ဖြစ်တော့တယ်။

နေခြင်းပြီးက သေခြင်း။

ဘယ်လိုမှ တားလို့မရ၊ ရှောင်လို့မရ၊ အားလုံးရဲ့ တူညီသော တစ်ခုတည်းသောလမ်းက သေခြင်းလမ်းသာ ဖြစ်တော့တယ်။

ထွန်းတောက်နေတဲ့ ဆီမီးဟာ--

- မီးစာကုန်ခြင်းကြောင့် ငြိမ်းတတ်။
- ဆီကုန်ခြင်းကြောင့်လည်း ငြိမ်းတတ်။
- မီးစာနဲ့ ဆီနှစ်မျိုးလုံး ကုန်ခြင်းကြောင့်လည်း ငြိမ်းသွားတတ်။
- မီးစာနဲ့ ဆီနှစ်မျိုးလုံး မကုန်သေးဘဲလျက် ရုတ်တရက် လေပြင်းတိုက်ခတ်လို့ ဒါမှမဟုတ် တမင်ငြိမ်းသတ်လို့ ငြိမ်းသွားရတာမျိုးလည်း ရှိပြန်ပါတယ်။

- အာယုက္ခယမရဏာ - သက်တမ်းကုန်လို့သေတာ။
- ကမ္မက္ခယမရဏာ - ကံကုန်လို့သေတာ။
- ဥဘယက္ခယမရဏာ - သက်တမ်းရော ကံပါ နှစ်ပါးစုံ ကုန်လို့သေတာ။
- ဥပစ္ဆေဒကမရဏာ - သက်တမ်းနဲ့ ကံနှစ်ပါးစုံ မကုန်သေးဘဲလျက် ဥပဃာတကကံ ဝင်ဖြတ်လို့ လတ်တလော သေတာ။

အနိစ္စသဘောနဲ့ ကိစ္စချောခြင်းဟာ (၄)မျိုး (၄)စားရှိပြီး မရဏာဟာ ထာဝရသဘောတစ်ခုပဲ။

မရဏာကို ခဝါချလို့ မရချေဘူး။ သူသွားပြီး ကိုယ်သွားရမယ့်လမ်း။ သူလျှောက်ပြီး ကိုယ်လျှောက်ရမယ့်ခရီး။ ပုန်းမရ။ ပြေးမရ။ ဘယ်နေ့ဘယ်အချိန်ရယ်လို့ တွေးဆထားလို့ မရတာကတော့ မရဏာပါ။

**အဲတာကြောင့် 'ဒီပဲရင်းဆရာတော်ဘုရားကြီး'က**
**'စားသမျှမစင်၊ ထားသမျှမသေခင်၊**
**ပြုသမျှကုသိုလ်အပင်၊ ယခုကာလဘဝကောင်းတွင်၊**
**စားလဲစား၊ ထားလဲထား**
**ပြုလဲပြုကြမှ တော်မည်ပင်'**
ဆိုတဲ့ လင်္ကာလေးရေးပြီး ဆုံးမခဲ့ပါတယ်။

ထားရမယ်ဆိုတာက ကိုယ်သေသွားတဲ့အခါ ယူသွားဖို့ စုထားရမှာပါ။ ကုသိုလ်ကံအထုပ်ပါပဲ။

ကာလမရဏ၊ သေချိန်ကျရင် သေကို သေရပါတယ်။ မြေပြင်က. လူရော၊ ဝေဟင်က နတ်ရော သေချိန်ရောက်က ကြွေရ သေရတာပဲ။ နေကို မနေရတော့ပါဘူး။ မနေရချိန် ရောက်ရင် ရွှေပေးလည်းမရ။ ငွေပေးလည်း မရ၊ တန်ခိုးအစွမ်း လည်း ညှိုးနွမ်းသွားလေ့ရှောသလား မသိဘူး။

ဘဝတစ်ခုကို စီမံလိုက်တဲ့ကံဟာ ပဋိသန္ဓေတည်နေတဲ့ အချိန်ကစပြီး ကံရဲ့ သတ္တိမကုန်သေးသမျှ ဘဝမပြတ်အောင်၊ မသေအောင် အစဉ်တစိုက် အမြဲဖန်တီးလျက် ရှိပါတယ်။

သေကံမရောက်ရင် သက်မပျောက်ပါဘူး။

သေကံမရောက်သေးရင် လက်နက်ငယ် မပြောနဲ့၊ လက်နက်ကြီးမှန်လည်း မသေဘူး။ ဒဏ်ရာရပေမယ့် နောက်တော့ ပျောက်ပြီး အသက်ရှင်တာပါပဲ။ ဝေဟင်ကနေ မြေပြင်ပေါ် ထိုးကျတဲ့ လေယာဉ်ပျံနဲ့ ပါလာပြီး မသေတဲ့လူလည်း ရှိတတ် ပြန်ပါတယ်။ ပင်လယ်သမုဒ္ဒရာထဲမှာ ရက်ပေါင်းလေးဆယ် မျောပြီး သေကံမရောက်လို့ သက်မပျောက်သူလည်း ရှိတယ်။ ရောဂါအမျိုးမျိုး လှည့်ခံစားနေရပြီး ဖြစ်လိုက်၊ ကုလိုက် တပိန်ပိန် တလိန်လိန်နဲ့ အသက်ပြင်းထန်နေသူလည်း ရှိပါ တယ်။

ဆိုးပေ မိုက်မဲထောင်ထဲဝင်၊ အပြင်ထွက်၊ ရဲဘက်စခန်းပါ၊ ဗရမ်းဗတာနဲ့ သက်တမ်းရှည်ကြာ လူမိုက်ကမ္ဘာက သေကံမရောက် သက်မပျောက်သေးတဲ့ လူမိုက်တွေလည်း ရှိပါတယ်။ တစ်နှစ်ကဆို ကိုရီးယားနိုင်ငံမှာ အထပ်ငါးဆယ်တိုက်ကြီး ပြိုကျကာ အောက်ဆုံးထပ်နားမှာ အသက်မသေလဲ ကျန်နေတဲ့ လူအချို့ကို ကယ်ဆယ်ရေးအဖွဲ့က ကယ်လို့ ရလိုက်တဲ့ သတင်းဖတ်ရတယ်။ ရှစ်ရက်ကြာပြီးမှ ကယ်လိုက်တာပါ။

အဲသည်လို သေကံမရောက်၊ သက်မပျောက်တာတွေ ရှိပေမယ့် မသေချင်ဘဲလည်း သေမြဲမမှတာ သေပေါက်သေဝကို အသေခံရောက်ကြရရှာတာတွေ ရှိပြန်ပါတယ်။

စာရေးသူသိတဲ့ ဒေါ်လေးသိန်းဆိုရင် စီးပွားရေးကောင်း၊ ကျန်းမာရေးကောင်း၊ အရွယ်ကောင်းပါသေးလျက် မမျှော်လင့်တဲ့ ကိစ္စနဲ့ သေတယ်။

အဖြစ်က ဆန်းပါတယ်။ ချိတ်တစ်ချောင်းနဲ့ သွားကြား ထိုးတယ်။ ချိတ်အချွန်က သွားဖုန်းကို ထိုးမိတယ်။ အနာဖြစ်တယ်။ အဲသည်မှာ မေးခိုင်ပိုး ဝင်တယ်။ သေရှာတယ်။ သူသေတာက သွားကြားထိုးမိလို့ သေတာ။

စည်ပင်သာယာက ကိုသန်းတင်တစ်ယောက်ကတော့ သူငယ်ငယ်ကတည်းက တက်ဆင်းနေတဲ့ လှေကား (နှစ်ဆယ်လေးဆယ်ကျော် တက်ဆင်းနေတဲ့လှေကား) တစ်နေ့မှာ

ခြေချော်ကျတယ်။ ခေါင်းထိဦးနောက်ကျောပြတ်ပြီး ဆေးရုံမရောက်ခင် သေတာပဲ။ သေချင်ရင် မြန်တယ်။

ဘသံကတော့ ဇရပ်မှာ တက်အိပ်နေရင်း ခြေရင်းက တက်လာတဲ့ မြွေပြင်းကြောင့် သေရပြန်တယ်။

•သေချင်လာရင် စားရင်းလည်းသေ၊ သွားရင်းလည်းသေ၊ အိပ်ရင်းလည်းသေပါတယ်။ သေဖေါက်သေဝရောက်ရင် ဘယ်လိုနေနေ သေတာပါပဲ။

သေရမယ့်အချိန်ရောက်ရင် ဘယ်နေရာနေနေ မရပါဘူး။ စစ်မြေပြင်ရှေ့တန်းက စစ်သည်က မသေဘဲ နောက်တန်းမှာ သရက်သီးတက်ခူးလို့ အကိုင်းကျိုးကျတဲ့ စစ်သည်က သေသွားတယ်။

အချို့လူသတ္တဝါတွေဟာ အသက်တမ်းလည်း မကုန်သေး၊ ကံအစွမ်းလည်း မကုန်သေး၊ တစ်စုံတစ်ရာ အနှောက်အယှက်မရှိရင် အတော်ကြာအောင် နေနိုင်သေးတယ်။ ဒါပေမယ့် ရှေးရှေးဘဝက ဖြစ်စေ၊ ယခုဘဝမှာဖြစ်စေ ပြုမိတဲ့ အကုသိုလ်ကံက အခွင့်ရတဲ့အတွက် တစ်နည်းနည်းနဲ့ သေရတယ်။

လူသတ္တဝါတွေရဲ့ သန္တာန်မှာ ရှေးက မကောင်းမှုကံကလေးတွေ ကိုယ်စီကိုယ်ငှ အများအပြားပါရှိပါတယ်။ ထိုကံတွေက မိမိတို့ချည်းသက်သက်သေအောင် မသတ်ဖြတ်နိုင်ပေမယ့် သတိမရှိ၊ ဉာဏ်မရှိ၊ အစဉ်းစား အဆင်ခြင်၊

အမြော်အမြင်မရှိ၊ အစားမတတ်၊ အသွားမတတ်၊ အနေအထိုင်မတတ်ရင် ဘေးဥပါဒ်ရောက်ပြီး အဲသည်ဘေးနဲ့ကို သေကြေပျက်စီးတတ်ပါတယ်။

သက်တမ်းစေ့ နေနိုင်အောင် အသက်ကို အသိဉာဏ်နဲ့ စောင့်ရှောက်ရပါမယ်။

ဥပစ္ဆေဒကကံ=ကပ်၍သတ်ဖြတ်တတ်တဲ့ကံကတော့ တတ်နိုင်မယ် မထင်ပါဘူး။

ကုသိုလ်ကံ၊ အကုသိုလ်ကံတွေဟာ ဆောင်ရွက်ဖွယ် ကိစ္စအားဖြင့် အကျိုးဝိပါကတို့ကို ဖြစ်စေမှု၊ ထောက်ပံ့မှု၊ နှိပ်စက်မှု၊ ဖြတ်တောက်မှုလို့ လေးမျိုးလေးစား ရှိပါတယ်။

- အကျိုးဝိပါကတို့ကို ဖြစ်စေတဲ့ကံ။
- ကံနှင့်ကံ၏အကျိုးဝိပါကတို့ကို ထောက်ပံ့တတ်တဲ့ကံ။
- ကံနှင့်ကံအကျိုးဝိပါကတို့ကို နှိပ်စက်တတ်တဲ့ကံ။
- ကံနှင့်ကံအကျိုးဝိပါကတွေကို ဖြတ်တောက်တဲ့ကံလို့ (၄)မျိုး (၄)စား ရှိပါတယ်။

သေခြင်းမှာ 'သေခြင်းဆိုး' 'သေခြင်းကောင်း' လို့လည်း နှစ်မျိုးရှိတယ်။ အချို့က သေခြင်းဆိုးနဲ့ ပြင်းပြင်းထန်ထန်ခံရပြီး မြင်မကောင်း ရှုမကောင်းကို သေသွားပါတယ်။ အချို့ကတော့ သေခြင်းကောင်းနဲ့ သက်သက်သာသာ ဘဝကူးပါတယ်။ အချို့ဆို သေမှန်းမသိသာဘဲတောင် သေသွားတယ်။

ပြုံးပြီးသေတိုင်းတော့ အသေကောင်း မဟုတ်ပါဘူး။ အချို့ ပြုံးတာက မိမိပြုဖူးတဲ့ တဏှာကို သတိရနိမိတ်ထင်ပြီး ပြုံးတာမျိုးလို့ လေ့လာခဲ့ရဖူးပါတယ်။

အင်္ဂုတ္တိုရ်ပဥ္စက အနာယုကသုတ်မှာ--

အသက်တိုရခြင်းအကြောင်း (၅)ပါးကို သည်လိုပြဆိုခဲ့ပါတယ်။

၁။ မလုပ်သင့်တာကို လုပ်ခြင်း။

၂။ အတိုင်းအရှည်ပမာဏကို မသိခြင်း။

၃။ မကြေကျက်လွယ်သော အစာကို စားခြင်း။

၄။ အချိန်အခါမဟုတ်သည်၌ သွားလာခြင်း။

၅။ မေထုန်အကျင့်ကို လွန်လွန်ကျူးကျူး ကျင့်ခြင်း

တို့ပဲ ဖြစ်တယ်လို့ ဆိုပါတယ်။

မိလိန္ဒပဥှာမှာ---သေခြင်းအကြောင်းတရား (၈)ပါးရှိတယ်လို့ ဖော်ပြပါတယ်။

၁။ လေ။ ၂။ သည်းခြေ။ ၃။ သလိပ်။ ၄။ သန္နိပါတ်။ ၅။ ဖောက်ပြန်သောဥတု။ ၆။ မညီညွတ်သောအစာ။ ၇။ သူတစ်ပါးလုံ့လပယောဂ။ ၈။ ကံ၏အကျိုးကို ဖော်ပြထားပါတယ်။

အဲသည်သေခြင်း (၈)ပါးမှာ ကံကလွဲရင် ကျန်တာတွေက မသေသင့်ဘဲ သေတာပါ။

ဖြတ်တဲ့ကံမှာတောင်၊ ဖြတ်တောက် 'ကုသိုလ်ကံ'နဲ့ ဖြတ်တောက် 'အကုသိုလ်ကံ' ရယ်လို့ နှစ်မျိုးရှိပါတယ်။ ဖြတ်တောက်ကုသိုလ်ကံက အကျိုးပေးဆဲ၊ အကုသိုလ်ကံက ဖြတ်တောက်ပစ်မှ သေတာပါ။

လူတွေမှာ ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက် မကွေးမီ အချိန်မရွေး၊ နေရာမရွေး၊ အရွယ်မရွေး သေနိုင်ပါတယ်။

နာမ်ရုပ်က မမြဲ၊ သေခြင်းက မြဲပါတယ်။

အသက်ရှည်ခြင်း၊ တိုခြင်းက မမြဲဘူး၊ သေခြင်းကတော့ မြဲပါတယ်။

ဒါပေမယ့် သေနေ့၊ သေရက်ရယ်လို့တော့ အပြီးတိုင် သတ်မှတ်ထားတယ်လို့ မယူဆပါဘူး။

အချို့က သေနေ့စေ့လို့ သေရတယ်ဟု ယူဆကြပါတယ်။ ဘယ်သူ့ကိုမှ ဘယ်နေ့မှာ ဘယ်အချိန်သေရမယ်လို့ သတ်မှတ် ချက် မရှိဘူး ထင်ပါတယ်။

အချို့ကတော့ သူများလက်ချက်၊ သူများလက်နက်နဲ့ သေမှ 'ဥပစ္ဆေဒကကံ'လို့ ထင်ပါတယ်။ အဲသည်လိုတင် မကပါဘူး။ ကံကုန်တာ မဟုတ်ဘဲ အသက်ရော ကံပါ နှစ်ပါးလုံး ကုန်တာ မဟုတ်ဘဲ သေတာမှန်သမျှဟာ ဥပစ္ဆေဒကကံကြောင့်ပါ။

အရက်အလွန်သောက်လို့ စောစောသေတာဟာ သေနေ့ စေ့လို့ သေတာမျိုး မဟုတ်ပါဘူး။ သူပြုတဲ့ကံ သူခံရတာပါ။

သွေးတိုးရှိလျက်က ဝက်သားတို့၊ ခုန်းနို့တို့ စားလွန်းလို့ သေတာ သေနေ့စေ့လို့ မဟုတ်ပါ။ သူပြုတဲ့ကံကို သူခံရတာပါ။

သေကံမရောက် သက်မပျောက်။ အသက်ရှည်အောင် ပြုရင် အသက်ရှည်ပါတယ်။ အသက်ဉာဏ်စောင့်တတ်ပါတယ်။

ဒီနေ့ရာဇဝင်လက်ထက်က အဖြစ်အပျက်တစ်ခုကို တင်ပြပါ့မယ်။

ကျေးတောသားလေး တစ်ယောက်။ ပညာသင်ချင်ရှာတဲ့ ကျေးတောသားလေးတစ်ယောက်ပါ။

တစ်နေ့မှာ ကျေးတောသားလေးဟာ ဒိသာပါမောက္ခ ဆရာကြီးထံ ပညာသင်ဖို့ သွားတယ်။ ပုဂံပြည်ကို သွားတယ်။

ဒိသာပါမောက္ခဆရာကြီးက ဇာတာစန်းလဂ်၊ ဗေဒင် လက္ခဏာ သိပ်တော်တဲ့ ဆရာကြီးတစ်ဆူပါ။ ဒက်ထိမှန်တယ်။

ပညာသင်လာတဲ့ ကျေးတောသားလေးရဲ့ ဇာတာစန်း လဂ်တွေကို ကြည့်တော့ အဲသည်ကျေးတောသားလေးဟာ လောကမရဏကို တစ်လအတွင်း သေချိန်ကျနေတာ တွက်ချက်လို့ ရပါတယ်။ သူတွက်ရင် မလွဲပါဘူး။

ကျေးတောသားလေးကို လက်ခံထားရင် သူ့ထံမှာ လာပြီး သေနေမှာ သိတော့ လက်မခံဘဲ ပြန်ခိုင်းတယ်။ တစ်လလောက် ရွာမှာ ပြန်ပြီးမှ ပညာသင်ဖို့ လာခဲ့ရန် မှာတယ်။

"အို၊ လုလင်၊ ယခုအခါက ပညာသင်ချိန် မဟုတ်

သေးဘူးကွယ့်၊ နောက်ထပ်ရက် သုံးဆယ်ပြည့်မှလာခဲ့"လို့ မှာကြားပြောဆိုပြန်လွှတ်လိုက်တယ်။

ကျေးတောသားလေးဟာ ဒိသာပါမောက္ခဆရာကြီးကို ရိုရိုသေသေ ဦးချကန်တော့ပြီး ပြန်သွားတယ်။

ကျေးတောသားလေးဟာ ပညာမသင်ရခင် တစ်လတိတိကို ဘာလုပ်ရမယ်ဆိုတာ စဉ်းစားတယ်။ ရွာမှာသည်တိုင်းနေရမှာ ပျင်းတယ်။ အလဟဿအချိန်အကုန်လည်း မခံချင်ဘူး။ နောက်ဆုံးတော့ အပြစ်ကင်းတဲ့အလုပ်ကို လုပ်မယ်ဆိုပြီး ဆုံးဖြတ်ချက်ချတယ်။

ပထမလဆန်းရက်တွေမှာ ရေအိုင်တစ်ခုကို တွေ့တယ်။ ငါး၊ ပုဇွန်တွေ ရှိတယ်။ ဂဏန်းတွေလည်းပဲ အိုင်စပ်မှာ ရှိနေတယ်။ ဒါပေမယ့် အိုင်က ရေခန်းနေပြီ။ ရေနည်းနည်းသာ ရှိတော့ ငါး၊ ပုဇွန်ရေနေသတ္တဝါတွေ ဒုက္ခရောက်နေတယ်။

ကျေးတောသားလေးဟာ ကြင်နာတဲ့ စေတနာနဲ့ ငါးပုဇွန်တွေကို ဖမ်းယူသယ်ဆောင်ပြီး ရေများတဲ့ အိုင်မှာ သွားလွှတ်တယ်။ ငါးပုဇွန်တွေ လှုပ်ရှားမြူးတူး ရေကူးနေတာကို သူဟာ တဝကြီး ထိုင်ကြည့်ပြီး စိတ်အလွန် ကြည်နူးတယ်။

နောက်ရက်တွေမှာတော့ တံတားပျက်တစ်ခုကို တွေ့ပြန်တယ်။ ကလေးသူငယ်၊ အဘိုးအို အဘွားအို ရဟန်းသံဃာနဲ့ ခရီးသွားတွေ ဒုက္ခရောက်တာ သူတွေ့တယ်။

အဲသည် တံတားပျက်ကို သူပြင်တယ်။ နွယ်ကြိုးတွေဖြတ်၊ ချည်တုပ်။ ထောက်စရာလိုတဲ့နေရာထောက်၊ ခင်းစရာလိုတဲ့နေရာခင်းတယ်။ ရက်အနည်းငယ် နေ့စဉ် ပြုပြင်လိုက်တာ တံတားကောင်းသွားခဲ့တယ်။

တံတားပေါ်က ဖြတ်သွားတဲ့--

ဆွမ်းခံကြွလာတဲ့ ရဟန်းတွေ၊ ကလေးသူငယ်၊ အဘိုးအို အဘွားအို၊ ဈေးသည်နဲ့ ခရီးသွားတွေကို ကြည့်ပြီး ကျေးတောသားလေးဟာ ဝမ်းသာမဆုံး တပြုံးပြုံး ဖြစ်နေခဲ့တယ်။

ခရီးသွားတဲ့ လူတွေကောင်းမွန်ချမ်းသာစွာ သွားတဲ့ မြင်ကွင်းဟာ သူ့ရင်ထဲမှာ ပီတိစွမ်းအားတွေ ဖြစ်နေခဲ့ရာတယ်။

နောက်ရက်ပိုင်းတွေမှာတော့ လမ်းပေါ် ကိုင်းကျနေတဲ့ ညောင်ပင်ကို မြင်တယ်။ ခရီးသွားတွေဟာ ညောင်ကိုင်းကို ရှောင်ပြီး ခြုံဘေးဖွက်ထဲက သွားနေတဲ့အတွက် ဒုက္ခတွေ့ကြရတယ်။ လမ်းမဖြောင့်ဘူး။

ကျေးတောသားလေးဟာ ညောင်ကိုင်းကို ခုတ်မယ်လို့ စဉ်းစားတယ်။ နောက်တော့ ညောင်ပင်မှာ ရုက္ခစိုးရှိမယ်ထင်တဲ့အတွက် မခုတ်ဘူး။ ညောင်ပင်နဲ့ ခပ်လှမ်းလှမ်းက သစ်ပင်က အကိုင်းတွေခုတ်ပြီး ညောင်ပင်ကို ဒေါက်ထောက်ပေးလိုက်ပြန်တယ်။ အဲသည်တော့မှ လမ်းသွားလမ်းလာတွေ ဒုက္ခမရောက်တော့ဘူး။

ကျေးတောသားလေးဟာ တစ်လအဲ့တွင်း အများ ကောင်းမယ့် ကိစ္စတွေ လုပ်နေတယ်။ ပရဟိတအလုပ်တွေပဲ လုပ်တယ်။

တစ်လပြည့်တော့ ပုဂံပြည် ပြန်သွားတယ်။ ဖညာသင်ဖို့ ဒိသာပါမောက္ခဆရာကြီးထံ သွားတယ်။

ကျေးတောသားလုလင်ငယ်ကို တွေ့လိုက်ရင်ပဲ ဒိသာ ပါမောက္ခ ဆရာကြီးဟာ မျက်လုံးတွေ ပြူးသွားတယ်။ အလွန် အံ့ဩလို့ ရုတ်တရက်စကားမပြောနိုင်ဘူး။

အမြဲမှန်ခဲ့တဲ့ သူရဲ့ ဗေဒင်လက်တွက်နည်းကိုတောင် သံသယဝင်ရမလို ဖြစ်သွားတယ်။

သူက ကျေးတောသားလုလင်ငယ်ကို သေသေချာချာ ထပ်ကြည့်တယ်။ ဟုတ်ပါတယ်။ သူကိုယ်တိုင်တစ်လအတွင်း သေမယ်လို့ တွက်ကြည့်မိခဲ့တဲ့ လူငယ်ပါ။

"အို၊ လုလင် သင်သည်က ပြန်သွားတဲ့ 'တစ်လအတွင်း ဘာတွေများ လုပ်နေသတုန်းကွယ့်"

ဆရာကြီးဟာ အံ့ဩခြင်းကြီးစွာ၊ တုန်လှုပ်ချောက်ချားခြင်း ကြီးစွာ သိချင်စိတ်များစွာနဲ့ မေးတယ်။

ကျေးတောသားလေးက တစ်လအတွင်း သူဘာတွေ လုပ်ခဲ့ကြောင်း ခရေစေ့တွင်းကျ ပြန်ပြောပြပါတယ်။

အဲသည်တော့မှ ဆရာကြီးဟာ သေကံမရောက် သက်

မပျောက်သေးတဲ့ ကျေးတောသားလုလင်ငယ်ကို ပညာသင်ဖို့ လက်ခံလိုက်တော့တယ်။

**လောကမှာ၊ လူ့ဘဝမှာ--**

**အကုသိုလ်ကံကို ကုသိုလ်ကံနဲ့ ပယ်ဖို့ အရေးကြီးလှတယ်။**

အားနည်းတဲ့ အကုသိုလ်ကံရှိနေရင် အားကောင်းတဲ့ ကုသိုလ်ကံပြုပြီး တိုက်ပစ်လိုက်ဖို့ပဲ။

ကုသိုလ်ကံဖြင့် အကုသိုလ်ကံကို ညှဉ်းဆဲပစ်လိုက်ဖို့ပဲ။

သေကံမရောက်ရင် သက်မပျောက်ပါဘူး။

သေကံမရောက်အောင် ကောင်းမြတ်တဲ့ ကုသိုလ်ကံတွေကို ပြုရမှာ ဖြစ်တယ်။

အသက်ဉာဏ်စောင့် ဥစ္စာကံစောင့်တယ်။

ကုသိုလ်ကံ သတ္တိထူးတွေဟာ သေခြင်းတရားကို ယာယီ ဟန့်တားနိုင်ပါတယ်။

လူတွေမှာ နေရေးရှိသလို သေရေးရှိပါတယ်။

နေရေးမလွယ်သလို သေရေးကလည်း ပယ်လို့မရနိုင်ပါ။ ဒါပေမယ့် နေနိုင်သမျှ နေနိုင်ဖို့ကတော့ ကောင်းကံတွေ စုဖို့ လိုလှပါတယ်။

**သေရေးနေရေး အရှည်အေးဖို့ လေးလေးနက်နက် တွေးကြည့်ရင် ကုသိုလ်၊ အကုသိုလ် ဘယ်ဟာက ပိုနေရကြောင်း**

တာဖတ်သူအပေါင်းသိစေချင်လှပါတော့တယ်။ သြော်၊ လူ့ဘဝမှာ နေရေးမလွယ်သလို၊ သေရေးကလည်း ပယ်လို့ မရနိုင်ဘူး။

အဲသည် ပယ်မရတာကို ယာယီဆယ်မ်လို့ ရတာကဖြင့် ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘနဲ့ ကုသိုလ်ရေးတွေပဲ ဖြစ်ပါတော့တယ်။

သေကံမရောက်အောင် လုပ်ရင် ဘယ်သူမှ ကံမကုန်ဘဲ အသက်မပျောက်ပါဘူး။

* * *

## ဇနကတ်ဆိုတာ

လောကီထုတ်ပတ် လူတို့ဓာတ်မှာ ဇနကက်ဆိုတာ အရေးကြီးလှပါတယ်။

ဇနကက်က ရောက်ရှိနေတဲ့ ဘဝမှာ စားဝတ်နေရေး အဆင်ပြေမှုတွေ စွမ်းဆောင်နိုင်တယ်။

ကောင်းတဲ့ ဇနကက်ကောင်းရင် လူဟာ ကောင်းမွန်တဲ့ စားဝတ်နေရေး ရတာပါပဲ။

ဇနကက်မှာလည်း ကုသိုလ်ဇနကက်နဲ့ အကုသိုလ်ဇနကက်ရယ်လို့ ရှိပါတယ်။

ဇနကက်ကို ပင်မကံလို့လည်း ခေါ်ပါတယ်။

ကံတိုင်းဟာ မိမိစွမ်းအားနဲ့ အကျိုးပေးနိုင်တာ မဟုတ်ဘူး။ အချို့ကံတွေဆိုရင် အခြားကံတစ်ခု အကျိုးပေးနိုင်အောင် ကူညီထောက်ပံ့ရုံသာ စွမ်းနိုင်ပါတယ်။

အခြားကံတစ်ခု အကျိုးပေးမှုကို ဟန့်တားပိတ်ပင်တဲ့ ကံတွေလည်း ရှိတယ်။ အချို့ကံတွေက အကျိုးပေးနေတဲ့ ကံကို ဖြတ်တောက်ပစ်တယ်။

အခြံအရံကံတွေကို ပင်မကံအဖြစ် မသတ်မှတ်နိုင်ပါဘူး။

အကျိုးဝိပါကတွေကို ဖြစ်တတ်တဲ့ကံကို ဇနကကံလို့ ခေါ်ပါတယ်။

ဇနကကံဟာ ဘဝတစ်ခုမှာ ရှေးဦးစွာဖြစ်တဲ့ ဝိပါက်စိတ်၊ ဝိပါက်စေတသိက်တွေကိုလည်း ဖြစ်စေတယ်။ အဲတာနဲ့အတူ တစ်ပြိုင်တည်း ဖြစ်တဲ့ကံကြောင့် ဖြစ်တဲ့ ရုပ်တရားတွေကိုရော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဝတ္ထု၊ ရုပ် စတဲ့ကံကြောင့် ရုပ်ခန္ဓာအစဉ်ကိုရော၊ ကံတရားအကြောင်းရင်းရှိတဲ့ ဥတုကြောင့် ဖြစ်တဲ့ ရုပ်တရားရဖို့ရော ဖြစ်စေနိုင်ပါတယ်။

အကျိုးပေးနိုင်တဲ့ ပင်မကံဆိုတာ ဇနကကံကို ဆိုခြင်း ဖြစ်တယ်။

အကျိုးကို ဖြစ်ထွန်းစေတဲ့ကံပါပဲ။

ထောက်ကူတဲ့ကံတွေက အဲသည် ဇနက ပင်မကံကို ထောက်ကူရုံသာ တတ်နိုင်ပါတယ်။ သူတို့ဟာ ဘဝသစ်တစ်ခုကို ဖြစ်ထွန်းအောင် မစွမ်းဆောင်နိုင်ပါဘူး။ နောက်ယှက်ကံတွေ ကလည်း ထို့အတူပါပဲ။

အကုသိုလ်ဇနကကံကြောင့် တိရစ္ဆာန်ဘုံမှာ ဖြစ်ရစေမယ့်

ဘဝတစ်လျှောက်မှာ လုပတဲ့ အဆင်းရှိတာ၊ ဘုံဗိမာန်စတာတွေ ရတာဟာ ပဝတ္တိကုသိုလ်ဇနကကံကြောင့် ဖြစ်တယ်။

ကုသိုလ်ဇနကကံကြောင့် လူ့ဘုံ၊ နတ်ဘုံဖြစ်ရသော်လည်း ရုပ်မလှတာ၊ ဝေမာနိက ပြိတ္တာလို နေ့မှာ ချမ်းသာခံစား၊ ညဥ့်မှာ ဆင်းရဲတာ ပဝတ္တိကုသိုလ်ဇနကကံကြောင့် ဖြစ်တယ်။

* ဇနကကံသာ လူ့ဘဝ၌ ဖြစ်ရခြင်း၊ တိရစ္ဆာန်ဘဝ၌ ဖြစ်ရခြင်းဆိုတဲ့ အရေးပါတဲ့ အကျိုးပေးမှုကို စွမ်းနိုင်ပါတယ်။

ဇနကကံရဲ့ ကိစ္စလုပ်ငန်းတွေဟာ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ နှစ်မျိုးစလုံးမှာ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ရဲ့ ဖြစ်ပေါ်မှု၊ ဖြစ်ပေါ်နေမှုတို့ကို ပြုလုပ်ဆောင်ရွက်ပါတယ်။ ဒါပေမယ့် ပဋိသန္ဓေအခါ ရုပ်ခန္ဓာတို့ရဲ့ ရှေးဦးအစ ဖြစ်ပေါ်မှုကို ကုသိုလ်၊ အကုသိုလ်ကံ အထမြောက်မှ ပြုလုပ်နိုင်ပါတယ်။ ပဝတ္တိအခါ ဘဝတစ်လျှောက်လုံးမှာတော့ ကုသိုလ်ကံ၊ အကုသိုလ်ကံ အထမြောက်သည်ဖြစ်စေ၊ အထမမြောက်သည်ဖြစ်စေ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေရဲ့ ကိစ္စကို ပြုလုပ်ဆောင်ရွက်နိုင်ပါတယ်။

ကံအကျိုးပေးပုံကို မှတ်သားရင်--

ပဋိသန္ဓေအခါဆိုတာက ပဋိသန္ဓေစိတ်ဥပါဒ်တဲ့ အခိုက်ကို ရည်ညွှန်းတယ်။

ပဝတ္တိအခါ ဆိုတာက ပဋိသန္ဓေစိတ်ဥပါဒ်ပြီးသည်မှ စုတိစိတ်ကျတဲ့ အချိန်အထိ အပိုင်းအခြားကို ဆိုလိုပါတယ်။

ပဋိသန္ဓေ အကျိုးက ပဋိသန္ဓေစိတ်နဲ့ ယှဉ်ဖက်စေတသိက်

တွေ ပါဝင်ကြတဲ့ ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်တို့ ဖြစ်ကြတယ်။

ကဋတ္တာရုပ်ဟာ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်နှင့် ဥတု ကြောင့် ဖြစ်တဲ့ ဥတုဇရုပ်တို့ ဖြစ်ကြတယ်။

ပဝတ္တိအကျိုးဆိုတာက ဘဝင်စိတ်နှင့် ယှဉ်ဖက်စေတသိက် များ ပါဝင်ကြတဲ့ ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်တွေ ဖြစ်တယ်။

ကံရဲ့ သတ္တိဆိုတာ အထည်ကိုယ် အထင်အရှားမဟုတ်၊ သတ္တိမျှသာ ဖြစ်တယ်ဆိုတာကို သတိပြုရပါမယ်။

ကောင်းတဲ့ကုသိုလ်ဇနကကံကို အမြဲပြုနိုင်အောင် ကြိုးစား ပြီး မကောင်းတဲ့ အကုသိုလ်ဇနကကံကို ရှောင်နိုင်သမျှ ရှောင်ဖို့၊ မပြုမိဖို့ အရေးကြီးလှတယ်။

'ဒီဘဝ ဒီကိုယ်စံ

ဟိုဘဝ ဟိုကိုယ်ခံလိမ့်မယ်' ဆိုတာမျိုး လုံးဝမပြောင်းပါဘူး။

အမှန်တကယ်တော့ နောက်ဘဝ နောက်ကိုယ်ဆိုတာ သူများမဟုတ်ဘူး။

မိမိပဲ။ မိမိသာလျှင် ဖြစ်ကြောင်း သတိပြုပါ။

ဒီဘဝ ဒီကိုယ်စံ၊ ဟိုဘဝ ဟိုကိုယ်ခံလိမ့်မယ်ဆိုတဲ့ အတွေးဟာ သံသရာအဆက်ဆက် လွဲမှားစွာ ခံသွားရမယ့် အတွေးအယူအမှားသာ ဖြစ်တော့တယ်။

ဇနကကံဆိုတာ ပင်မကံဖြစ်တဲ့အတွက် အရေးကြီးလှ ပါတော့တယ်။

* * *

## အမွှာညီအစ်မ ခင်ကြွေ ခင်ဝေရဲ့ဇာတ်

လောကကြီးထဲကို စက္ကန့်၊ မိနစ်ပိုင်းအတွင်း အတူတူရောက်လာ၊ ထွက်လာကြတဲ့ ညီအစ်မ။

အမိဝမ်းတွင်းက ခင်ကြွေအရင်ထွက်လာတယ်။ မိနစ်ပိုင်းအတွင်း ခင်ဝေပါ ထွက်လာတယ်။

သူတို့ အမွှာညီအစ်မ မွေးဖွားရာမှာ သူ့မိခင်ဟာ ဘာအခက်အခဲကြီးကြီးကျယ်ကျယ်မှ မရှိခဲ့ပါဘူး။

တစ်လအပြည့်မှာ သူတို့အိမ်ကို ဆွမ်းခံအမြဲကြွတဲ့ ဘုန်းတော်ကြီးတစ်ပါးက တွက်ချက်ပြီး ခင်ကြွေ၊ ခင်ဝေရယ်လို့ အမည်ပေးပါတယ်။ ခင်ကြွေက အစ်မ၊ ခင်ဝေက ညီမ။

ခင်ကြွေနဲ့ ခင်ဝေတို့ အရင်နေခဲ့ကြတာက မြောင်းမြမြို့။ သူတို့အဖေက ပုသိမ်အနောက်သာပေါင်းမြို့သား။ အမေကတော့ မြောင်းမြသူစစ်စစ်။

အဖေဖြစ်သူက ရုံးအမှုထမ်း။ အစိုးရဝန်ထမ်းဖြစ်ပြီး အမေကတော့ အထည်ဆိုင်ဖွင့်တယ်။

ခင်ကြွေနဲ့ခင်ဝေဟာ ရုပ်ခြင်းတစ်ထေရာထဲဆင်တယ်။ အသားဖြူတာလည်း တူတယ်။ နောက်ဆုံးစကားပြောသံပါ တူပါတယ်။ အဲသည်လို တူတော့ အပြင်လူက မှားတာမပြောနဲ့၊ မိဘနှစ်ပါးတောင် မကြာခဏ မှားတဲ့အတွက် ငယ်စဉ်က ဆိုရင် လည်ပင်းမှာ အမှတ်အသားအဖြစ်နဲ့ ပရိတ်ကြိုးအဖြူနဲ့ အနီ ဆွဲပေးထားရတယ်။

ခင်ကြွေရဲ့ လည်ပင်းက ပရိတ်ကြိုးက အနီ၊ ခင်ဝေရဲ့ လည်ပင်းပရိတ်ကြိုးက အဖြူရောင်။

အမွှာညီအစ်မနှစ်ယောက်မှာ အစားအသောက်လည်း အတူတူကြိုက်တာပဲ။ တစ်ယောက်တစ်ကွဲ မကြိုက်ဘူး။

ငယ်စဉ်ကတည်းက အင်္ကျီဆင်တူဝတ်တတ်တဲ့ အလေ့ဟာ အလယ်တန်းကျောင်းသူအဆင့်အထိပါပဲ။

မူကြိုကနေ၊ မူလတန်း။ မူလတန်းကနေ အလယ်တန်း အထိ တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့ကြတာ၊ နောက်ဆုံး အထက်တန်းကျောင်းသူဘဝအထိ ဖြစ်တယ်။

သူတို့ညီအစ်မနှစ်ယောက်ဟာ အားကစားဝါသနာ ပါကြ ပြီး ကျောင်းလက်ရွေးစဉ် ဘောလီဘောအသင်းမှာ ပါဝင် ကစားကြတယ်။

မိဘတွေ ရန်ကုန်ပြောင်းလို့၊ ရန်ကုန်ရောက်တော့ မြို့နယ်လက်ရွေးစဉ် ဘော်လီဘောကစားသူတွေ ဖြစ်ခဲ့ကြတယ်။ သူတို့နှစ်ယောက်ဟာ အရုပ်အမောင်းတူသလို စိတ်ဓာတ်ကလည်း တူတယ်။ တစ်ယောက်ဝါသနာပါရာ တစ်ယောက်ပါပြီး ဘာသာရေး ခံယူချက်ဘက်မှာလည်း တူညီတဲ့ စိတ်ဓာတ်ရှိတယ်။ ခင်ကြွေဘုရားရှိခိုး၊ ပန်းလဲ၊ ဆွမ်းကပ်ရင် ခင်ဝေလည်းပါတယ်။ ဘုရားရှိခိုးရာတောင် အတူရှိခိုးတဲ့ အမွှာညီအစ်မပါ။

သူတို့ရဲ့ သူငယ်ချင်းတွေကဆို နောက်ပြောင်ပြောကြတယ်။

"နင်တို့နှစ်ယောက်က အပေါ့အလေးသွားတာတောင် အတူတူပဲ သွားကြသလား"တဲ့လေ။

အတူနေ၊ အတူစား၊ အတူကျောင်းတက်၊ အတူကစား၊ အိပ်တော့လည်း တစ်အိပ်ရာထဲ အိပ်တဲ့ အမွှာညီအစ်မနှစ်ယောက်၊ တစ်ယောက်တစ်ကွဲကွဲဖို့အကြောင်း တစ်ချက်ဖန်လာခဲ့ပါတယ်။

သူတို့ညီအစ်မနှစ်ယောက် ဆယ်တန်းစာမေးပွဲ ဖြေပြီးတဲ့နှစ်။ နွေရာသီကျောင်းပိတ်ရက်ကာလ။

သူတို့အဘွားက သာပေါင်းမြို့ကနေ ရန်ကုန်ကို ရောက်လာတယ်။ နှစ်ပတ်တိတိ နေတယ်။

အဘွားက ရန်လကုန်ကအပြန့်မှာ ပုသိမ်ကိုဝင်ပြီး

သူဆောက်လုပ်လှူဒါန်းတဲ့ ကမ္မဋ္ဌာန်းကျောင်းလေး ရေစက်ချပွဲ ရှိတယ်။ ရေစက်ချပွဲပြီးမှ သာပေါင်းမြို့ကို ပြန်မှာဖြစ်တယ်။

အဘွားလုပ်သူက အမွှာညီအစ်မကို ခေါ်သွားချင်တယ်။ မိခင်ဖြစ်သူကတော့ နှစ်ယောက်စလုံး မထည့်ချင်ဘူး။ အဘွားနဲ့ တစ်ယောက်ပဲ လိုက်သွားစေချင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ နှစ်ယောက်စလုံး ထည့်လိုက်ရင် အိမ်မှာချက်ပြုတ်မည့်သူ မရှိသလို အထည်ဆိုင်မှာ ကူရောင်းတဲ့ သိန်းကြည်ကလည်း မီးဖွားနေလို့ ဆိုင်မှာ ကူသူမရှိဘူး။ ဆိုင်အတွက်လည်း လူလို၊ အိမ်အတွက်လည်း လူလိုတော့ တစ်ယောက်တော့ ရှိမှဖြစ်မယ်။ သည်ကြားထဲ ဖခင်ဖြစ်သူက ဌာနဆိုင်ရာသင်တန်းတက်နေရတော့ အိမ်မှာ မရှိပြန်ဘူး။

အဘွားနဲ့အတူ ခင်ကြွေရော ခင်ဝေပါ လိုက်ချင်ကြတယ်။ ခရီးမသွားရတာလည်းကြာ၊ ကိုယ့်မြို့ကိုယ့်ရွာလည်း ပြန်တွေ့ချင်၊ ဆွေမျိုးညီအစ်ကိုမောင်နှမတွေနဲ့လည်း အလှူမှာ ဆုံတွေ့ချင် နေကြတယ်။

နောက်ဆုံးတော့ နှစ်ယောက်ထဲက တစ်ယောက်လိုက်ဖို့ စဉ်းစားကြတယ်။

မိခင်ဖြစ်သူကိုယ်တိုင် မဲလိပ်လုပ်ပြီး မဲနှိုက်ခိုင်းတယ်။ မဲပေါက်သူ အဘွားနဲ့ လိုက်သွားရမယ်လို့ ဆုံးဖြတ်ကြတယ်။ အဘွားကိုလည်း တစ်ယောက်ထဲ ပြန်မလွှတ်ချင်ဘူး။

အမှာညီအစ်မနှစ်ယောက် မဲနိုက်ကြတာ အကြီးမ ဖြစ်တဲ့ ခင်ကြွေကံကောင်းပါတယ်။ အကြီးမဖြစ်တဲ့ ခင်ကြွေလိုက်ခွင့် ရခဲ့တယ်။ ဒါပေမယ့် ခင်ကြွေက မလိုက်ပါဘူး။ မျက်ရည်တဝဲဝဲ ဖြစ်နေတဲ့ ညီမခင်ဝေကို သနားပြီး ညီမလေးကို လိုက်ခွင့်ပြုလိုက် ပါတယ်။

မဲပေါက်ကံကောင်းသူက လိုက်မသွားဘဲ မဲမပေါက်သူက လိုက်သွားရတယ်။ မေတ္တာစိတ်ရယ်ပါ။

အဘွားနဲ့ ညီမကို အစ်မဖြစ်တဲ့ ခင်ကြွေက သင်္ဘောဆိပ် လိုက်ပို့တယ်။ မိခင်က ဆိုင်ထွက်နေရလို့ မပို့နိုင်ဘူး။

ရန်ကုန်သင်္ဘောဆိပ်က ထွက်သွားတဲ့ နှစ်ထပ်ဗုဂ္ဂလိကာ ကြားသင်္ဘောကြီးကို ကြည့်လို့ လက်ပြရင်း ဗောတံတားပေါ်မှာ ခင်ကြွေတစ်ယောက်ထဲ ကျန်ခဲ့ပါတယ်။ မခွဲစဖူး ခွဲရလို့ သူ့ရင်ထဲမှာ ဆို့နင့်နေတယ်။

ငယ်ကတည်းက မခွဲခဲ့တာ၊ ခုမှခွဲပြီး ခရီးသွားလို့ ခင်ကြွေအဖို့ မျက်ရည်ကျရတဲ့ အထိပါပဲ။

ခဏခွဲခြင်းပဲလို့ ထင်ခဲ့တာ--

နောက်တစ်နေ့ ကြားရတဲ့ သတင်းဆိုးကြီးကတော့ ထာဝရခွဲခြင်းဖြစ်ခဲ့ပြီ။ ထာဝရခွဲရပြီ။

လိုက်ဖို့ မဲမပေါက်တဲ့ ခင်ဝေနဲ့ အဘွားစီးသွားတဲ့ နှစ်ထပ်ကြားသင်္ဘောဟာ ပုသိမ်၊ ရန်ကုန်ခရီးစဉ်ရဲ့ ကြားမှာရှိတဲ့

ကံရှာကို ကျော်လာပြီး မကြာခင်မှာ ရတ်တရက် ပြင်းထန်တဲ့ လေမုန်တိုင်းမိပြီး နစ်သွားရှာပါတယ်။ မိုးတွင်းမဟုတ်ဘဲ နွေရာသီကြီးမှာ ဘယ်က မုန်တိုင်းဝင်တိုက်ခဲ့သလဲ မသိပါဘူး။

ခင်ဝေရဲ့ ကံမကောင်းလှတဲ့အဖြစ်ဟာ ဘယ်ဘဝက အကြောင်းပါခဲ့တယ် မသိပါဘူး။

အဘွားဖြစ်သူက ကယ်သူတွေ့လို့ အသက်ရှင်ပြီး ခင်ဝေက အသက်မရှင်ဘူး။ ခြောက်ဆယ့်ငါးနှစ်အဘွားက မသေဘဲ ဆယ့်ရှစ်နှစ်မြေးက သေခဲ့ရတယ်။

ဪ--ကံတရားရယ် ဘယ်လောက်များ ဆန်းကြယ်လှပါသလဲ။

သိပ်ချစ်ကြတဲ့ ညီအစ်မ၊ စိတ်ညစ်ရတဲ့အဖြစ်က ဆိုးလှပါတယ်။

မဲပေါက်တဲ့ အကြီးမ ခင်ကြွေသာ လိုက်သွားရင် ခင်ဝေ သေမှာ မဟုတ်ပါဘူး။

ကံဆိုတာက ဆန်းတယ်။ လိုက်ခွင့်ရတဲ့ ကောင်းတဲ့ ကံကလည်း ဆိုးတာ ဖြစ်ရတယ်။ ခရီးစဉ်ကလည်း ကောင်းတဲ့ ကိစ္စသွားတာ၊ မကောင်းတဲ့ ရည်ရွယ်ချက်နဲ့ ခရီးသွားတာ မဟုတ်ပါဘူး။

ကံ၊ ကံရဲ့ အကျိုးဟာ ဘယ်လိုအမျိုးအစားကိုမှ မညှာတာပါဘူး။ သိပ်ကြောက်ဖို့ ကောင်းပါတယ်။

အဘွားဖြစ်သူဟာ အဲသည်အချိန်ကစပြီး မြေးအတွက် ရတက်ဖြာပြီး စကားတောင်များများ မပြောတော့ဘူး။ သူ့ကြောင့် ဖြစ်ရတာလို့ တွေးမိပြီး စိတ်ထိခိုက်သွားရှာတယ်။ ဒါပေမယ့် အဘွားက တရားသမားမို့ တရားထိုင်ပြီးတော့ သောကကို နှင်ထုတ်ပါတယ်။

အစ်မဖြစ်တဲ့ ခင်ကြွေလေးကို ဆေးရုံပို့ရတဲ့နေ့ကတော့ ဆယ်တန်းစာမေးပွဲအောင်တဲ့နေ့။ သွားလေသူဖြစ်တဲ့ သူ့ညီမလေး ခင်ဝေဟာ ဂုဏ်ထူးနှစ်ခုနဲ့တောင် အောင်တယ်။ သူက ရိုးရိုးပဲအောင်တယ်။ ဆယ်တန်းအောင်ရာမှာတော့ သူတို့ နှစ်ယောက်ရဲ့ ကံဟာ ကွဲပြားခဲ့ပြီ။

"ကံဆိုးလိုက်တဲ့ ညီမလေးရယ်၊ မမဘယ်လိုဖြေရမလဲ"ဆိုတဲ့ အစ်မခင်ကြွေရဲ့ ငိုသံဟာ လူနှစ်ထောင်ကျော်နေတဲ့ စပယ်ကုန်းလမ်းသွယ် ရပ်ကွက်တစ်ခုလုံးကို စိတ်ထိခိုက် ရပါတော့တယ်။

ရပ်ကွက်တစ်ခုလုံး သတင်းကြားသူမှန်သမျှ စိတ်ထိန်းလို့ မရကြဘူး။ ငိုကြ၊ ပြောကြ၊ သောကရောက်ကြတယ်။

သတင်းလာမေးတဲ့ ရပ်ကွက်လူကြီးထဲက အချို့ဟာ စိတ်မထိန်းနိုင်ဘဲ ခင်ကြွေတို့အိမ်ပေါ်မှာတင် ရှိုက်ကြီးတငင် ငိုကြတယ်။

ဈေးထဲက နာရေးလာမေးကြတဲ့ ဈေးသူဈေးသား တွေကတော့ ခင်ကြွေကိုမြင်လေ၊ ငိုကြလေပဲ။ ပဲပင်ပေါက်၊ ပဲပြားရောင်းတဲ့ အဒေါ်ကြီးကတော့ တက်ပြီး သတိတောင် လစ်သွားရှာတယ်။

ရပ်ကွက်ဘုန်းကြီးကျောင်းဆရာတော်ကြီးတစ်ပါးကတော့ "ကံဆိုတာ ဒီလိုလည်း ရှိတတ်ပါလား၊ ဩော်--အနိစ္စ၊ ဒုက္ခ၊ အနတ္တ"ရယ်လို့ ခဏခဏ ဆိုမိန့်ပြီး ခေါင်းတငြိမ့်ငြိမ့် ဖြစ်နေပါတယ်။

ခင်ဆေရဲ့ နာရေးရက်လည်ဆွမ်းကျွေးကတော့ ပွဲတော်တမျှ ကို စည်ကားပါတယ်။ လှူငွေသိပ်များတယ်။

အဲသည်နေ့မှ ဆန်းကြယ်တဲ့ ကူငွေ၊ အလှူငွေကတော့ ရပ်ကွက်ထဲက အရက်သမားတစ်စုရဲ့ အလှူငွေပါပဲ။ အရက်ဆိုင်မှာ အရက်လာသောက်တဲ့ အရက်သမားတွေ ရှိစုမဲ့စု စုပြီး လာကူတဲ့ ငွေပါပဲဗျာ။

စာအိတ်မှာ ရေးထားတာက--

ခင်ဝေလေး ကောင်းရာသုဂတိရောက်အောင် လှူဒါန်း ပေးပါရန်တဲ့။

ရှင်လူသတ္တဝါ၊ ထိုများစွာကား၊
အပရာပရိယ၊ ကံကိစ္စနှင့်၊
ကင်းကြသူတီ၊ မည်မရှိရှင်၊

မသိနိုင်တောင်း၊ ကံဆိုးကောင်းကို၊
ဦးခေါင်းရွက်၍၊ အရျက်သင့်ရာ--
ခံရာစွာ၏။

(မဃဒေဝ-၂၆၄)

လောက၌ 'သူ့ကံ'သည် သူပိုင်ဥစ္စာဖြစ်၍ 'ငါ့ကံ' သည် ငါပိုင်ဥစ္စာလို့သာ သတ်မှတ်ရမှာ ဖြစ်ပါတော့တယ်။

ကံသာအမိ၊ ကံသာအဖ၊ ထာဝရ မှန်ကန်နေမယ့် တရားပါပဲ။

* * *

## အမှောညီအစ်ကို ကိုသာလှ၊ ကိုသာမြရဲ့ဂါ

လောကမှာ ပြောရရင်

ညြချစရာ 'ဂါ'တွေ အများကြီးပါပဲ။

အမှာညီအစ်ကိုကို မွေးတဲ့ညက ခွေးကတက်လေ့ခါး အဝမှာ မြွေပွေးကြီးတစ်ကောင် တက်လာသတဲ့ဗျ။

ရောမမြွေပွေးဟာ ခွေးကတက်ကို ဘေးတစ်ဖက်က တက်လာတာကို မြင်လိုက်တဲ့ ဒေါ်ထွေး အမယ်လေး အော်လိုက်လို့ မီးနေသည်တောင် လန့်သွားခဲ့ရှာတယ်။

မြွေပွေးမောင်းဖို့ ဒေါ်အေးသောင်းက မေတ္တာလည်းပို့၊ တုတ်နဲ့လည်း တို့ခဲ့ရတယ်။

မြွေပွေးတက်ပြီး ဆယ့်တစ်ချက်အထိုး၊ စနေည အမှောင်မှာ သာလှနဲ့ သာမြ အမှာညီအစ်ကိုကို အောင်မြင်စွာ မွေးဖွားခဲ့တယ်။

စနေညအမှောင်က စနေသားတွေ။

သာလုက အကြီး၊ သာမြက အငယ်။ ရုပ်ချင်းတူပေမယ့် အငယ်သာမြက အကြီးသာလုထက် ပိုပြီးထွားတယ်။ ပေါင်ချိန် များတယ်။

ထူးခြားတာက သာမြပခုံးမှာ ရောမမှည့်နက်ကြီးတစ်လုံး။ နက်ပြီးခုံးနေတာ၊ ဖြုန်းခနဲဆို မွေးလိုက်တာနဲ့ကို တွေ့ရတယ်။

မိခင်ဖြစ်သူ ဒေါ်သူဇာဟာ မီးဖွားပြီး ခဏတောင် မကြာလိုက်ပါဘူး။ မီးနေခန်းက မီးစာမကုန်၊ ဆီမငြိမ်းခင် သူ့ခမျှ မရဏကို မြန်းသွားရှာပါတယ်။

စနေ ညမိုးမှောင်မှောင်မှာ ဦးဖိုးတောင်ရဲ့ သားများဖြစ်တဲ့ သာလုနဲ့ သာမြဟာ လူ့ဘဝခရီးကို စ,ကြပါတော့တယ်။

ဖျက်တဲ့၊ ပျက်တဲ့ကံရှိသလို တက်တဲ့ ထွက်တဲ့ကံလည်းပဲ ရှိပြန်ပါတယ်။

အမွှာညီအစ်ကိုနှစ်ယောက် မွေးပြီး ရှစ်လအကြာမှာ ဦးဖိုးထောင်ဟာ ရှစ်ဂဏန်းအစနဲ့ ရှစ်ဂဏန်းအဆုံး၊ အလယ်မှာ နှစ်နှစ်လုံး၊ တစ်တစ်လုံးနဲ့ သုံးတစ်လုံးပါပြီး သိန်းဆုကြီး တစ်ကိုယ်တည်း ပေါက်ပါတော့တယ်။

စနေသားတွေ မွေးပြီး ထီပေါက်ရုံမက အဲသည်နှစ်မှာ သူ့လယ်တွေက စပါးအထွက်နှစ်ဆ တိုးခဲ့ပြန်တယ်။

မကောင်းကံ နှစ်မကူးခင် ကောင်းကံတွေ ထူးလာတာ ကတော့ ဆောင်းဦးပေါက်၊ စပါးပေါ်ချိန် ငွေပေါ်ချိန်ပါပဲ။

စီးပွားရေးကောင်းလာတော့ သမီးနဲ့သားတွေ အရေးက ဦးဖိုးတောင်မှာ သိပ်မပူရဘူး။

သဲဖြူသောင်ဆည်ဝမှာ နေတဲ့ ခယ်မကြွယ်မြကို အတူနေရအောင် ခေါ်ထားလိုက်တယ်။ ခယ်မ ကြွယ်မြကလည်း တကယ်လှပါတယ်။

ကလေးတွေကို ခယ်မကကြည့်။ နို့စားနွားမလေးကောင်တောင် ရှိတော့ နို့ကလည်း အိမ်မှာအပြည့်။ ပိုလို့တောင် ကိုဖိုးထောင်ရဲ့ညီ ကိုဖိုးမောင်က ကူးတို့ဆိပ် လက်ဖက်ရည်ဆိုင်ကို ရောင်းရတယ်။ စီးပွားရေးတစ်ဖက်တစ်လမ်းပဲ။

သပြေကွင်းမှာ တယ်လီဗေးရှင်းရှိတဲ့အိမ်က အမှာညီအစ်ကို အိမ်ပါပဲ။

ရက်ကလ၊ လကနှစ်၊ စက္ကန့်က မိနစ်၊ မိနစ်က နာရီ၊ အချိန်တွေ အလီလီ ရာသီတွေ အခါခါပြောင်းပြီး အမှာညီအစ်ကို အသက်ကိုးနှစ်ကိုးလအရောက် ကံကြမ္မာဆိုးက တစ်ဖန် ပြန်တိုးလာပြန်ပါတယ်။

စပါးခွဲကြိတ်တဲ့ ရွာထိပ်အိမ်က အိပ်နေတုန်း မီးလောင်တာ ဦးဖိုးထောင်အိမ်ပါ ပါသွားတော့တယ်။

ညနက်သန်းခေါင် အမှောင်ရိုင်းချိန်လောင်တဲ့ မီးမို့ ဘယ်ပစ္စည်းမှ သိမ်းဆည်းဆယ်မ မရလိုက်ပါဘူး။

မီးအလောင်၊ လေအပင့်၊ ဆင့်ဆင့်လာတဲ့ မီးတောက်

မိုးလျှံကို ရှောင်ရင်း ကလေးနဲ့ ဇယ်မကို တွဲလို့ ရရာသာ သယ်မပြေးခဲ့ရတယ်။

နွားတွေ မောင်းရာက ကောင်းလှတဲ့ မိုးက ဦးဖိုးထောင် ခါးစောင်းက ပုဆိုးကို လာစွဲတယ်။ အသက်မသေပေမယ့် ရတက်မွေ့ရတဲ့ မိုးဟာ ဘဝခရီးကို တစ်မျိုးပြောင်းသွားတယ်။ ကံဆိုးပြန်တိုးရတဲ့အဖြစ်။

လယ်ကလေး ကျန်သေးလို့သာ တော်တော့တယ်။ ဒါပေမယ့် လယ်ကလေးအပေါင်ထားပြီး အောက်ခြေက ခေါင်ဖျားအထိ အသိလက်သမားဌားလို့ ဘဝခရီးဆက်သွားဖို့ အိမ်ကလေး ပြန်ဆောက်ရတယ်။

တက်ကံ၊ ဆင်းကံ၊ အဖန်ဖန်မှာ အမွှာညီအစ်ကိုစံလိုက်၊ ခံလိုက်နဲ့ ကြီးပြင်းခဲ့ကြတယ်။

ဦးဖိုးထောင်ဟာ ပင်ပန်းလှတဲ့ လူ့ဘဝခန္ဓာတာဝန်ကို အသက်လေးဆယ်ပြည့်မှာပဲ အနားယူသွားတော့တယ်။

သာလှနဲ့သာမြဟာ ကြီးပြင်းလာတော့ အဲသည် သပြေကွင်းရွာမှာပဲ အိမ်ထောင်ကျခဲ့ကြတယ်။ ရွာထဲက မိန်းကလေးတွေနဲ့ပါပဲ။

ဆယ်တန်းအောင်ခဲ့တဲ့ သာလှက မူလတန်းဆွဲခန့်ဆရာလေး ဖြစ်ခဲ့တယ်။

သာမြက ရှစ်တန်းမှာ ကျောင်းထွက်ပြီး အလုပ်မရှိဘဲ

တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်။ ဒါပေမယ့် ယောက္ခမက ချမ်းသာတယ်။ ပညာမတတ်ပေမယ့် သူ့ကံက တစ်မျိုး။

ရွာရိုးကိုးပေါက်လျှောက်ပြီး လည်ယာပြန်စား၊ လျှောက်လည်ရာက အိမ်ပြန်စားပြီး သူ့မှာ ဒုက္ခသိပ်မရှိဘူး။

သာမြဟာ သူ့မိန်းမကို သူရှာမကျွေးရတဲ့အပြင် ကလေးတွေကိုလည်း တာဝန်မယူရပါဘူး။ ချမ်းသာတဲ့ ယောက္ခမက သူ့ကို ပြန်ကျွေးထားတယ်။

သာလှကတော့ စေတနာ၊ အနစ်နာ၊ ဝါသနာနဲ့ ဆရာလေးဖြစ်ပေမယ့် ယောက္ခမအမေအိုကြီးကိုပါ ရှာဖွေကျွေးရတယ်။ မိန်းမက ချူချာတယ်။ ဒါပေမယ့် သူတို့ ဇနီးမောင်နှံက ကလေးလေးယောက်တောင် ထွန်းကားခဲ့တယ်။

လူပေါ်ကြော့သာမြဟာ အိမ်ထောင်ကျပြီး ခြောက်နှစ်အကြာမှာ သိန်းထီပေါက်ပြန်တယ်။ သူ့အဖေရဲ့ ကံမျိုး သူ့မှာပါလာတယ်။

သူပေါက်တဲ့ တီထိုးစဉ်က ငွေဟာ, သူ့အိမ်က ဝက်သိုးအရောင်းလိုက်ပြီး ရတဲ့ငွေနဲ့ လမ်းကြုံရင်း ထိုးခဲ့တာပါ။

သိန်းထီပေါက်တဲ့ သာမြဟာ ရွာမှာ လုပ်ချင်ရာ လုပ်တာပဲ။ နောက်တော့ ရွာထဲတွင်မကဘဲ အနီးအနားရွာတွေပါ လျှောက်သွားတယ်။ ဖဲရိုက်၊ ကြက်တိုက်၊ အရက်သောက်၊ နွားပွဲဆွဲနဲ့။

သူစိတ်ထင်တိုင်း ကြံနေတော့တယ်။ သူ့နောက်လိုက်ကလည်း ပင်တိုင်လူကိုးယောက်လောက် ရှိတယ်။ တပည့်များတယ်။

သာမြက်က တစ်မျိုး။ ဖဲရိုက်လည်း နိုင်တာသာ များတယ်။ ကြက်တိုက်လည်း ရှုံးခဲတယ်။

"လေထိုးရင် လေလျော်မယ်။ ငွေထိုးရင် ငွေရော်မယ်။ လေ့မျှောလေ့နဲ့လိုက်၊ ငွေမျှောရင် ငွေနဲ့လိုက်၊ သာမြဆိုတဲ့ ကောင်က လျော်ဖို့လည်း လက်မနှေးဘူး၊ ပေးဖို့လဲ လက်မတွန့်ဘူး" ဆိုတာ သာမြရဲ့ ပြောနေကျ လက်သုံးစကား။

လုပ်ချင်သမျှလုပ်။ ဖြစ်လိုရာဖြစ်နေတော့ သူဟာ လေးငါးဆယ်နှစ်မှာ သိန်းငါးဆယ်လောက်ကို ချမ်းသာတဲ့လူ ဖြစ်သွားတယ်။ ဆယ်နှစ်အတွင်းမှာ တကယ်ကို ဖြစ်သွားခဲ့တာ ဖြစ်တယ်။

ဘယ်ငါးအင်းလေလံ သာမြရသွားတယ်။

ဘယ်ရွာက ဘယ်အသုဘမှာ သာမြအကုန်သိမ်းသွားတယ်။ ဘယ်တုန်းက ပွားပွဲမှာ သာမြအလုပ်ဖြစ်တာ ဘယ်လောက်ရှိမယ်။ သာမြအကြွေးနဲ့ သိမ်းတဲ့ကားက ဘယ်လောက်တောင် မြတ်တယ်ဆိုတဲ့ သတင်းစကားတွေ ရွာထဲမှာ ပြန့်နေတယ်။

သည်လိုထဲမှာ သာမြဝက်မွေးတာကလည်း နေရာအနှံ့။ သူ့တပည့်တွေကို တစ်ကောင်စ၊ နှစ်ကောင် ဝယ်ပေးပြီး အစုစပ်မွေးရာကနေ နောက်တော့ အများကြီး ဖြစ်လာတယ်။ စပါးကြိုတင်ငွေ ပေးထားတာကလည်း, အလုပ်ဖြစ်နေတယ်။

သူဌေးသာမြဟာ သူတွေးတာ မှန်သမျှ အကုန်ဖြစ်နေတော့ တာပဲ။

ဖဲဝိုင်းတစ်ခုမှာ မိလို့တော့ သူဟာ ထောင် (၃)လ ကျတယ်။ ဒါပေမယ့် ထောင်က ထွက်လာတဲ့နေ့ ညဘက်မှာ အသုဘဖဲဝိုင်းရှိတယ်။ သာမြဝင်ဒိုင်ကိုင်တယ်။ အဲသည်ညက ခြောက်သောင်းကျော် သူနိုင်တယ်။ ထောင်က ထွက်လာတဲ့နေ့ပဲ။

ငွေရှိလာတဲ့ သာမြဟာ မိန်းမလည်း ပွေတယ်။ အနီးရွာက မိန်းမတစ်ယောက်ထပ်ယူတယ်။ အိမ်တစ်ဆောင်မီးတစ်ပြောင် ထားတယ်။ နောက်သုံးနှစ်မှာ သူ့တပည့်တစ်ယောက်ရဲ့ မယားကို သူတတိယမယားအဖြစ် ယူတယ်။ တပည့်ကို လျော်ကြေး၊ ကွာရှင်းကြေးပေးယူတာ ဖြစ်တယ်။

အမွှာညီအစ်ကိုမှာ မတူတာက အတိတ်ကံကြောင့်လို့ ပြောရမလား မသိဘူး။

ဘုရားနဲ့တရားနဲ့ သံဃာကိုပါ မမေ့တဲ့ အကြီးကောင်သာလှ က မချမ်းသာဘူး။ ထိမပြောနဲ့၊ ငွေတစ်ဆယ်တောင် ကောက် မရဖူးဘူး။

လူမှုရေးနဲ့ ပရဟိတလုပ်တဲ့ သာလှဆရာလေးကို လူချစ်လူခင် ပေါပါတယ်။ ဆင်းရဲလှတဲ့ သူ့ဘဝကို ကရုဏာ သက်ကြပါတယ်။ ဒါပေမယ့် ထိထိရောက်ရောက် ကူညီသူတော့ မရှိဘူး။

ရွာထဲက လူတွေဟာ သာလှနဲ့ သာမြကို ကြည့်ပြီး အံ့သြကြတယ်။

ဘုရား၊ တရား ရှိသေ၊ အများကောင်းမှုလုပ်တဲ့ သာလှက မချမ်းသာဘဲ လူဆိုးလူမိုက် အရက်သမား၊ ဖဲသမား၊ ကာမေသု သမားက ကြီးပွားချင်တိုင်း ကြီးပွားနေတာကို အံ့သြတယ်။ ကံတရားက ဉာဏ်များလှတယ်လို့ ပြောတယ်။

ဘယ်လိုကံလဲ၊ သာလှက အတိတ်ကံ မကောင်းဘူး။ လူမိုက်သာမြက အတိတ်ကံကောင်းလှပါလားလို့ ပြောကြတယ်။

အဲသည်မှာ အံ့သြရဆုံး အချက်တစ်ချက်တော့ အရက်မား၊ ဖဲသမားသာမြဟာ ထီနောက်တစ်ကြိမ် ထပ်ပေါက်ခဲ့တာ ဖြစ်တယ်။

ကံတရားရဲ့ သဘောက မဆန်းကြယ်ပေဘူးလား။

အဲသည်အဖြစ်ဟာ ရွာစဉ်တစ်လျှောက် နာမည်ကို ကျော် သွားတာပဲ။ ပြောမဆုံးပေါင်၊ တောသုံးတောင်တွေ ဖြစ်ကုန်ကြ ရော။

အမှာညီအစ်ကိုသာလှနဲ့ သာမြကံဟာ ဆန်းကြယ်ပါတယ်။ မွေးတဲ့မိဘ၊ မွေးတဲ့ရက်၊ နေတဲ့ရပ်ရွာ တူတယ်။ ရုပ်ချင်း ခွဲမရအောင် တူတယ်။ စိတ်ချင်း၊ အလုပ်ချင်း မတူဘူး။ ချမ်းသာဆင်းရဲ မတူဘူး။ လောကီမှာသာလှက ဆင်းရဲတယ်။ မှန်တာလုပ်ပြီး ဆင်းရဲနေတယ်။ မိန်းမက မကျန်းမာတော့

ဒုက္ခတွေ များတယ်။ ကလေးများတော့ မလုံလောက်ဘူး။ အကြွေးပတ်လည်ဝိုင်းနေသူကို ဆရာလေးသာလှဟု ခေါ်ပါသည်လို့ ဆိုရမလောက်ပါပဲ။

မမှန်တာလုပ်တဲ့ သာမြက မိန်းမသုံးယောက် ကလေးခြောက်ယောက် ရှိပေမယ့် ချမ်းသာနေတယ်။ သူချမ်းသာနေပေမယ့် သူ့အစ်ကိုကို သူမကြည့်ရှုပါဘူး။ သူ့အစ်ကိုကလည်း သူ့ရဲ့ အကူအညီ မယူချင်ဘူး။

နောက်ဆုံး အသက်တွေကြီးလို့ ဇာတ်ပေါင်းခန်း 'ကံ' တွေကို ဖော်ပြရမယ်ဆိုရင်တော့--

မန်လည်ဆရာတော်ကြီးရဲ့--

လူမိုက်ကျင့်ရာ၊ ကံဆယ်ဖြာလည်း

မိစ္ဆာပထ၊ ပါယ်လမ်းမတည့်

ဘဝယုတ်မာ၊ ရောက်တတ်စွာခဲ့--

ဆိုတဲ့ ဆုံးမလင်္ကာနဲ့ စတင်ရပါလိမ့်မယ်။

**မသူတော်လာဘ်ရတာတွေဟာ ပျက်စီးကြောင်းတွေပါပဲ။**

**လူမိုက်ကံကောင်းတာတွေဟာ နစ်မွန်းကြောင်းတွေပါပဲ။**

လူမိုက်၊ အရက်သမား၊ ဖဲသမား၊ ကာမေသုသမား လူချမ်းသာ သာမြဟာ အသက်ငါးဆယ့်ခြောက်နှစ် အရောက်မှာ လေဖြတ်ပြီး အိပ်ရာထဲက မထနိုင်တော့ပါဘူး။ ဗုန်းဗုန်းကို လဲပါရော။

အရက်ဒဏ်တွေ၊ လိင်အပျော်အပါးဒဏ်တွေ၊ အကုသိုလ် ဒုစရိုက်ဒဏ်တွေ ခံရပါပြီ။

စကားလည်း ပီအောင် မပြောနိုင်ဘူး။ ထလည်းမထနိုင်၊ လမ်းလည်း မလျှောက်နိုင်ဘူး။ ကျင်ကြီးကျင်ငယ်တောင် ပက်လက်စွန့်ရတဲ့ အဖြစ်ဆိုးမျိုး ဖြစ်နေခဲ့ပြီ။ ငါမဟုတ်တဲ့ ငါ့ရုပ်ဟာ ဘာမှ မလုပ်နိုင်အောင် ဖြစ်ခဲ့ရပါပြီ။

ရက်ကနေ နှစ်ကူးလာတော့ ဦးဆုံးမှာ တတိယမယား ငယ်က မြို့ကို လစ်ပြေးတယ်။ သူ့တပည့်တစ်ယောက်နဲ့ လိုက်ပြေးတာပါပဲ။ တူသော အကျိုးပေး ခံရပြီလေ။

မယားကြီးကတော့ စိတ်လည်း နာတယ်။ ပြီးတော့ သူက ဒုတိယမယား အိမ်ရောက်နေလို့ ကြည့်ဖို့ ခက်နေပြီး မကြည့်ဘူး။

စိတ်ကောင်းရှိတဲ့ ဒုတိယဇနီးမယားကတော့ ကြည့်နိုင် သလောက် ကြည့်တယ်။ ဒါပေမယ့် ကြာတော့ စိတ်ပျက်လာရ ရတယ်။ အခိုင်းအစေနဲ့ပဲ လွှတ်ထားတယ်။

သာမြစီးပွားတွေလည်း ပျက်ကုန်ပြီ။ တပည့်အများစုက လိမ်ညာယူပြီး လစ်သွားကြတယ်။ အဆိုးဆုံးကတော့ သူ့အိမ်က ရတနာနဲ့ ငွေတွေ၊ ပစ္စည်းတွေကို ဒုတိယမယားရဲ့ မောင်ဖြစ်တဲ့ သူ့ယောက်ဖက ခိုးပြေးတာပါပဲ။

ငွေကုန်လူပန်း အကုသိုလ်လောကငရဲလမ်းကို မသေခင် မှာပဲ သာမြလှမ်းခဲ့ရပါပြီ။

အိပ်ရာထက်မှာ ပူလောင်တဲ့ မျက်ရည်တွေကျပြီး အိမ်ဖော်လာကျွေးမယ့် ထမင်းပန်းကန်ကို စောင့်စားနေရတော့တဲ့ အဖြစ်ဆိုး ရောက်ခဲ့ရပြီ။ အသက်ကြီးမှ ဆိုးကံတွေ ဖိစီးခံရပြီလေ။ အတိတ်ကောင်းကံတွေပျောက်၊ ဆိုးကံတွေရောက်တဲ့အချိန်ပါ။ သူ့ကို သန့်ရှင်းမှု လုပ်ပေးမယ့် လူမရှိရင် တစ်ကိုယ်လုံး ကျင်ကြီးကျင်ငယ်တွေ ပေနေတယ်။ တစ်ခါတလေ ရေသောက်ချင်လို့လည်း ရေမသောက်နိုင်ဘူး။ ရေလာတိုက်သူရှိမှ ရေသောက်ရတယ်။

သူတစ်ချိန်က အနိုင်ကျင့်ခဲ့တဲ့ လူတွေကဆိုရင် ပက်လက်ဖြစ်နေတဲ့ သာမြကို ခုမှ နိုင်ရတဲ့ သဘောနဲ့ နှိမ်ချပြောကြတယ်။ ဂလဲ့စားချေသူက ချေကြတယ်။

သူ့ဆီကို ငါးရံ့ဆံပြုတ်လာပေး။ သန့်ရှင်းရေး မှန်မှန်လာလုပ်ပေးတာကတော့ သူ့အစ်ကိုကြီးဖြစ်တဲ့ ဆရာသာလှပါပဲ။

ဆရာသာလှ 'ကံ'ကတော့ သူ့ယောက္ခမနဲ့ ဖနီးသေပြီး မရှေးမနှောင်းမှာ 'ကံ'ကောင်းသွားတယ်ဆိုရမှာပါ။

သမီးအကြီးဖြစ်သူက တပ်မတော်အရာရှိ တစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ သမီးကလည်း အလယ်တန်းပြ ဆရာမ ဖြစ်ပြီ။ သားတစ်ယောက်က တိုင်းလက်ရွေးစဉ် ဘောလုံးသမားဘဝ ကနေ ရန်ကုန်ပထမတန်း အသင်းတစ်သင်းကို ရောက်သွားပြီး အလုပ်လည်း ရနေပြီ။ သမီးလတ်က ဘုန်းကြီး လူထွက်

တစ်ယောက်နဲ့ အိမ်ထောင်ကျပြီး အထက်အညာမှာ သက်နီး ပရိက္ခရာဆိုင် ဖွင့်ပြီး စီးပွားတက်နေပါတယ်။

ဆရာသာလုဟာ သားအငယ်ဆုံး ကျောင်းပြီးသွားရင်တော့ သာသနာ့ဘောင်ဝင်ဖို့ ဆုံးဖြတ်ချက်ပိုင်ပိုင်ချပြီးခဲ့ပါပြီ။ လောကီစွန့် လောကုတ်လမ်းလျှောက်တော့မှာ ဖြစ်တယ်။

ဆရာသာလုဟာ အားလပ်တာနဲ့ သူ့ညီသာမြရှိရာကို လာရောက်ပြုစုပြီး--

လောကရဲ့ မမြဲတဲ့ တရား

'ကံ' တရားရဲ့ အလှည့်အပြောင်း။

အကုသိုလ်ဒုစရိုက်ရဲ့ ဆိုးကျိုးတွေကို တရားသံဝေဂ ယူနေပါတော့တယ်။

အမှာညီသာမြရဲ့ ခေါင်းအုံးပေါ်မှာ စိုရွှဲနေတဲ့ မျက်ရည်မှု တွေဟာ အစ်ကိုသာလုအတွက် တရားရေအေးတွေပါပဲ။

မုချမြဲရှ၊ ကိုယ်လျှင်ပြုတိုင်း

အမှုကောင်းဆိုး၊ စေ့စိုက်ပျိုးသည့်

မျိုး၏ပမာ၊ ကာလကြာသော်

နာနက္ခနီကာ၊ အခွင့်ရတိုင်း

ပွင့်ကြသီးကြ၊ ဝိပါကဖြင့်

ရင့်ကြမြဲစွာ၊ မလွဲသာဘူး။

(မဃဒေဝ-၂၆၄)

## တိုက်ဖြူကြီးက သူဌေးသားလေး မောင်ပန်းမွေး

ယိုယီလေးမောင်ပန်းမွေးဟု သူ့ကို စကြ ပြောင်ကြလျှင် သူအလွန်စိတ်ဆိုးတတ်တယ်။

ယိုယီလေးမောင်ပန်းမွေး၊ မောင်ပန်းမွေး၊ ယုန်မလိုက်ဘဲ ဘာလိုက်သလဲဟု စကြ၊ ပြောင်ကြလျှင် ပို၍ စိတ်ထိခိုက်တတ်တယ်။

နောက်ဆုံး ထိုစမှု၊ ပြောင်မှုကြောင့် ဖန်လာသော ကံကြမ္မာက သံသရာကို တစ်မျိုးဖြစ်သွားစေခဲ့တော့တယ်။

မောင်ပန်းမွေး အသက်နှစ်ဆယ့်တစ်နှစ်။

တက္ကသိုလ်တစ်ခုက ပျိုတိုင်းကြိုက်တဲ့ တက္ကသိုလ်ကျောင်းသားလေး တစ်ယောက်။

အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ ရုပ်ချောသဘောကောင်း၊ ခန္ဓာကိုယ်တောင့်တင်းတဲ့ လူငယ်တစ်ယောက်။

မောင်ပန်းမွေးမှာ မွေးချင်းမောင်နှမငါးယောက် ရှိပေမယ့် ယောက်ျားလေးဆိုလို့ သူတစ်ယောက်သာရှိတယ်။ သူက အငယ်ဆုံး။

သူ့ကို မိဘများက ချစ်သလို အဘိုးအဘွားကလည်းချစ်၊ ဆွေမျိုးသားချင်း အဒေါ် ဦးလေးတွေကလည်း ချစ်ကြတယ်။

မောင်ပန်းမွေး ဝတ်စားတာ မုန်သမျှက လန်ဒန် ရောက်နေတဲ့ အစ်မကြီးဆီက ပို့ပေးတာတွေ ဖြစ်သလို မောင်ပန်းမွေး သုံးစွဲတဲ့ ပစ္စည်းမှန်သမျှက ဂျပန်ရောက်နေတဲ့ အစ်မအလတ်က ပို့ပေးတာတွေ ဖြစ်တယ်။

အရပ်ထဲက လူငယ်တွေဟာ မောင်ပန်းမွေးဘဝကို အားကျကြတယ်။ တိုက်ဖြူကြီးပေါ်က သူဌေးသားလေး မောင်ပန်းမွေး ဘဝမျိုး ဖြစ်ချင်လိုက်တာလို့ ပြောကြတွေးကြတယ်။

အရပ်ထဲမှာ မောင်ပန်းမွေးတို့ တိုက်က ကြီးတယ်။ ခြံကလည်း ကျယ်တယ်။ အဖြူရောင် သုတ်ထားတဲ့ တိုက်ကြီးဟာ အဝေးကကို မြင်ရတယ်။

မောင်ပန်းမွေးတို့ မောင်နှမ (၅)ယောက်မှာ (၃)ယောက်က နိုင်ငံခြားသွားပြီး အလုပ်လုပ်နေကြတယ်။

တိုက်ဖြူကြီးမှာက မိဘနှစ်ပါးနဲ့အတူ မောင်နှမနှစ်ယောက် ပဲ ရှိတယ်။

ကားဒရိုင်ဘာ၊ ခြံစောင့်၊ မာလီ၊ ထမင်းချက်စတဲ့ အလုပ်သမားတွေက အိမ်ရှင်ဦးရေထက် များနေတယ်။

အိမ်ရှင်က (၄)ယောက်၊ အလုပ်သမားကတော့ ခြောက်ယောက်တောင် ရှိတယ်။

မောင်ပန်းမွှေး ကျောင်းသွားရင် ဒရိုင်ဘာက ကားတံခါးဖွင့်ပေးရတယ်။ ကားပေါ်ကို အပိုလူတစ်ယောက် လိုက်ရတယ်။ လွယ်အိတ်နဲ့ စားစရာတွေ ကိုင်သွားပေးဖို့။ လမ်းမှာ မတော်တဆကားပျက်ရင် ကားတွန်းရအောင် လူတစ်ယောက်အပိုထည့်ပေးတာဖြစ်တယ်။

မောင်ပန်းမွှေး ယခင်ကျောင်းတက်ရင် စီးတာက အက်(စ်)အီး၊ ယခုတော့ ပတ်ကျဲရိုး ပြောင်းစီးတယ်။

နှစ်စက သူ့အဖေကို သူပူဆာတာ မဟုတ်ဘဲ သူများစီးတာကို ပြောမိတာနဲ့ ဝယ်ပေးခဲ့တာ ဖြစ်တယ်။ သူ့ဖခင်က နိုင်ငံခြားနဲ့ သွင်းကုန်၊ ထုတ်ကုန်လုပ်တဲ့ သူဌေးတစ်ယောက်။ မြို့သစ်တစ်ခု စက်မှုရပ်ကွက်မှာ စက်ရုံလည်း တည်ထားတယ်။

မောင်ပန်းမွှေး အဘိုးအဘွားတွေကလည်း သိပ်ချမ်းသာတယ်။ မန္တလေးနဲ့ လားရှိုးမှာ လုပ်ငန်းတွေ လုပ်ကြတယ်။ မောင်ပန်းမွှေးပညာသင်စရိတ်ကို ကုန်ကျသလောက် အဘိုးအဘွားက ထောက်ပံ့နေတာပါ။ ပေါ်သမျှ၊ ဆန်းမျှကိုလည်း အဝေးက ပို့ပေးကြတယ်။

မောင်ပန်းမွှေးဟာ ဆက်ဆံရေးကောင်းသူမို့ သူငယ်ချင်းများသလို သူက ကျွေးတတ်ပေးတတ်လို့လည်း အချို့က သူ့ကို ကပ်ကြတယ်။

ချမ်းသာတာရယ်၊ ရုပ်ချော၊ သဘောကောင်းတာရယ်ကြောင့် သူ့ကို နီးစပ်ချင်တဲ့၊ ချဉ်းကပ်ချင်တဲ့ မိန်းကလေးတွေကလည်း အများကြီးပါပဲ။

မောင်ပန်းမွှေးနဲ့ သိပ်တွဲတာကတော့ သူငယ်ချင်း ကျော်နီထွန်း။ အမြဲတပူးတွဲတွဲပဲ။

ကျော်နီထွန်းအတွက် မောင်ပန်းမွှေးရဲ့ အိမ်ဟာ စားအိမ်၊ သောက်အိမ်။ ကျောင်းပိတ်ရက်တွေဆို ကျော်နီထွန်းဟာ မောင်ပန်းမွှေးတို့ အိမ်မှာသာ ရှိတာများတယ်။

သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ် ကြည့်ရအောင် တီဗွီတစ်လုံးကို မောင်ပန်းမွှေးအိပ်ခန်းထဲမှာ ထားပေးတယ်။ ဧည့်ခန်းထဲမှာလည်း တစ်လုံးသတ်သတ်ရှိတယ်။

မောင်ပန်းမွှေးဟာ နို့နဲ့ ကြက်ဥသိပ်ကြိုက်တယ်။ ကြက်ကျော်၊ အမဲကျော်ကြိုက်တယ်။ ငါးဆိုရင် ဘာငါးမှ လုံးဝမစားဘူး။

ထမင်းစားရင် သူ့အတွက် ဟင်း (၃)မျိုးနဲ့ ဟင်းချိုတစ်ခွက်။ အသီးအရွက်ကျော်က တစ်ပွဲ။

အစစ အရာရာမှာ ဘာဆိုဘာမှ လိုလေသေးမရှိတဲ့ သူ့ဘဝဟာ ဘဝဟောင်းက ကံတွေ ကောင်းလွန်းလို့ပါပဲ။

အဝတ်အစားဆိုရင် နည်းနည်းဟောင်းတာနဲ့ကို ဆက်မဝတ်တော့ဘူး။ ကြုံရာသူငယ်ချင်းကို ပေးပစ်လိုက်တာပါပဲ။ အပေးအကမ်းလည်း ရက်ရောတယ်။

သူဟာ ကျောင်းပိတ်ရက်မှာ အပန်းဖြေစခန်းတစ်ခုကို သူငယ်ချင်းတစ်စုနဲ့ သွားတယ်။

အဲသည်က ပြန်လာပြီးကတည်းက မောင်ပန်းမွေး မျက်နှာညှိုးနေတာကို မိဘနဲ့ အသိုင်းအဝန်း ရိပ်မိခဲ့ကြတယ်။

မောင်ပန်းမွေး မျက်နှာမသာယာဘူး။ တစ်စုံတစ်ခုကို စိတ်ညစ်နေပုံရတယ်။

ကျောင်းပြန်ဖွင့်ချိန်ရောက်တော့ အခြေအနေ ပိုဆိုးလာတယ်။ မောင်ပန်းမွေးဟာ အစားအသောက်တောင် မမှန်တော့ဘူး။ တစ်ခါတလေ ကျောင်းမတက်ဘဲ အိပ်ရာထဲ လှဲနေတယ်။ အခန်းအောင်းနေတယ်။

မိဘတွေက ဆရာဝန်ပြကြည့်တဲ့အခါ ကျန်းမာရေးကကောင်းနေပါတယ်။ စိတ်ပိုင်းဆိုင်ရာတော့ မသက်သာဘူးရယ်လို့ သတ်မှတ်ချက်ချတယ်။

ဒရိုင်ဘာကနေ သိရတာကတော့ သူ့ကို စရင်၊ ပြောင်ရင် သူ့မျက်နှာသိပ်ပျက်တတ်ကြောင်း၊ အမူအရာချက်ချင်း ပြောင်းသွားကြောင်း သိရတယ်။

စကာကတော့ 'ယိုယီလေးမောင်ပန်းမွှေး၊ ယုန်မလိုက်ဘဲ ဘာလိုက်လဲ' ဆိုတာပါပဲ။

အလွန်ချမ်းသာတဲ့ တိုက်ဖြူကြီးပေါ်က သူဌေးသားလေး မောင်ပန်းမွှေးဟာ တစ်ညမှာ သူ့ကိုယ်သူ အဆုံးစီရင်သွားပါတယ်။

အချစ်ရေးကြောင့်လည်း မဟုတ်၊ ကျန်းမာရေး စီးပွားရေးကြောင့်လည်း မဟုတ်။ ဘာကြောင့်များပါလဲ။

သူရေးထားခဲ့တဲ့ သေတမ်းစာထဲမှာ ပါတာကတော့--

'သားဘဝကို သားရှက်တယ်။ သားရဲ့ ယောကျ်ားမပီသတဲ့ စိတ်ဓာတ်နဲ့ ခန္ဓာကိုယ်ကိုဆက်ပြီး မွေးမထားချင်တော့ဘူး။'

'သားဟာ လိင်စိတ်ဖောက်ပြန်သူဖြစ်ကြောင်းကို သူငယ်ချင်းတွေ သိသွားကြပြီ။ ဂျော်နီထွန်းနဲ့သား ဖောက်ပြန်နေစဉ်က ဘယ်သူမှ မသိဘဲ ကမ်းခြေက အပန်းဖြေစခန်းအသွားမှာ အခြားသူငယ်ချင်းတွေနဲ့ ဖောက်ပြန်မိတာကြောင့် သိကုန်ကြတယ်။

'သားဟာ မိန်းမလျာတစ်ယောက်ဖြစ်မှန်း သိသွားကြတဲ့အတွက် လောကမှာ မနေချင်တော့ဘူး'ဆိုတဲ့ အကြောင်း သေတမ်းစာမှာ ပါတယ်။

'ယိုယီးလေး မောင်ပန်းမွှေး၊ မောင်ပန်းမွှေး ယုန်မလိုက်ဘဲ ဘာလိုက်သလဲ' ဆိုတဲ့ စကားကို သူသေမှပဲ ကြားနေကျ ဒရိုင်ဘာနဲ့ အိမ်ဖော်တစ်ယောက်တို့ သိလိုက်ကြပါတော့တယ်။

ဘဝဟောင်းက
ကာမဧသုကံ
ပြန်၍ခံသော်
အမှန်ဖောက်ပြား မပီသ။
အကုသလ၊ ကုသလ၏
ကမ္မသကာ၊ လက္ခဏာကို
မြစ္စာ ဝမ်းတွင်း၊ နှလုံးသွင်းလော့
မပျင်းကုသိုလ်၊ ထိုပုဂ္ဂိုလ်ကား
ကိုယ့်ကိုချစ်သူ၊ မည်သောဟူ၏။
(မဃဒေဝလင်္ကာ)

* * *

# ဂျပန်ခေတ်က ပတ္တမြားတစ်လုံး

ဆင်းရဲတဲ့ ဓနီးရိုးဘဝကနေ ဟီးနိုးကားလှလှကြီး ဝယ်လိုက်တဲ့ အဖြစ်ကလည်း အလွန်ဖြစ်ခဲလှတဲ့ ဖြစ်ရပ်ဆန်းတစ်ခုပါပဲ။

မောင်သိန်းလှဟာ ကားစပါယ်ယာတစ်ယောက်ရယ်ပါ။ ဒရိုင်ဘာဘဝတောင် မဟုတ်ပါဘူး။

သူ့အမေဆုံးတော့ ရွာမှာအမေအုန်းရယ်၊ အိမ်တစ်လုံးရယ်ပဲ ကျန်ခဲ့တယ်။ အဘိုး၊ အဘွားတွေလည်း မိုးသယားကုန်းမှာ ဆုံးခဲ့ကြတာ၊ အဘိုးက အရင်၊ အဘွားကနောက်၊ ခုဆို ခြောက်နှစ်ထဲ ရောက်ခဲ့ပြီ။

မောင်သိန်းလှ ရန်ကုန်ရောက်လာတာကတော့ သူ့ဖခင်ရဲ့ မိတ်ဆွေဦးသာခင်ကြောင့်ရယ်ပါ။

ဦးသာခင်က ရန်ကုန်ကို လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကတည်းက ရောက်ခဲ့တယ်။ ဓာတ်ဆီ၊ ရေနံဆီ အရောင်းအဝယ်

လုပ်ရာက လိုင်းကားပိုင်ရှင်ဘဝရောက်ခဲ့တယ်။ မာတ်ဆီမှောင်ခို ရောင်းဝယ်လို့ နှစ်ကြိမ်တိုင်တိုင် အဖမ်းခံရပြီးတဲ့နောက်မှာ ကားလုပ်ငန်းလုပ်တာ ဖြစ်တယ်။ သူ့ရဲ့ ကံနဲ့ ဝီရိယ အားကောင်းတာရယ်၊ ဉာဏ်ကောင်း၊ ဆက်ဆံရေးကောင်းတာကြောင့် စီးပွားတက်ခဲ့တယ်။ ဘတ်(စ်)ကားတစ်စီးကနေ နှစ်စီး ဖြစ်ခဲ့တယ်။ နောက်တော့ ဟိုင်းလတ်တစ်စီး။

မောင်သိန်းလှ အဖေနဲ့ ဦးသာခင်ဟာ ငယ်သူငယ်ချင်းတွေ၊ သိပ်ခင်တယ်။ ဦးသာခင် ရန်ကုန်ရောက်ကတည်းက မောင်သိန်းလှအဖေကိုပါ ရန်ကုန်ခေါ်ခဲ့တာ၊ မောင်သိန်းလှ အဖေက ရွာမှာပဲ ရိုးရိုးလုပ်စားနေတယ်။ မြို့မတက်ခဲ့ဘူး။

ဦးသာခင်ဟာ မောင်သိန်းလှကို ရန်ကုန်ခေါ်တယ်။ သူ့ကားမှာ စပယ်ယာလုပ်နိုင်းတယ်။ လူယုံအဖြစ် မွေးတယ်။

မောင်သိန်းလှ ရန်ကုန်ရောက်ပြီး သုံးနှစ်ကြာမှ သူ့ မိခင်ကိုပါ ရန်ကုန်ခေါ်လိုက်တယ်။ ရွာက အိမ်ရောင်းလို့ ရတဲ့ ငွေကို အိမ်စပေါ်လုပ်ပြီး အိမ်ငှားနေကြတယ်။

သားအမိနှစ်ယောက် ရန်ကုန်ရောက်ပြီးအတူ နေနိုင်စားနိုင် ကြမယ့် မလုံလောက်ကြပါဘူး။ မောင်သိန်းလှရတဲ့ ဝင်ငွေက စားနိုင်ရုံ၊ နေနိုင်ရုံပဲ ရှိပါတယ်။ တစ်ခါတလေ ပေါင်ရ နှံရတဲ့ လတွေတောင် ရှိခဲ့တယ်။

မောင်သိန်းလှက ရိုးတယ်။ စပယ်ယာဆိုတော့ သူ့လက်ထဲ

ငွေကိုင်ရသူ ဖြစ်ပေမယ့် ကားအုံနာရဲ့ ငွေကို အလွဲသုံးစား မလုပ်ဘူး၊ လက်ဖက်ရည်ဖိုး ဆေးလိပ်ဖိုး ယူသုံးမိတာသာ ရှိတယ်။ များများစားစားတော့ သူဘုန်းလေ မရှိပါဘူး။

ဆင်းရဲတဲ့ မောင်သိန်းလှလို လူငယ်တစ်ယောက်ဟာ ဟီနိုးကားပိုင်ရှင်ဘဝ ရောက်ရတယ်ဆိုတာ မဆန်းပေဘူးလား။

သိန်းဆုကြီးတွေ အတွဲလိုက်ပေါက်လို့လည်း မဟုတ်ဘူး။ တန်ခိုးရှင်တစ်ယောက်က ရုတ်တရက် မ,စလို့လည်း မဟုတ်ဘူး။

အဖြစ်ကတော့ မနှစ်က မဟုတ်ဘူး။ လွန်ခဲ့တဲ့ နှစ်နှစ် ကရယ်ပါ။

အဘိုးအဘွားဆုံးတဲ့ မိုးသယားကုန်းရွာ (နာမည်တွေ ပြောင်းထားပါသည်)။

အဲသည် မိုးသယားကုန်းက သချိုင်း သုသာန်နေရာကို မြို့သစ်တည်မယ့်အထဲ အကွက်ချဖို့ ပါတယ်။ ပြီးတော့ လမ်းဖောက်ဖို့လည်း ရှိတယ်။ စီမံချက်ဖြစ်တယ်။

သချိုင်းရွှေ့ရမယ့်ကိစ္စကြောင့် မောင်သိန်းလှတို့ သားအမိ ရန်ကုန်ကနေ သူတို့ရပ်ရွာခဏပြန်ကြတယ်။

ကားအုံနာဦးသာခင်က အုတ်ဂူရွှေ့ဖို့ ပိုက်ဆံထုတ်ပေး လိုက်တယ်။

နေရာချပေးတဲ့ သချိုင်းအသစ်မှာ ဂူအသစ်တွေလုပ်ဖို့ ကျန်သေးတဲ့ အရိုးတွေ ရွှေ့ပြောင်း ဂူသွင်းဖို့ သားအမိ နှစ်ယောက်သွားကြတယ်။

အဘိုး အုတ်ဂူအရင်ဖြို တယ်။ အလုပ်သမား မငှားဘူး။ မောင်သိန်းလှတို့ သားအမိနဲ့အတူ ဝမ်းကွဲညီအစ်ကို မောင်ဖိုးချက်ပါတယ်။

အဘိုးဂူဖျက်တာ ဘာမှ မထူးခြားဘူး။ ခေါင်းက ဆွေးမြေ့ပျက်စီးသွားပြီး အရိုးအနည်းငယ်သာ ရတယ်။

အဘွားဂူရွှေ့ဖို့ ဖျက်တော့ ထူးခြားတယ်။ အရိုးစုတွေနဲ့အတူ ပထမဆုံးတွေ့တာက ဆင်စွယ်ဘီး တစ်ချောင်း၊ နောက်ထပ်တွေ့တာက ကြိုးပြတ်ပြီး ဖရိုဖရဲဖြစ်နေတဲ့ ဆင်စွယ်စိပ်ပုတီးလုံးလေးတွေ။ နောက်ဆုံးအရိုးစုကို မ,ပြီး အရွှေ့။

နီရဲနေတဲ့ အလုံးတစ်လုံး။

သံပုရာသီးအရွယ်လောက်ရှိတယ်။

မောင်သိန်းလှ အလွန်အံ့ဩသွားတယ်။ ကောက်ယူပြီး ပုဆိုးစနဲ့ ပွတ်ကြည့်တယ်။ ပြီးတော့ သူ့အမေမျက်နှာနဲ့ ညီဝမ်းကွဲ ဖိုးချက်ကို ကြည့်တယ်။

မောင်သိန်းလှ မိခင်ရဲ့ မျက်နှာမှာ ဘာထူးခြားချက်မှ မရှိဘူး။ သည်ပစ္စည်းတွေကိုလည်း သူတွေ့ဖူး၊ မြင်ဖူးနေဟန် တူတယ်။

"မင်းအဘွားဆုံးတော့ သူမြတ်နိုးတဲ့ တိုလီမုတ်စပစ္စည်း၊ သုံးနေကျပစ္စည်းတွေ အမေကိုယ်တိုင် ခေါင်းထဲကို ထည့်ပေးလိုက်တာပဲသား။ အခုသားတွေ့တဲ့ဟာက ဂျပန်ခေတ်က ဂျပန်တစ်ယောက်က ပေးခဲ့တာလေ။ ဘာမှန်းတော့ မင်းအဘွားလည်း မသိဘူး၊ အမေလည်း မသိဘူး"

မောင်သိန်းလှဟာ ဘာမှ ဆက်မမေးတော့ဘဲ အဲသည် နီရဲတဲ့ အလုံးတစ်လုံးကို လက်ကိုင်ပုဝါနဲ့ ထုပ်ပြီး သူ့အင်္ကျီအိတ်ထဲ သေသေချာချာ ထည့်လိုက်တယ်။

ဘေးလူတစ်ယောက်ယောက် ရောက်လာပြီး မြင်မှာစိုးတယ်။ ချေးတစ်လုံးလုံးနဲ့ အုတ်ခဲကျိုးတွေ ဖယ်နေ ဖျက်နေတဲ့ မောင်ဖိုးချက်ကတော့ ဘာမှ မသိရှာဘူး။

မောင်သိန်းလှသိတယ်။ သည်နီရဲနေတဲ့ အရာဟာ ပတ္တမြားတစ်လုံးမှန်း သိတယ်။

မောင်သိန်းလှက ဘာလို့ သိသလဲဆိုတော့ ရန်ကုန်မန္တလေး ကားလမ်း စပေါက်ယာလိုက်စဉ်က ကျောက်ပွဲစား၊ စိန်ပွဲစား၊ ရတနာပွဲစားတွေကို ပေါင်းသင်းရဖူးတယ်။ ခင်မင်ရာက သူတို့ ရောင်းဝယ်ရာတွေ လိုက်ဖူးတာလည်း ကြုံခဲ့တယ်။ တစ်ကြိမ်ကား ရုပ်ကျိုးပြီး စက်ပါပြင်နေရစဉ် မန္တလေးမြို့ပေါ်မှာ ရက်အနည်းငယ် ကြာကြာနေခဲ့ရတယ်။ အဲသည်အချိန်က ပတ္တမြား ရောင်းဝယ်တာ သူတွေ့ဖူးခဲ့တယ်။ အဲသည်ပွဲစားဟာ သူတို့

ကားနဲ့ လိုက်နေကျ။ ရန်ကုန်က ပွဲစားတစ်ယောက်ပါပဲ။ ကားစပယ်ယာ မောင်သိန်းလှဟာ အဲသည်လို အတွေ့အကြုံ ရှိထားတော့ မြင်မြင်ချင်းပဲ သိတာပေါ့။

သချိုင်းအုတ်ဂူရွှေ့တဲ့ ကိစ္စအပြီးမှာပဲ မောင်သိန်းလှဟာ သူ့အမေကို မေးတယ်။ ပထမတော့ ရန်ကုန်ရောက်မှ မေးမလို့ စိတ်ကူးတယ်။ ဒါပေမယ့် သိချင်စိတ်က နေလို့ မရတော့ဘူး။

အရိုးလှတို့ အိမ်ရှေ့ သရက်ပင်အောက်က ထိုင်ခုံဆီသို့ သူ့အမေကို ခေါ်သွားပြီး တိတ်တဆိတ် မေးတယ်။

မောင်သိန်းလှ မိခင်ဟာ အရမ်းရိုးတယ်။ အေးတယ်။ သူ့ဘဝမှာ ရတနာဆိုလို့ ရွှေသာ သိတယ်။ အဲတာတောင် နားကပ်ပန်ခဲ့ဖူးလို့ သိတာပါ။ အနေရိုး၊ အလုပ်ရိုးတဲ့ တောသူ ရိုးရိုးကြီး တစ်ယောက်။ သူ့မိဘတွေက ဘာသာရေးလိုက်စားပြီး အနေရိုးကြသလို သူမကိုယ်တိုင်လည်း ဘုရား၊ တရား၊ သံဃာ မြဲပါတယ်။

မောင်သိန်းလှ ယူလာတဲ့ အုတ်ဂူထဲက နီနီလုံးကို သူမက ယူမလာစေချင်ဘူး။ သူ့သားယူလာတာကို သူ့စိတ်ထဲမှာ သိပ်ဘဝင် မတွေ့ခဲ့ဘူး။

မောင်သိန်းလှက မေးတဲ့အခါမှာ––

"အဲသည်ပစ္စည်းဟာ ဂျပန်စစ်သားတစ်ယောက် မင်း အဘွားကို ပေးသွားတာပဲ သားရဲ့။ မိုးသယားကုန်း အနောက်

ဘက်မှာ ကိုလှမောင်တို့ မြန်မာ့တော်လှန်ရေးတပ်သားတွေ၊ ပြည်သူ့ရဲဘော်ဆိုလား၊ အဲတာ ဂျပန်တွေနဲ့ တိုက်ပွဲဖြစ်တော့ ဂျပန်စစ်သားတစ်ယောက်ဟာ ခြေထောက်ဒဏ်ရာနဲ့ ပြေးရင်း က်နေ အဘွားတို့ ရွာတင်းကုပ်ထဲ ရောက်လာတယ်။ နံနက် ဝေလီရွောလင်းကျမှ အဲသည်ဂျပန်စစ်သားကို မင်းရဲ့အဘိုးနဲ့ အဘွားက တွေ့တယ်။ မေ့မြောနေတဲ့ စစ်သားကို သတိရအောင် လုပ်၊ တတ်သမျှ၊ မှတ်သမျှ ကုကြတာပေါ့။ စစ်ကာလဆိုတော့ ရသလို ကုကြရတာပေါ့။ ခြေထောက်ဒဏ်ရာနဲ့ ဂျပန်စစ်သားဟာ ဘယ်လိုမှ မသွားနိုင်ဘူး။ မင်းရဲ့ အဘိုးနဲ့ အဘွားဟာ သတ္တဝါတစ်ဦးရဲ့ အသက်ကို ကယ်ခွင့်ရလို့ ဆိုပြီး ကျွေးမွေးပြုစု ကုသပေးကြတာ တစ်လလောက်ကြာလာတယ်။ အိမ်နီးအိမ်အချို့ သိပေမယ့် ဘယ်သူကမှ မပြောကြဘူး။ ဒါပေမယ့် တစ်လကျော် အကြာမှာ ကိုလှမောင်ကြီး (ဗိုလ်လှမောင်ကြီး) ကိုယ်တိုင် သိသွားတော့တယ်။ ဖမ်းဖို့ဆိုပြီး တပ်စုတစ်စု လာတယ်။

ဒါပေမယ့် အဘိုးနဲ့ အဘွားရဲ့ မေတ္တာရပ်ခံမှု၊ ဆရာတော်ကြီးရဲ့ အသက်ကို အလျှုခံမှုကြောင့် ဗိုလ်လှမောင်ကြီးတို့က စစ်မေးစရာရှိတာ စစ်မေးပြီး မဖမ်းဘဲ ပြန်သွားကြတယ်။ ဂျပန်ရဲ့ ဓားနဲ့သေနတ်ကိုတော့ ယူသွားတယ်။ အဲသည် ဂျပန်စစ်သားက ရိုးရိုးရဲဘော်မဟုတ်ဘဲ ဂျပန်အရာရှိတစ်ယောက် ဖြစ်နေတယ် သားရဲ့။

ကျေးမွေး၊ ဆေးကုနေလိုက်တာ နှစ်လကြာမှပဲ သူ ထွက်သွားတယ်။ အဘိုးနဲ့ သာဂိနှစ်ယောက်လိုက်ပြီး ဘေး အန္တရာယ်ကင်းတဲ့ နေရာအထိ ပို့လိုက်တာပေါ့။

အခု မင်းယူလာတဲ့ အနီလုံးက အဲသည်ဂျပန်စစ်ဗိုလ် ပေးသွားတာ။ သွားခါနီးမှာ ကန်တော့ပြီး ပေးသွားတာ ဖြစ်တယ်။ အဲတာဟာ မင်းအဘွား အသိမ်းလွန်ပြီး ပျောက်နေတာ၊ သူသေခါနီးမှာပဲ အမေကိုယ်တိုင် ပစ္စည်းတွေဖွရင်း ပြန်တွေ့လို့ အမေရဲ့ ခေါင်းထဲကို ထည့်ပေးလိုက်တာ။

မောင်သိန်းလှဟာ သူ့မိခင်ရှင်းလင်းပြောပြမှ ဓာတ်ရည် လည်ခဲ့တယ်။ ဂျပန်ခေတ်က သူမွေးသေးတာလဲ မဟုတ်ဘူး။ အမေနဲ့အဖေတောင် အိမ်ထောင်မကျသေးဘူး။

ဓာတ်လမ်းရဲ့ မှတ်တမ်းက အဲသည်လို ဖြစ်ခဲ့ပါတယ်။ ကံနဲ့ကံရဲ့ အကျိုးက ဆန်းကြယ်ပါတယ်။

ရန်ကုန်ရောက်တော့ မောင်သိန်းလှဟာ ကားအုံနာ ဦးသာခင်နဲ့ တိုင်ပင်တယ်။ ပြီးတော့ ရတနာကုန်သည်ကြီးတစ်ဦးနဲ့ ဆက်သွယ်မိတယ်။

သိန်းဘယ်မျှရတယ် မသိဘူး။

မောင်သိန်းလှဟာ စပယ်ယာငွေသိမ်းဘဝကနေ ဟီးနိုးကား အုံနာ (ပိုင်ရှင်) တစ်ယောက်ဖြစ်ခဲ့ရတယ်။

**ရထိုက်သူဟာ ရချင်လာရင် ရချင်တဲ့နေရာက နေရတာ ပါပဲ။ ရချိန်ရောက်မှ ရတယ်။**

မောင်သိန်းလှတို့ သားအမိကံဟာ ဘယ်လောက်များ ဆန်းကြယ်သလဲ။

ဂျပန်ခေတ်က ပဋ္ဌမြား။

သချိုင်းအုတ်ဂူထဲကို အဘွားနဲ့အတူ ပါသွားပြီးခါမှ ရတယ်။

ရှိးသားတဲ့ သားအမိကံ၊ ဘယ်သူပိုင်လို့ လုပါတော့နိုင် လို့သာ ဆိုရပေတော့မယ်။

တံငါမျှားကောက်၊ စားမလောက်
မျှားဖြောင့်စားမကုန်။
ကောက်သူမရ ဖြောင့်မှုကာ၊ ခနမျှားစုပုံ။
ကံမပါလဲ၊ ပြောင်ပြောင်မွဲ
လူထဲ သူမန်။

(စံဝတီဆရာတော်ဘုရားကြီး)
နီတိပဒေသာ

* * *

## ထီ (၃)ကြိမ်ပေါက်ဖူးတဲ့ ဒုက္ခိတ

မွေးကတည်းက ခြေထောက်မသန်ဘူး။ ခါးတစ်ခြမ်းနဲ့ ခြေတစ်ဖက် သိမ်နေတယ်။

ထိုင်ရင်တောင် မှီစရာရှိမှ ထိုင်ထားလို့ ရတယ်။ ခါးသိမ်နေတော့ ကိုယ်က လိမ်နေတယ်။

သူ့နာမည်က ရဟောင်း။

ဘာသာက အစ္စလာမ်ဘာသာဝင်။

ထူးခြားတာကတော့ သူမွေးတော့မယ့်ရက်မှာ သူ့ဖခင်ဟာ အရင်းအနှီးလုပ်ဖို့ ငွေကို သူ့ဦးလေးတစ်ယောက်စီက ရအောပါပဲ။

ဒါပေမယ့် ရဟောင်းဘဝမှာတော့ မွေးကတည်းက ကံမကောင်းပါဘူး။ ဒုက္ခိတဘဝနဲ့ လူဖြစ်ခဲ့ရတယ်။

မိခင်၊ ဖခင်တွေက ချစ်ကြပါတယ်။ ဒုက္ခိတပေမယ့် မေတ္တာမပျက်ကြဘူး။ မောင်နှမတွေကလည်း ဂရုစိုက်ကြတယ်။ မောင်နှမက ခြောက်ယောက်ရှိတယ်။

ရဟင်းဘဝဟာ ကိုယ့်ကိုယ်ကိုယ်တောင် အပေါ့အလေး ထ,မစွန့်နိုင်တဲ့ဘဝ။

အခန်းထဲ၊ အိပ်ရာထဲသာ နေရတာ များတယ်။ သူ့ အသက်ဆယ်နှစ်အရွယ်အထိ အပြင်ကို ထွက်ဖူးတာ ဆယ်ခါ လောက်မဲ့ ရှိတယ်။ အဲတာတောင် အဖေတစ်လှည့်၊ အစ်ကို တစ်လှည့် ချီမ,ပြီး ထွက်ရတာပါ။ သူ့ကို အပြင်တစ်ခါခေါ်ရင် သိပ်ပင်ပန်းကြတယ်။

မိဘတွေနဲ့အတူ ခရီးဝေးသွားဖူးတာဆိုလို့ တစ်ကြိမ်ပဲ ရှိပါတယ်။

သူတို့ဦးလေး မော်လဝီတစ်ယောက်၊ အလ္လာအရှင်မြတ် အမိန့်ကို ခံယူချိန်မှာ သူဟာ တခြားမြို့ကို မီးရထားစီးပြီး သွားဖူးတယ်။ အဲသည်မြို့မှာ ရက်နှစ်ဆယ်လောက် နေဖူးတယ်။ အပြန်ကားနဲ့ ပြန်လို့ သူဟာ ကားပေါ်ကနေ မြို့တွေ၊ ရွာတွေ မြင်ဖူးခဲ့ပါတယ်။

ရဟင်းမိဘတွေဟာ ပထမတော့ ကွမ်းယာ၊ ဆေးလိပ်၊ ဆေးမျိုးစုံရောင်းတဲ့ဆိုင်ကလေး ဖွင့်တာပါ။

ပထမဆုံးအကြိမ် ရဟင်းထိပေါက်တာကတော့ သူ့ အသက် ဆယ့်ငါးနှစ်အရွယ်။

သူတို့အိမ်အလည်လာတဲ့ အဒေါ်ဖြစ်တဲ့ ဇကီနာက သူ့ကို

မုန့်ဖိုးပေးသွားတယ်။ အဒေါ်နဲ့အတူ လိုက်လာတဲ့ ဒေါ်ဘိဘိကလည်း ပေးခဲ့တယ်။

အဲသည်ငွေနဲ့ ရဟန်း ထီထိုးတယ်။

ရဟန်းကို ထီသွားထိုးပေးတာက သူတို့အိမ်ရှေ့နားမှာ တဲကလေးနဲ့ ထီးပြင်တဲ့ ဘိုင်ကြီး။ ရဟန်းပေးတဲ့ငွေနဲ့ ထီနှစ်စောင်ထိုးတာ တစ်စောင်ပေါက်တယ်။

အဲသည် အချိန်က ငွေတစ်သောင်းဟာ အလွန်များတယ်ဆိုရမယ်။ ရွှေဈေးက တစ်ထောင်တောင် မရှိသေးဘူး။ သူ့မိဘတွေ အဲသည်ငွေနဲ့ အမွေးတိုင်လုပ်ငန်း စ,လုပ်တာပဲ။ အမွေးတိုင်ဆိုင်လည်း ဖွင့်တယ်။

ဒုတိယအကြိမ် ထီပေါက်တာကတော့ အသက်နှစ်ဆယ့်လေးနှစ်မှာ ပေါက်တာပါ။

သူတို့အိမ်ကို အမွေးတိုင်လာဝယ်လေ့ရှိတဲ့ ဖောက်သည်ကိုဘအောင်ဆီက ဝယ်တဲ့ ထီလက်မှတ်ပါ။ ကိုဘအောင်က လမ်းလျှောက်ပြီး ထီလည်းရောင်းတယ်။ အမွေးတိုင်လည်းရောင်းတယ်။

ရဟန်းဟာ ဝရံတာမှာ ဖျာလေးနဲ့ အိပ်နေရာက ကိုဘအောင်ဆီက ထီလက်မှတ်ဝယ်လိုက်တာ။

တစ်စောင်ပဲဝယ်တာ၊ အဲသည်တစ်စောင်က တစ်သိန်းဆုထ,ပေါက်တယ်။

ရဟာင်းက ဘာပြောသလဲဆိုတော့ "အလ္လာအရှင်မြတ်က သူ့ကို ရိုက်လည်းရိုက်ခဲ့တယ်၊ ဆေးလည်းဆေးတယ်" လို့ ပြောတယ်။

သည်တစ်ခါ ထိအပေါက်မှာတော့ ရဟာင်းတို့ အိမ်ကို ပြင်ဖြစ်တယ်။ ဘီးတပ်ကုလားထိုင်လည်း ဝယ်ဖြစ်တယ်။

ရဟာင်းဟာ ဘယ်မှ မသွားနိုင်တော့ စာသိပ်ဖတ်တယ်။ စာတွေဖတ်ရင်း ဗဟုသုတတွေ များလာတယ်။ ကျမ်းမြတ်ကိုရမ်ကိုလည်း အတော်ကျေညက်သဘောပေါက်လာတယ်။ အကြိမ်ကြိမ်ဖတ်ဖြစ်တော့ သူဟာ သူများကိုတောင် ပြန်ပြောပေးဟာ လာနိုင်ခဲ့တယ်။

ရဟာင်းမိဘတွေဟာ ဥပုသ်လဆိုရင် အားလုံးလို ဥပုသ်ဆောက်တည်ကြတယ်။ ရဟာင်းကိုယ်တိုင်လည်း ဥပုသ် စောင့်ထိန်းပါတယ်။

သူဟာ ဗလီကို မသွားနိုင်ပေမယ့် အစ္စလာမ်တရားဓလေ့တွေကို ကက်ဆက်ကနေ နားထောင်မှတ်သားပါတယ်။

နောက်ဆုံးအကြိမ် (တတိယအကြိမ်) ထိပေါက်တာကတော့ အသက်သုံးဆယ့်နှစ်နှစ်မှာ။ ဘာမှ မကြာသေးပါဘူး။

စက်ဘီးနဲ့ လာရောင်းတဲ့ ထီသည်ဆီကနေ ထိုးလိုက်တာ၊ ဆယ်သိန်းဆုပေါက်ခဲ့တယ်။

ကံတရားဟာ မဆန်းဘူးလား။

အုပ်လိုက်၊ ရာနဲ့ချီထိုး၊ ထောင်နဲ့ချီထိုးတဲ့ လူလည်း ထိပေါက်ချင်မှ ပေါက်တယ်။

ခရီးသွားနိုင်ထပီး ဆိုင်ခုံလျှောက်ထိုးတဲ့လူလည်း တိဂဏာန်း (၃)လုံးတောင် တူချင်မှ တူတာ။

လူမစွမ်း နတ်မ,လို့ ဆိုရလေမလား။

ဒုက္ခိတလေးအတွက် ကံကြမ္မာ ဖန်လာပေးတာက ဆန်းကြယ်လှတယ်။

သူဟာ မွေးကတည်းက ဒုက္ခိတလေး ဖြစ်နေပေမယ့် အိမ်သူအိမ်သားတွေကို ဒုက္ခတွေ ပေးခဲ့ပေမယ့် ကူညီနိုင်တဲ့ သူလည်း ပေးခဲ့ပါတယ်။

တတိယအကြိမ် ထီပေါက်အပြီးမှာတော့ သူဟာ အလွှာ အရှင်မြတ်ရဲ့ အမိန့်ကို ခံယူသွားခဲ့ပါပြီ။ သူ့ရဲ့ ကျန်ခဲ့တဲ့ ငွေတစ်ဝက်ကို ဗလီမှာ လှူဖို့ မှာခဲ့တဲ့အတွက် မိဘများက လှူပေးလိုက်ပါတယ်။

* * *

## ဂျပန်ပြည်ရောက်သွားတဲ့ မောင်တာတီး

မောင်တာတီးအသက် = ၁၉ နှစ်
အတန်းပညာသင်ခဲ့ = (၃)တန်း
ညီအစ်ကိုမောင်နှမ = မရှိ (တစ်ကောင်ကြွက်)
မှီခိုရာအရပ် = ဘုန်းကြီးကျောင်း
မိဘ = သူ့မိဘ သူမသိ။

"ဘုန်းကြီးကျောင်းက မောင်တာတီး ဂျပန်ပြည်ကြီး သွားပြီ"တဲ့။

အဲ့သည်စကားပြောရင်--

ပေါက်တတ်ကရ မဖြစ်နိုင်တာ ခင်ဗျားဘာတွေ လာပြောတာလဲ၊ အလကားပါ၊ သွားဗျာ။

ဂျပန်သွားဖို့ လွယ်သလား၊ ဂဏန်းကလည်း များပါဘိနဲ့။ အခု နှစ်ဆယ်မပြောနဲ့၊ နှစ်ကျပ်တောင် ရှိလို့လား။

အရှုံးစကား၊ နားခါးတယ်ဗျာ၊ မဟုတ်မမှန် မလုပ်ကြနဲ့လို့ဆိုသူဆို၊ ပြောသူပြောကုန်ကြပါတော့တယ်။ ပြဿနာတွေပါးစပ်မှာ ထပ်ခါထပ်ခါ ရှုပ်ထွေးကုန်ကြတယ်။

မယုံရင် ဘုန်းဘုရား လျှောက်မေးဆိုလို့ သွားမေးကြတဲ့အခါ--

ဘုန်းဘုရားက မောင်တာတီး အရေးအဖြေပေးလိုက်တာကတော့--

"ကဲ--ဒကာကြီး၊ ဒကာမကြီးတို့ ဘုန်းဘုန်းမိန့်မယ်၊ နားထောင်ကြပေတော့ကွယ့်"

"မောင်တာတီးကို ဘုန်းကြီးမွေးစားမှန်း သိကြတယ်နော်"

"တင်ပါ့ဘုရား"

"ဒါပေမယ့် အသက်ရှစ်နှစ်အထိကတော့ ရွာထိပ်က အကြော်သယ် ဒေါ်ဆယ်မွေးစားခဲ့တာပါ။ နောက်တော့မှ သူ့ခမျာ မကျွေးနိုင်တာတစ်ကြောင်း၊ ပိုကောင်းဖို့လို့တစ်သွယ်၊ ရှေ့ရေး အမယ်မယ်တွေးပြီး ဘုန်းဘုန်းထံ အပ်ခဲ့တာပဲ။ ဒေါ်ဆယ်ဟာ တာတီးကို ရွာမနီးတဲ့ တောထဲကို မျှစ်သွားချိုးရင်း ရခဲ့တာ။ တာတီး မိဘဘယ်သူဘယ်ဝါဆိုတာ ဒေါ်ဆယ်မသိပါဘူး။ ဒေါ်ဆယ်ကောက်ရတော့ လသားပဲ ရှိဦးမယ်"

"တင်ပါ့ဘုရား"

"မောင်တာတီးဟာ ပညာသင်လို့ မရဘူးကွယ့်၊ ရိုက်မေး

လည်းမရ၊ ချော့ပေးလည်းမရ၊ သူ့ဇာတာက ပညာဉာဏ်မပါဘူး။ အဲဒါကြောင့် သုံးတန်းနဲ့ ကျောင်းထွက်ရတာပဲ။ အဓေးပြေးမှာ စိုးလို့ ဘုန်းဘုန်းလည်း ရှေ့ရေးတွေးပြီး ကျောင်းထုတ်လိုက်တယ်။

"သည်သူငယ်ကောင်းတာကတော့ အလုပ်ဆို မခိုမကပ်တာပါပဲ။"တစ်ကျောင်းလုံးရှိတဲ့ အပင်တွေမှာ အုန်းပင် နှစ်ပင်က လွဲလို့ ကျန်တာတွေ သူစိုက်တာပဲ။ ကျောင်းနောက်က မြေတွင်းက သူဆင်း၊ ဆင်းပြီး တူးရင်းက ကန်ကြီးဖြစ်တာ၊ ယခု ဒေးမှ ငါးလွှတ်တဲ့ ကန်ကြီး၊ မောင်တာတီးတူးတဲ့ကန်ပါ။ ကိုရင်တွေကတော့ အပျော်သဘော ဆော့တာ၊ သူ့လိုရက်ပုံမှန်မှန် တူးခဲ့ကြတာ မဟုတ်ဘူး"

"တင်ပါ့ဘုရား၊ တပည့်တော်တို့ မောင်တာတီးအကြောင်းတွေ သိသင့်သမျှ သိပါတယ်။ တပည့်တော်တို့ သိချင်တာက မောင်တာတီး ဂျပန်ပြည်သွားတယ်ဆိုတာပါပဲ"

"အိမ်း၊ သိချင်တာလည်း ဘုန်းဘုန်းမိန့်ပါမယ်ကွယ့်။ ဒါပေမယ့် စုံအောင် ပြောမှ လောကမှာ ကံဆန်းကြယ်တာ သိမပေါ့။ ဒကာတို့ထဲမှာ သိသူသိ၊ မသိသူမသိမဟုတ်လား"

"မှန်ပါတယ်ဘုရား၊ မှန်ပါတယ်"

"အိမ်း၊ မောင်တာတီးဟာ ဘုန်းဘုန်းတွေ့ခဲ့ကအစ ကုဋီအများသုံးကိုပါ ဆေးတာ။ ဝေယျာဝစ္စမှာ အလွန်တာဝန်ကျေပွန်တဲ့ကလေး၊ ဘယ်အရေးမှ မခိုကပ်ပါဘူးကွယ်။ သူ့ကို

သက်န်းစီးပေးတာ ဆယ့်နှစ်နှစ်သားမှာပဲကွယ့်။ ဒါပေမယ့် သူက သာသနာ့ရဟန်းဘဝကို မပျော်ဘူး။ တစ်ဝါပဲ မနည်းနေခိုင်းရတယ်"

"တင်ပါ့ဘုရား၊ တပည့်တော်မတို့သားတွေ ရှင်ပြုမှာ မောင်တာတီး ကူညီတာ တပည့်တော်မတို့ အသိပါ။ သူ့ခမျာ ပင်ပန်းလွန်းလို့ ရှင်ပြုပွဲအပြီး ပုဆိုးတစ်ထည် ဝယ်လှူခဲ့ပါတယ်"

"အိမ်းကွဲ့၊ အိမ်းကွဲ့"

"တပည့်တော်တို့ကျောင်းက ရှင်အရိယာဝံသရဲ့ ရဟန်းအစ်မကြီး သွေးလှူဖို့ ကိစ္စမှာ မောင်တာတီး သွေးက တူနေလို့ လှူခဲ့ရတာလည်း ရှိခဲ့ပါတယ်ဘုရား"

"အိမ်းကွဲ့၊ အိမ်းကွဲ့၊ အခု မောင်တီး ဂျပန်ပြည်ရောက်သွားတာလည်း သူ့ရဲ့ ကူညီမှုကြောင့်ပေါ့ကွယ်"

"ဘယ်လိုကူညီမှုလဲဘုရား၊ အံ့သြစရာပါပဲဘုရား"

"နားထောင်ကြပါဦးကွယ်၊ ဘုန်းဘုန်းပြောပြပါမယ်။ မနှစ်က မောင်တာတီးကို ဘုန်းဘုန်းရန်ကုန်ကို ခိုင်းတယ်။ ကိစ္စကတော့ ရွှေတိဂုံဘုရားဈေးမှာ ဘုန်းဘုန်းလိုတဲ့ တရားစာအုပ်တွေ ဝယ်ခိုင်းလိုက်တာပါကွယ်။ ဒေါ်ညွန့်ဝေဆိုင်က ဘုန်းဘုန်းဝယ်နေကျဆိုင်လေ။ အဲသည်ဆိုင်မှာရှိတာ ဝယ်ခဲ့၊ မရှိတာ ရှာခိုင်းဆိုပြီး စာအုပ်စာရင်းနဲ့ ငွေပေးလွှတ်လိုက်တာ"

"အဲတာနဲ့ ဂျပန်ပြည်ရောက်တာလား"

"အိုး၊ အိုး ဒကာကြီးက တယ်ဆန္ဒစောတာကိုးကွယ့်၊ နားထောင်ပါဦးလေ၊ ဘယ်နှယ့် ရွှေတိဂုံ စာအုပ်ဝယ်နိုင်းတာ ဂျပန်ပြည်ရောက်ရမှာတုံး၊ ခက်ရော"

"တင်ပါ့ဘုရား"

"စာအုပ်ဝယ်နိုင်းတာ၊ စာအုပ်အစုံရဖို့ သုံးလေးရက် စောင့်ပါဆိုလို့ မောင်တာတီးစောင့်ရတယ်။ ဘုန်းဘုန်းရဲ့ သူငယ်ချင်းကျောင်းမှာတည်းပြီး စောင့်တယ်။ ဗဟန်းမြို့နယ် ထဲမှာပါပဲ။ မောင်တာတီးဟာ ဗိုလ်ချုပ်ကြေးရုပ်ကြည့်ချင်လို့ ကန်တော်ကြီးဘက်ကို ညနေဘက်မှာ လမ်းလျှောက်ထွက်တယ်။ အဲသည်လမ်းလျှောက်အထွက်က မောင်တာတီး ဂျပန်ပြည် ရောက်သွားမယ့် လမ်းစပါပဲ"

"တင်ပါ့ဘုရား၊ တပည့်တော်တို့တော့ ပြောရင်းပြောရင်း နားမလည်ပါဘူးဘုရား"

"အချိန်တန်တော့လည်း နားလည်လာရမပေါ့ကွယ်"

"ဆက်မိန့်ပါဘုရား"၊ "ဆက်မိန့်ပါဘုရား"

"မောင်တာတီးဟာ ဗိုလ်ချုပ်ကြေးရုပ်ကြည့်ပြီး ကန်တော်ကြီး လမ်းပြန်အလျှောက် လူကြီးလူကောင်းတစ်ယောက်ကို ဆံရှည်နဲ့ လူငယ်တစ်စု လုယက်နေတာ မြင်တယ်။ လူကြီး လူကောင်းလက်က နာရီတွေ လက်စွပ်တွေ လိုချင်လို့ပေါ့ကွယ်။ လွယ်လွယ်မရတော့ အသေသတ်ဖို့ ဓားမြှောက်အထုတ်၊

မောင်တာတီးက ခုန်အုပ်ပြီး အသက်ကယ်လိုက်တယ်။ ပက်လက်လဲနေတဲ့ လူကြီးကိုယ်ပေါ်မှာ ခွရပ်ပြီး လုယက်တဲ့ လူစုကိုခုခံတယ်။ မောင်တာတီးလည်း အတော်နာတယ်။ ဒါပေမယ့်သူက သူ့အသက်အသေခံပြီး ပြန်ချတာပဲ။ နောက်တော့လူတွေ ရောက်လာပြီး လုယက်တဲ့ လူဆိုးတွေ ပြေးကုန်ကြရော"

"အဲသည် လူကြီးက ချမ်းသာလား၊ သူက ဂျပန်ပြည်ပို့တာလားဘုရား"

"နားထောင်ကြပါဦး။ စုံအောင်ပြောပါ့မကွဲ့။ အဲသည်လူကြီးလူကောင်းဟာ ဂျပန်ပြည်က ကုမ္ပဏီတစ်ခုမှာ ရှယ်ယာပါတဲ့ မြန်မာသူဌေးကြီးတစ်ယောက်။ သူ့ရဲ့ သမီးအလတ်တစ်ယောက်က ကန်တော်ကြီးရှေ့က လမ်းတစ်လမ်းမှာနေတယ်။ သူက အဲသည်သမီးနဲ့အတူနေတယ်။ သူဟာ လမ်းလျှောက်နေကျပါပဲ။ ဒါပေမယ့် အဲသည်နေ့မှ ကံဆိုးဝင်တာ မောင်တာတီးကယ်ပေလို့"

"နောက်တော့ကော်ဘုရား"

"သူဌေးကြီးက မောင်တာတီးကို ဆေးကုပေးပြီး သူ့အိမ်မှာခဏထားတယ်။ ဘုန်းဘုန်းဆီလည်း အကြောင်းကြားသလိုမောင်တာတီးတည်းတဲ့ ကျောင်းကိုလည်း အကြောင်းကြားတယ်။ တစ်ပတ်ကြာမှ သည်ကို သူကိုယ်တိုင် သူ့ကားနဲ့ လာပို့တာ"

"ဩော်၊ အင်၊ ဩော်"

"အံ့သြစရာပဲကွယ်၊ ကံဆန်းတာ၊ အဲသည်သူဌေးက မောင်တာတီးကို အသက်သခင်ဆိုပြီး အမျိုးမျိုး ထောက်ပံ့၊ ဘုန်းဘုန်းလည်း ထောက်ပံ့လို့ ခုလိုဆွမ်းစားကျောင်းဆောင် တိုးခဲ့တာပေါ့"

"ဒါနဲ့ ဂျပန်ပြည်ကိစ္စကရော"

"သည်လိုကွယ့်၊ အဲသည် သူဌေးကြီးရဲ့ ဇနီးရော၊ သားသမီးတွေက ဂျပန်မှာပဲနေပြီး အလုပ်လုပ်ကြတယ်။ သည်မှာက သမီးအလတ်တစ်ယောက်ပဲရှိတာ။ သူဌေးကြီးက နောက်နှစ်ဆို ဂျပန်ကို ထွက်ရဦးမှာ၊ သူ့အလုပ်တွေ ဟိုမှာရှိတယ်"

"တိုတို့နဲ့လိုရင်းကို မိန့်ရရင် မောင်တာတီးကို သူမွေးစားသွားတာပေါ့ကွယ်။ ဘုန်းဘုန်းမှာလည်း သံယောဇဉ်ရှိပေမယ့် သူ့ကောင်းစားရေးမို့ လွှတ်လိုက်တယ်။ ဘုန်းဘုန်းတို့က သာသနာ့ ဝန်ထမ်းဆိုတော့ လောကီလမ်းကို လိုက်တာမဟုတ်ဘဲ လောကုတ္တရာ တစ်ယောက်သွားလမ်းကို လိုက်တာမဟုတ်လား။ ဘယ်လောက်ကုန်ကုန် သူခေါ်သွားမယ်ဆိုပြီး သူခေါ်သွားတာ။ ဘုန်းဘုန်းကတော့ မပျော်ရင် ပြန်လွှတ်ပါလို့ မှာလိုက်ပါတယ်။ သူ့များအသက်ကယ်တဲ့ကံပေါ့ကွယ်--အသက်ကယ်တဲ့ကံ"

"တင်ပါ့ဘုရား၊ မောင်တာတီး ဂျပန်ရောက်တာ ယုံကြည်ပါပြီဘုရား၊ ရှင်းပါပြီဘုရား"

"ဟော၊ မယုံလို့ ရပ့ါမလား၊ ငါပြောတာ မယုံဘူးလား"

“ကန်တော့ပါဘုရား၊ မှားသွားပါတယ်ဘုရား”

“အိမ်း၊ ဆရာတော်နောက်ဆုံးမိန့်လိုတာက--

ဓမ္မပဒ–ဋ္ဌ–စုန္ဒသူကရိယဝတ္ထုမှာ--

ကမ္မဝိပါကော၊ ကံရဲ့အကျိုးမည်သည်ကို။ ကေနစိ၊ တစ်စုံတစ်ယောက်သူသည်။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှာ၊ နသက္ကာ၊ မတတ်ကောင်းလို့ တို့များ ဗုဒ္ဓမြတ်စွာက ဟောကြား ခဲ့ပါသတည်း”

“သာဓု၊ သာဓု၊ သာဓုပါဘုရား”

* * *

# သံသေတ္တာဟောင်းကြီး ဝယ်ထားတာကြာပြီ

ရောင်းသူက ကိုယုံရှင်း၊ တရုတ်လူမျိုး။

ဝယ်သူက ကိုစိုင်းမောက်။ ရှမ်းလူမျိုး။

သူတို့နှစ်ယောက်ဟာ ရုံးတစ်ရုံးတည်းမှာ အလုပ်အတူ လုပ်သူတွေ ဖြစ်တယ်။

တနယ်တကျေးကနေ ပြည်မြို့မှာ တာဝန်ကျပြီး အလုပ် ရကြသူတွေ ဖြစ်တယ်။

ကိုယုံရှင်းက ဘောလုံးပွဲလောင်းကစားဝါသနာကြီးတယ်။ အဲတာကြောင့် သူ့မှာ ငွေလောက်တယ် မရှိဘူး။ အမြဲတမ်း မလိုတောင်မှ တစ်ခါတစ်ရံ ရုပ်ပျက်ဆင်းပျက် ဖြစ်တယ်။ လောင်းကစားသမားဆိုတော့ ပိန်လိုက်၊ ဖောင်းလိုက်ပေါ့။

တစ်နေ့မှာ ကိုယုံရှင်းကို ကြွေးပူလာတောင်းတယ်။ ဒေါသဖြစ်နေတဲ့ မိန်းမတစ်ဦးက အိမ်ကို လာတောင်းတာ။

အော်ကျယ်၊ ဟစ်ကျယ်ပါပဲ။ အိမ်က ကိုယုံရှင်းရယ်၊ ကိုစိုင်းမောက်ရယ်၊ ကိုလှတင်ရယ် အတူစုပေါင်းငှားနေတဲ့အိမ်။ အဲသည် (၃)ယောက်မှာ ကိုစိုင်းမောက်တစ်ယောက်တည်း လူပျိုကြီးဖြစ်တယ်။ ကျန်သူတွေက သူ့မြို့သူ့ရွာမှာ အိမ်ထောင်တွေရှိကြတယ်။

ကိုယုံရှင်းဟာ ကြွေးလာတောင်းတဲ့ မိန်းမကို နောက်မှယူဖို့တောင်းပန်တယ်။ အဲသည်မိန်းမက မရရင် ရုံးက အရာရှိကိုပါ တိုင်မယ်လို့ ပြောလာတယ်။ ခက်ကြီးမက ခက်ပြီ။

ထိုအချိန်က ကိုစိုင်းမောက် စိုက်ပေးလိုက်ရတဲ့ ငွေက နှစ်ရာ။

နောက်တစ်ကြိမ် ကိုယုံရှင်း အရေးပေါ်ပြန်တာက ရန်ကုန်လသာလမ်းက သူ့အမေဆုံးကြောင်း သံကြိုးစာရစဉ်က ဖြစ်တယ်။

ရဝ်တရက်ခရီးထွက်ဖို့ဖြစ်တဲ့ ကိုယုံရှင်းကို ကိုစိုင်းမောက်ကပဲ ငွေနှစ်ရာထုတ်ချေးတယ်။ ထိုအချိန်က ပြည်နဲ့ ရန်ကုန်ရထားခမှာ နှစ်ဆယ်ပင် မပြည့်သေး။

နောက်ဆုံးတော့ ကြွေးလေးရာကျပ်နဲ့ပဲ ကိုယုံရှင်းသံသေတ္တာဟောင်းကြီးကို ကိုစိုင်းမောက် ဝယ်ဖြစ်ခဲ့တာပါ။ ဝယ်ချင်လို့ မဟုတ်ဘူး။

အဲသည်သေတ္တာကြီးဟာ ကိုယုံရှင်းအဖိုး မသေခင်ကသုံးခဲ့တဲ့ သေတ္တာ။ သူ့နယ်မှာအလုပ်ရတော့ သူ့အမေကအဲသည်သံသေတ္တာဟောင်းကြီး ပေးလိုက်တာ။

သံသေတ္တာကြီးက အလျား (၃)ပေ၊ အနံ (၂)ပေ၊ အမြင့် (၂)ပေခွဲ ရှိတယ်။

ပြည်မြို့ကနေ ကိုယ့်ရှင်း အရင်အလုပ်ပြောင်းရတယ်။ နောက်နှစ်နှစ်မှ ကိုစိုင်းမောက်က ပြောင်းရတယ်။ ကိုစိုင်းမောက် ပြည်ကနေ ပဲခူးပြောင်းရတဲ့အချိန်။ သည်သေတ္တာကြီးကို ပြည်မြို့က ဘုန်းကြီးကျောင်းတစ်ကျောင်းက ခင်မင်တဲ့ ဦးဇင်းတစ်ပါးထံမှာ အပ်ခဲ့တယ်။ နောက်မှ ယူမယ်ဆိုပြီး အပ်ထားခဲ့တာပါ။

သေတ္တာထဲမှာ နှစ်လုံးချက်အိုးတစ်လုံး၊ ဒယ်အိုးငယ်တစ်လုံး၊ ရေနွေးအိုးတစ်လုံး၊ ယောင်းမတစ်ခု၊ ဇွန်ကြီးတစ်ချောင်း၊ ဇွန်းငယ်သုံးချောင်းနဲ့ တိုလီမုတ်စတွေ ထည့်ထားခဲ့တယ်။ မဂ္ဂဇင်းစာအုပ်ဟောင်းအချို့နဲ့ သတင်းစာအနည်းငယ်လည်း ရှိပါတယ်။ ဒိုင်ယာယီဟောင်းတွေလည်းပါတယ်။

နောက်မှ ယူမယ်ဆိုပြီး မယူဖြစ်ခဲ့တာ အချိန်က (၄)နှစ်ကြာသွားတယ်။ ပြည်က ဦးဇင်းနဲ့ စာအဆက်အသွယ်ရှိလို့ သေတ္တာကြီး မပျောက်မပျက်ကြောင်းတော့ သူသိထားတယ်။ ပဲခူးကနေ ရာထူးတက်လို့ ရန်ကုန်ပြောင်းရတဲ့အခါမှာ သူနေဖို့ တိုက်ခန်းရတယ်။ ပဲခူးဆေးလိပ်ခုံက ဆေးလိပ်သမလေးတစ်ဦးနဲ့ အိမ်ထောင်ပြုဖို့လည်း အစီအစဉ်ရှိတယ်။

ရန်ကုန်ရောက်ပြီး အလုပ်ဝင်တယ်။ တိုက်ခန်းအသစ်လေး

မှာနေပြီး အိမ်ထောင်ပစ္စည်းတွေ စုတယ်။ အဲသည်တော့မှ ပြည်မှာရှိတဲ့ သံသေတ္တာကြီးကို ဆေးသုတ်သုံးဖို့ ဆန္ဒပြင်းပြလာတယ်။

ရှေးဟောင်းသံသေတ္တာတွေကလည်း ဈေးကောင်းနေတဲ့ အချိန် ဖြစ်နေခဲ့ပြီ။

ပြည်ကို သူလှမ်းစာရေးတယ်။ ကားဂိတ်တစ်ဂိတ်ကနေ တင်ပို့ပေးလိုက်ဖို့ ရေးတယ်။ ရန်ကုန်ရောက်ရင် သူရွေးယူမယ့် အကြောင်း ရေးလိုက်တယ်။

ဒါပေမယ့် သေတ္တာကြီးက ရောက်မလာဘူး။ ဦးဇင်းက စစ်ကိုင်းမှာ ဝါသွားဆိုနေတယ်။ စစ်ကိုင်းက ပြန်ကြွလာပြန်တော့လည်း စာမတွေ့သေးလို့ မပို့ဖြစ်ဘူး။ ကိုစိုင်းမောက်ရဲ့ စာကို နှစ်နှစ်ကျော်မှ ဖတ်ရတယ်။

အဲသည်နောက်မှာ စာချင်းအဆက်အသွယ် လုပ်ပြီး သံသေတ္တာကြီး ရန်ကုန်ရောက်လာတယ်။ ကိုရင်တစ်ပါး ကိုယ်တိုင်လာပို့တာပါ။

ကိုစိုင်းမောက်ဟာ အဲသည်အချိန်မှာ သားတစ်ယောက်ဖခင် ဖြစ်နေပြီ။ သားက ကိုးလတောင် ပြည့်ခဲ့ပြီ။

ရုံးပိတ်ရက်တစ်နေ့မှာ ကိုစိုင်းမောက်ဟာ သံသေတ္တာ ပြင်ဖို့ လုပ်တယ်။ သံချေးတွေ ချွတ်တယ်။ ဝက်အူလှည့်တစ်ခုနဲ့ ခြစ်တယ်။

သံသေတ္တာကြီးကိုမှောက်ပြီး သံချေးတွေ ချွတ်နေတုန်း အောက်ခံတစ်ထပ်ပေါက်သွားတယ်။

သေတ္တာက နှစ်ထပ်သေတ္တာ။ အောက်ခံနှစ်ထပ်ရှိတယ်။ ကြားမှာ အံ့ဝှက်လို ဖြစ်နေတယ်။

နှစ်ဆက်မလောက်ကွဲပြီး သံချေးတွေ ခွာကျရာက---

သံသေတ္တာအောက်ခံထဲက--

ရွှေဒင်္ဂါးနှစ်ပြား ရှေ့ဆင့်နောက်ဆင့် ထွက်ကျလာ..ယ်။

နောက် ဘေးစောင်းထောင်လှုပ်ကြည့်တော့ နောက်ထပ်နှစ်ပြား ထွက်လာတယ်။

ကိုစိုင်းမောက်ဟာ သံသေတ္တာဟောင်းကြီးရဲ့ အောက်ခံပြား တစ်ခုလုံးကို တစ်စတစ်စ ဖျက်ပစ်တယ်။ အတွင်းအောက်ခံက သံချေးသိပ်မတက်ဘူး။ အပြင်ကတော့ သံချေးတွေ ကိုက်နေလို့ အလွယ်တကူ ဖျက်လို့ ရတယ်။

တစ်ပြားပြီးတစ်ပြား ထွက်လာတဲ့ ရွှေဒင်္ဂါးပြားတွေ ရေတွက်ကြည့်လိုက်တော့--

ဆယ့်ကိုးပြား။

ဆယ့်ကိုးပြားကြီးတောင် ရတယ်။

ဝယ်ထားတာ ကြာပြီဖြစ်တဲ့ သံသေတ္တာဟောင်းကြီးထဲ ဘယ်သူဘယ်အချိန်က လျှို့ဝှက်သိမ်းထားခဲ့ပါသလဲ။

ကိုယ့်ရှင်းရဲ့ ဘိုး၊ ဘွား၊ ဘီ၊ ဘင် ဘယ်သူလို့ ထင်ရမှာပါလိမ့်။

လူတစ်ယောက်ဟာ ဖြစ်ဖို့ရာ၊
လွန်စွာ ခဲယဉ်းသည်။
ကိုယ်နှင့်မဆိုင်၊ ပိုင်ဖို့ရာ၊
လွန်စွာ ခဲယဉ်းသည်။

* * *

## ကိုသိမ်းမောင်အိမ်ကိုလာသော အကုသိုလ်ဖြိုဟ်ဆိုးများ

အကုသိုလ်က တစ်ယောက်တည်း မလာဘဲ အပေါင်းအသင်းနဲ့ လာတယ်။

တစ်ယောက်တည်းလာရင် ခံသာသေးတယ်။ အပေါင်းအသင်းနဲ့လာရင် မခံနိုင်တော့ဘူး။

ကိုသိမ်းမောင်အိမ်ကိုလာတဲ့ အကုသိုလ်ဂြိုဟ်ဆိုးတွေကတော့ အုပ်စုလိုက် အင်အားနဲ့လာလို့ သူ့ခမျာ နောက်ဆုံးမှာ မခံသာတော့ဘူး။

ကိုသိမ်းမောင်ဟာ လူပျော်ကြီးတစ်ယောက်။ ဇနီးမယား၊ သမီးသားကို ခင်တွယ်သလို အပေါင်းအသင်းမိတ်ဆွေတွေကိုလည်း ခင်ရှာတယ်။ ပျော်တတ်တာကလည်း အလွန်ပါပဲ။ ဒါပေမယ့် အရက်မသောက်၊ ဖဲမရိုက်၊ မိန်းမမရှုပ်ပါဘူး။ သူပျော်တာက ကျွေးဟယ်၊ မွေးဟယ်၊ နောက်ဟယ်၊ ပြောင်ဟယ်နဲ့ ပျော်တာ။

သူက လခစားဝန်ထမ်းဆိုပေမယ့် မိဘနောက်ခံကောင်းသူမို့ ချမ်းသာတယ်။ ဝမ်းစာအတွက် ဘာဆိုဘာမှ မပူရဘူး။

အကုသိုလ်ဂြိုဟ်ဆိုးတွေ ခေါ်လာတာက စန်းမောင်။ စန်းမောင်က ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက်။ ကွဲနေတာ ကြာပြီးမှ သူ့လိပ်စာစုံစမ်းပြီး လိုက်လာတာ။

တစ်နေ့မှာ စန်းမောင်နဲ့အတူ လူတစ်ယောက် သူ့အိမ်ရောက်လာတယ်။

ကိုသိမ်းမောင်ကြီးက အားရဝမ်းသာကြိုဆိုတယ်။ ငယ်သူငယ်ချင်းမို့ ဖက်လဲတကင်းပဲ။ စန်းမောင် တို့က လေးငါးရက်နေမယ်ကွာ ပြောတော့ ကိုသိမ်းမောင်ကြီးက တစ်သက်နေကွာလို့ ပြန်ပြောတယ်။

လေးငါးရက်နေမယ်ပြောတဲ့ စန်းမောင်တို့ဟာ နှစ်ရက်နေပြီး ရုတ်တရက်၊ နှုတ်မဆက်ဘဲ ထွက်သွားကြတယ်။

ကိုသိမ်းမောင် အလုပ်အပြန်မစောင့်ဘဲ သူ့မိန်းမကိုသာ နှုတ်ဆက်သွားတယ်။ ပြီးတော့ ခရီးစရိတ် ငွေနှစ်ထောင်မျက်နှာပြောင်နဲ့ တောင်းသွားတယ်။

သူသည်လို နှုတ်မဆက်ဘဲ ငွေတောင်းပြန်တာက ကိုသိမ်းမောင်အတွက် အကြောင်းမဟုတ်ပါဘူး။

အကြောင်းကတော့ သက်ဆိုင်ရာက လာခေါ်တာပါပဲ။ စန်းမောင်တို့ဟာ သက်ဆိုင်ရာက တရားမဝင်ဥပဒေငြိစွန်းမှုတွေလုပ်နေသူတွေမို့ အရေးတကြီး ဖမ်းမိဖို့ လိုအပ်တယ်။

လောလောဆယ် မေးမြန်းအစစ်ဆေးခံဖို့ ကိုသိမ်းမောင်ကြီးကို ခေါ်သွားတယ်။ နှစ်လတိတိကို အိမ်မှာ ခွဲနေလိုက်ရတယ်။

စုံစမ်းစစ်ဆေးတဲ့အခါ ကိုသိမ်းမောင်ကြီးဟာ ရိုးသားသူမို့ ပြန်လွှတ်ပေးတယ်။ ယခင်ရာထူးအတိုင်း အလုပ်လည်း ပြန်ပေးတယ်။

စန်းမောင်တို့နှစ်ယောက်ဟာ ထမင်းလည်းကျွေးရသေး၊ ငွေလည်းပေးရသေး ဒုက္ခကျတော့ ပြန်ပေးသွားခဲ့တယ်။

အဲဒီတာမျိုးတွေကြောင့် လူသာလာပါ ပြဿနာ ခေါ်မလာပါနဲ့လို့ လောကမှာ ပြောကြတာပါပဲ။

နောက်တစ်ကြိမ် ဂြိုဟ်ဆိုးတွေ ဝင်လာတာကတော့ သူ့မိန်းမအမျိုးတွေ နယ်ကနေ ရန်ကုန်ကို ဘုရားဖူး ရောက်လာတာပါပဲ။

ဘုရားဖူးလာတာကတော့ ကောင်းပါတယ်။ သူကိုယ်တိုင်လည်း ကုသိုလ်ပြုချင်ပါတယ်။

ဒါပေမယ့် ခက်သွားတာက ဧည့်သည်တွေအထဲက ဒွေးလေးဒေါ်ချစ်။ ဒွေးလေးဒေါ်ချစ် ချစ်သွားတာ ချစ်ရာမရောက်ဘဲ နှစ်ရာရောက်ခဲ့ပါတယ်။

ကိုသိမ်းမောင်ကြီးတို့ အိမ်ရဲ့ ဘုရားစင်မှာ နံနက်ဝေလီဝေလင်း (၃)နာရီခွဲလောက်မှာ ပန်းရေချမ်းကပ်ရာက အမွှေးတိုင်ထွန်းတယ်။ ဖယောင်းတိုင်သုံးတိုင်ထွန်းတယ်။

ဒွေးလေးဒေါ်ချစ်က ဘုရားရှိခိုးပြီးအိပ်ငိုက်တာနဲ့ ပြန်အိပ်ပျော်သွားတယ်။

အားလုံးအိပ်နေချိန်ဖြစ်တော့ ရုတ်တရက် ဘယ်သူမှ မနိုးဘူး။ နွေရာသီမို့ မီးကလည်း လောင်လွယ်ခဲ့တယ်။ ကိုသိမ်းမောင်တို့ ခေါင်းရင်းဘက်က ကွက်လပ်မို့ လေသိပ်တိုက်တာ။ အိမ်တစ်ခြမ်း ခဏလေးပြောင်ရော။

အဲသည်နေ့မှာပဲ ကိုသိမ်းမောင်ကြီးဟာ မီးပေါ့ဆမှုနဲ့ အဖမ်းခံရတယ်။ အိမ်ထောင်ဦးစီး ကိုသိမ်းမောင်ကြီးတစ်ယောက် အချုပ်ထဲ၊ ထောင်ထဲ ရောက်ခဲ့ရပြန်ပြီ။ အခြားအိမ်တွေ မလောင်ပေမယ့် မီးပေါ့ဆမှုကတော့ ပေါ့ဆမှုပါပဲ။

နောက်ဆုံး ထောင်တစ်လတော့ ကျတယ်။ သည်တစ်ခါတော့ အလုပ်ပြန်မရတော့ဘူး။

အဲသည်အချိန်ကစလို့ ကိုသိမ်းမောင်ကြီးဟာ သူ့အိမ်ကို ဧည့်သည်လာရင် သိပ်ကြောက်တယ်။

လာတာနဲ့ "အင်း−−ဘာများ ဒုက္ခပေးကြဦး မလို့ပါလိမ့်" ရယ်လို့ သူ့စိတ်ထဲမှာ တွေးနေတယ်။

လောကမှာ ပြဿနာများနှင့်လာသော ဧည့်သည်တွေကလည်း ဒုက္ခအကုသိုလ်တွေ ပေးတတ်ပါတယ်။

နောက်တစ်ကြိမ် ဂြိုဟ်ဆိုးဝင်တာကတော့ သူ့ဖခင်ပါ။ အဲတာကတော့ အလုပ်ရှုပ်ပေမယ့် ကုသိုလ်ရပါတယ်။

သူနဲ့ တစ်ခါမှ လာမနေတဲ့ သူ့ဖခင်ဟာ တစ်နေ့မှာ သူ့ထံ ရောက်လာတယ်။ ကျန်းမာရေးလည်း မကောင်းဘူး။ ယခင်က သူ့ဖခင်မုဆိုးဖိုကြီးဟာ သူ့ရဲ့ ညီမတွေ၊ အစ်မတွေဆီ လှည့်လည်နေတယ်။

ဖခင်ရဲ့ ချမ်းသာတဲ့ စီးပွားတွေကလည်း အဲသည် ညီအစ်မတွေပဲ ရတာများတယ်။ ခုမှပဲ ရောက်လာခဲ့တယ်။ ကိုသိမ်းမောင်အိမ်ကိုရောက်ပြီး မကျန်းမာလိုက်တာ ခြောက်လ။ ဆံရာဝန်က ခြောက်ယောက်မက ပြောင်းကုတယ်။ မရဘူး။ နောက်ဆုံး ကိုသိမ်းမောင်ကြီး လက်ပေါ်မှာတင် နောက်ဆုံး ထွက်သက်ထုတ်တယ်။

အဲသည်မှာ ကိုသိမ်းမောင်ကြီး ငိုလိုက်ပုံက--

"ကျွန်တော့်မှာ ကုသိုလ်ရမရ သားကြီး မသိရပေမယ့် သိမ်းမောင်ရှိသမျှ ကြွလာသမျှနဲ့ ကုန်ပါပေါ့အဖေကြီးရဲ့"တဲ့လေ။

ငါတို့နေရာ၊ ဤကမ္ဘာ
တဏှာအုပ်စိုးသည်။
တဏှာစေရာ မနေသာ
ဖွေရှာဆက်ရသည်။
ရသည့်ဥစ္စာ ချစ်သူပါ
စွန့်ခွာသွားရမည်။
တကယ့်အရေး၊ တကယ့်ဘေး
ဘယ်သွေးဘယ်သား
မကယ်ပြီ။

(အရှင်ဇနကာဘိဝံသ)
မဟာဂန္ဓာရုံဆရာတော်

## ကျိုးကန်းလေးဗမဲ

ကြက်တူရွေးမွေးတာ၊ သာလိကာမွေးတာ၊ ခေါင်းမွေးတာ၊ ဇီးကွက်မွေးတာ၊ ခိုမွေးတာ တွေ့မြင်ခဲ့ဖူးပါတယ်။

ကျိုးကန်းကလေးမွေးထားတာကတော့ မမြင်ဖူးခဲ့ပါ။

မထင်တာကို မြင်သောအခါ ရင်မှာ အံ့ဩရပြန်ပါတယ်။

သတ္တဝါတွေရဲ့ ကံဟာ အံ့ဩဖွယ် ဆန်းကြယ်လှပါပေတယ်။ တစ်ခါတစ်ရံ ဆန်းပြားတဲ့ သတ္တဝါတွေရဲ့ ကံဟာ ဘယ်လို အတိတ်ကံတွေကြောင့်ရယ် မသိနိုင်ပါဘူး။

တစ်ခါက သတင်းစာထဲမှာ ရန်ဘက်ဖြစ်တဲ့ ကြောင်နဲ့ ကြွက် သင့်မြတ်နေတာ တွေ့ဖူးပါတယ်။ ဓာတ်ပုံမှာက ကြောင်မကြီးနို့ကို ကြွက်ကလေးတွေ ဆို့နေကြပါတယ်။

ကံသဘောကြောင့် တစ်ခါတစ်ရံ မဖြစ်နိုင်တာတွေလည်း ဖြစ်ကြပါရဲ့။ သတင်းစာထဲမှာပဲ ဇီးက မြွေကို မျိုတာ

တွေ့လိုက်ရပြန်ပါတယ်။ (သတင်းစာရက်များကိုတော့ မမှတ်မိတော့ပါ။)

ယခုကျိုးကန်းလေးငမဲအဖြစ်ကလည်း ဆန်းကြယ်တဲ့ ကံတရားတွေ ရှိပါရဲ့။

"ဖမဲရေ"လို့ ခေါ်လိုက်ရင် သူ့ကိုခေါ်မှန်း သူသိပါတယ်။ သတ္တဝါတွေဟာ လူနဲ့ ကြာကြာနေရင် လူစကားနားလည်တယ် ဆိုတာ အမှန်ပဲလို့ ယူဆမိပါတယ်။ သတ္တဝါတွေမှာ ပြန်မပြောတတ်တာသာ ရှိမယ်။ နားတော့လည်ကြပုံရတယ်။

ကျိုးကန်းတစ်ကောင်ကိုများ တစ်ထီးတစ်နန်းစာ ဖွဲ့နေတယ်လို့ မထင်ပါနဲ့။

နည်းလမ်းအမှန်က ကျိုးကန်းဆိုတာ လူတွေနဲ့ အဝေးဆုံးနေတာပါ။ လျင်ကလည်းလျင် မြင်ကလည်းမြင်ပြီး လူကြည့်တာနဲ့ကို ပျံပြီးသားပါပဲ။ ငှက်ပစ်တဲ့လူတွေကို မေးကြည့်ရင် ကျိုးကန်းက အပစ်ရခက်ကြောင်း ပြောပြကြပါတယ်။

ငမဲဇာတ်လမ်းကတော့ အသည်းမှတ်တမ်းမှာ အဆန်းတကြယ် ဖြစ်ပါလိမ့်မယ်။

- ငမဲကို ဘယ်မှာတွေ့လဲ။
- အိမ်တစ်အိမ်မှာလား။
- ဘုန်းကြီးကျောင်းတစ်ကျောင်းမှာလား။

ငမဲကို တွေ့ရတာက အိမ်လည်း မဟုတ်။ ဘုန်းကြီးကျောင်း

လည်း မဟုတ်။ ကျယ်ဝန်းတဲ့ အရက်ဆိုင်ကြီးတစ်ဆိုင်မှာ ဖြစ်ပါတယ်။ အဲသည်အရက်ဆိုင်ဘေးမှာက ခြံကျယ်ပြီး သရက်ပင်ကြီးတွေ အုပ်မိုးနေတယ်။ ငမဲလေးမွေးကာစအချိန်ကရှိတဲ့ ဖီးပင်အကြီးကြီးကတော့ ခုတ်ပစ်လိုက်ပါပြီ။

အဲသည်ဆိုင်ကို လာသောက်သမျှ အရက်သမားတွေကတော့ သိနေကြပါတယ်။ သောက်သုံးသူအသစ်တွေကတော့ ရောက်လာရင် တအံ့တသြ ကြည့်ကြတာပါပဲ။

"ငမဲရေ၊ ငမဲရေ"လို့ ခေါ်ရင် ခုန်ဆွခုန်ဆွ လာသဗျ။

သူ့သခင်ကတော့ ဆိုင်အရောင်းဝန်ထမ်းတစ်ဦးပါ။ ငမဲဟာ သူ့သခင်အသံကို သူသိတယ်။ ဗိုက်ဆာရင်လည်း သူ့သခင်ရဲ့ ခြေထောက်ကို ဆိတ်တော့တာပါပဲ။

မူးနေကြတဲ့ အရက်သမားတွေကြားထဲက ငမဲဘဝဟာ ငြိမ်းချမ်းသာယာနေပုံရတယ်။

စားဖို့ကလည်း မပူရ။ ဗိုက်ဆာရင် သူ့သခင်ဆီကို အာပြီးတော့ အစာတောင်းတာပဲ။ တအာအော်တော့တာပဲ။

သူ့သခင်ဟာ သူ့အတွက် စားစရိတ်ကုန်ပါတယ်။ ငါးပေါက်စတို့၊ ကြက်အူတို့ ဝယ်ပြီး ကျွေးရပါတယ်။

တစ်ရက်မှာတော့ လည်လိမ်နေတယ်။ သူ့သခင် ဆေးဝါးကုတာ သုံးရက်ကြာတော့ ပြန်ပြီး ကောင်းသွားပါတယ်။ သူ့သခင်ရဲ့ စိတ်ကောင်းစိတ်မြတ်ဟာ သူ့အတွက် အားအင်တွေပါပဲ။

တစ်ခါတစ်ရံ သူဟာ သူ့သခင်ရှိတဲ့ အရက်ကောင်တာထဲမှာပဲနေတယ်။ အပြင်ထုတ်ပေးမှ အပြင်ထွက်တယ်။ တစ်ခါတုံလေ အရက်ယူတဲ့ အပေါက်ကလေးမှာ သူက ငုပ်တုတ်။

(စာရေးသူဟာ ဆန်းကြယ်လွန်းလို့ ဘယ်မြို့က၊ ဘယ်ဆိုင်၊ ဘယ်လမ်း၊ ဘယ်နေရာဆိုတာကို အတိအကျ သတင်းပေးရေးပြလိုက်ချင်ပါတယ်။ ဒါပေမယ့် သူ့သခင်က လူများမှာစိုးလို့၊ ကျော်ကြားပြီး ဆိုင်ရှုပ်မှာစိုးလို့ မရေးပါနဲ့ဆိုလို့ မရေးပြတာပါ။)

ငမဲဟာ သူ့သခင်စကားကို နားထောင်တယ်လို့ ထင်ပါတယ်။ ဆိုင်အေားခြံထဲက သစ်ပင်ပေါ်ထားလည်း သစ်ပင်ပေါ်မှာ နေတယ်။ တုတ်တစ်ချောင်းမြှောက်ပေးပြီး ပြန်ခေါ်ချိန်လည်း ပြန်ပြီးလိုက်တယ်။

လူများနေချိန်မှာတော့ သခင်ရှိတဲ့ ကောင်တာထဲမှာပဲ နေတာများပါတယ်။

ငမဲဟာ သည်ဆိုင်ကို ဘယ်လိုရောက်လာသလဲ။ ကောင်းသော ရောက်လာခြင်း မဟုတ်ဘူး။

အမှန်တကယ်တော့ အရက်ဆိုင်မှာရှိတဲ့ အမြီးဆိုင်ထဲက ဒယ်အိုးထဲကို ရောက်ဖို့ ရောက်လာတာပါ။

အရက်သမားတစ်စုက အမြီးဆိုင် အခေါ်ကြီးကို ချက်ကြော်နိုင်းဖို့ ယူလာတာ။ ငမဲဟာ ပြုတ်ကျော်ဖြစ်ဖို့ပဲ။

ဒါပေမယ့် ပြုတ်ကျော်မဖြစ်ခဲ့ဘူး။ သေကံမရောက်

သက်မပျောက်အောင် ဆိုင်ဝန်ထမ်းတစ်ဦးက ကျသင့်တန်ဖိုးပေးပြီး ကယ်လိုက်တာ။

စာရေးသူရဲ့ သည်စာရေးနေတဲ့အထိတော့ ငမဲလေးဟာ အရက်သမားတွေ ကြားမှာ ခုန်ဆွ၊ ခုန်ဆွနဲ့ ပျံနေတာပါပဲ။

အတောင်စုံရင်တော့ သူ့သခင်ကိုခွဲပြီး သူ့မိသားစုလောကထဲ ပျံသွားလိမ့်မယ် ထင်မိပါလေရဲ့။

ယုတ်မြတ်များစွာ
သတ္တဝါအား
'ကံ'သာမယှင်း
တောင်းဆိုခြင်းက
ကြောင်းရင်း 'ကမ္မသကာ'တည်း။
(မဃဒေဝ-၂၆၅)

* * *

## သဘော်မစီးရဲတော့ဘူး

ရယ်စရာပြောတာမဟုတ်၊ တကယ်ရင်ထဲက လာတဲ့စကား နာတဲ့စကားပါတဲ့။

မသိန်းရှင် သဘော်မစီးရဲတာ၊ တကယ့်ကို မစီးရဲတော့တာ။

မသိန်းရှင်က အညာသူ။ သူတို့အရပ်က ရထားစီး၊ ကားစီးအရပ်။ သဘော်ခရီးလမ်း နည်းတယ်။

မသိန်းရှင်ဟာ ကိုဝင်းစိုးနဲ့ အိမ်ထောင်ကျတော့ အသက် နှစ်ဆယ်ပဲ ရှိသေးတယ်။

ကိုဝင်းစိုးက သနပ်ခါးကုန်သည်။ အညာမှာ သနပ်ခါး လာပြီး ဝယ်တတ်တယ်။ သနပ်ခါးခြံချုပ်တတ်တယ်။ အသက်က လေးဆယ်ပြည့်တော့မယ်။

အိမ်ထောင်ကျပြီးမှ အောက်ပြည်အောက်ရွာ ရောက်လာခဲ့တဲ့ မသိန်းရှင်ဟာ အိမ်ထောင်သက်သုံးနှစ်ရ အပြီးမှာ ခင်ပွန်းသည်နဲ့အတူ ခရီးထွက်လိုက်ခဲ့တယ်။

အကြောင်းကတော့ အိမ်မဲမြို့မှာ ပေးရောင်းထားတဲ့ သနပ်ခါးဖိုး ကြွေးတောင်းဖို့ပါ။

သူ့ဘဝမှာ ပထမဆုံးသဘော်စီးဖူးတာပါပဲ။ သားသမီး မရသေးတော့ အိမ်မှာနေရတာ ပျင်းတာကြောင့်ရော၊ သူ့ ယောကျ်ားက အတင်းခေါ်လို့ လိုက်ခဲ့တာပါ။

သဘော်က တစ်ထပ်သဘော်။ အိမ်မဲနဲ့ ရန်ကုန်ပုဂ္ဂလိက သဘော်။

မသိန်းရှင်ပါလာတဲ့ တစ်ထပ်သဘော်ဟာ ရန်ကုန် ဆိပ်ကမ်းက ခွာလို့မှ နာရီဝက်မကြာသေးဘူး။

"ဝုန်း"ဆို တစ်ဖက်က ရန်ကုန်ဝင်လာတဲ့ ဆန်တင် သဘော်နဲ့ တိုက်မိတယ်။ ဆန်တင်သဘော်က မမြုပ်ဘူး။ မသိန်းရှင်စီးလာတဲ့သဘော်က ဝမ်းဗိုက်ကွဲပြီး မြုပ်တယ်။

သဘော်ပေါ်ပါလာတဲ့ ကုန်သည်တစ်ဦးရဲ့ ပလပ်စတစ် ဗုံးအလွတ်တွေက ကယ်ပေလို့ အသက်ရှင်ရတယ်။ တံငါလှေ တစ်စင်းကလည်း အဆင်သင့်မို့ပါ။ ကိုဝင်းစိုးက ရေကူးတတ် ပေမယ့် မသိန်းရှင်က လုံးဝရေမကူးတတ်ဘူး။

အဲတာက မသိန်းရှင်ရဲ့ သဘော်မစီးရဲဘူးဆိုတဲ့ ပဏာမ အတွေ့အကြုံ။

ဒုတိယသဘော်စီးဖို့ ကြုံတာကတော့ အိမ်ထောင်သက် ဆယ်နှစ်မှာပါ။ သူ့ရဲ့ အသက်သုံးဆယ်အရွယ်ရောက်ချိန်ပေါ့။

ဝါးခယ်မမြို့မှာ ကိုဝင်းစိုးရဲ့ အစ်မတစ်ယောက်ရဲ့သားတွေ ရှင်ပြုရှိတယ်။

အစ်မဖြစ်သူက လင်မယားနှစ်ယောက်လုံး လာဖြစ်အောင် လာဖို့ မှာလို့ သွားကြတယ်။

သင်္ဘောစီးရမှာ ကြောက်တဲ့ မသိန်းရှင်ဟာ ခွေမျိုးနဲ့ ခင်ပွန်းသည်ဆန္ဒအရ လိုက်ခဲ့ပြန်တယ်။

ဘုရားရှိခိုး၊ ရသမျှဂါထာတွေ အကြိမ်ကြိမ်ရွတ်ပြီး လိုက်ခဲ့တယ်။ အသွားခရီး ဘာမှ မဖြစ်ဘူး။ အပြန်ခရီးကျတော့ ဒုက္ခတွေ့ပြီ။

စကားများ ကျေးရွာအဖြတ်မှာ လေပြင်းမိပြီး သင်္ဘော နစ်တယ်။ ကုန်တွေ တစ်ဖက်စောင်းတင်ထားတဲ့ သင်္ဘောဟာ လေပြင်းဒဏ် မခံနိုင်ဘဲ တိမ်းစောင်းနစ်မြုပ်ခဲ့တယ်။ ဒုတိယ အကြိမ်လည်း အသက်ကယ်ဘောကြောင့် အသက်ရှင်ခဲ့ရတယ်။

တတိယအကြိမ်ကတော့ အသက်သုံးဆယ့်ရှစ်နှစ်မှာပါ။ ခင်ပွန်းသည် ကိုဝင်းစိုးဟာ ဝါးခယ်မမှာ သနပ်ခါးဖိုးတွေ သွားရှင်းရင်း အပျင်းဖျားနေတယ်။ ယခင်ကရှိတဲ့ ငှက်ဖျား ပြန်ထတယ်။

မသိန်းရှင် မလိုက်မဖြစ် လိုက်ရပြန်တယ်။

သူ့ဘဝမှာ သင်္ဘော (၄)ကြိမ်စီးဘူးခဲ့ရာမှာ နှစ်ကြိမ်ဒုက္ခကြုံ

ခဲ့ရတယ်။ ယခုအကြိမ်ကတော့ (၅)ကြိမ်မြောက် ခရီး ဖြစ်တယ်။ အသွားခရီးမှာပဲ သင်္ဘောသောင်တင်ရာကနေ ဆားစောင်းနစ်သွားတယ်။ ဖြည်းဖြည်းချင်း သောင်တင်နစ်တာမို့ ကြုံတဲ့ ဝက်တင်သင်္ဘောက ခရီးသည်အားလုံးရဲ့ အသက်ကယ်ဆယ်နိုင်ခဲ့တယ်။

မသိန်းရှင်အဖြစ်က ဘယ်သူ့အဖြစ်နဲ့မှ မတူပါဘူး။ မသိန်းရှင်ကံက ရေလမ်းခရီးမှာ ကောင်းပုံမရဘူး။ သူ့ ယောက်ျား ကိုဝင်းစိုးဟာ သင်္ဘောကို အိမ်သဘောမျိုးနဲ့ ကုန်ကူးနေတဲ့ ကုန်သည်။

ကိုဝင်းစိုး တစ်ယောက်တည်းသွားတာ ဘာဆိုဘာမှ မဖြစ်ဘူး။

မသိန်းရှင်ခရီး (၅)ကြိမ်သွားတာ (၃)ကြိမ်တောင် ဒုက္ခတွေ့ရတယ်။ အသက်အန္တရာယ်ဆုံတွေ့ရတယ်။

ဘယ်ဘဝ၊ ဘယ်ကံက ဘယ်လိုဖန်တယ် မသိပါဘူး။ သူ့ခမျာ သေရမယ့်ကံ မရှိလို့ သေတော့မသေဘူး။ ဒါပေမယ့် သူဟာ နောက်ထပ်သင်္ဘောမစီးရဲတော့ဘူး။ ဘယ်လိုအကြောင်းပဲ ရှိရှိ မစီးတော့ပါဘူး။

မြစ်ဝကျွန်းပေါ် အနယ်နယ်၊ အရပ်ရပ်က သူ့ခင်ပွန်းနဲ့ အခြားလူတွေဟာ သင်္ဘောကို အကြိမ်ပေါင်းတစ်ရာမက စီးခဲ့ဖူးတဲ့လူတောင် တစ်ကြိမ်နစ်တာ မကြုံဖူးသူတွေ ရှိပါတယ်။

မိမိတို့ စိတ်အစဉ် (ရုပ်နာမ်အစဉ်)၌ ယှဉ်ကပ်ပါနေကြသည့် ကုသိုလ်ကံသတ္တိထူး၊ အကုသိုလ်ကံ သတ္တိထူးတို့သည် အကျိုးမပေါ်ဘဲ မချုပ်ငြိမ်းကြ။ ကမ္ဘာအသင်္ချေ၊ ဘ၀အသင်္ချေကြာသော်လည်း စိတ်အစဉ် (ရုပ်နာမ်အစဉ်၌) ယှဉ်ကပ်ပါနေကြ၏။

(နာရဒဇာတ်ပါဠိတော်)

* * *

## ကျင်ငယ်စွန်ရင်း ကံကောင်းသူ

ပံလှတစ်ယောက် ကံထမြောက်တာကတော့ စံပြလောက်ပါတယ်။

မမြင်ကွယ်လမ်းကြား၊ ကျင်ငယ်စခန်းသွားရင်း ဘွားခနဲ တွေ့လိုက်တာက အလွန်တန်ဖိုးကြီးလှတဲ့ အရာတွေ။

သနစ်စုံ ဖြစ်ပုံကို ပြောရရင် ထန်းသုံးပင်က ချစ်မှုန် မင်္ဂလာဆောင်တဲ့နေ့။

ပံလှရယ်၊ စံမြရယ်၊ အောင်ထူးရယ်၊ မောင်ကြူးရယ်၊ တာတီးတို့ ညီအစ်ကိုအပေါင်းအဝင် စုစုပေါင်းခြောက်ယောက် ဒိုးပေါက်ရွာကနေ ထန်းသုံးပင် မင်္ဂလာဆောင်ကို သွားကြတယ်။

မချစ်မှုန်အစ်ကို မျိုးအေးနဲ့ ပံလှတို့ တစ်သိုက်ဟာ ဟိုးကလေးဘဝကတည်းက ငယ်သူငယ်ချင်းတွေ။ အပေါင်းအသင်း ရောင်းရင်းမိတ်ဆွေတွေ။

ကိုမျိုးအေးက လာဖြစ်အောင် လာကြရမယ်ဆိုလို့ ကိုပံလှတို့တစ်သိုက် အသီမိတ်ဆွေ ဘိလပ်မြေတင်တဲ့ ကားကြုံနဲ့ လိုက်ခဲ့ကြတယ်။ ကားခတော်တော်ကုန်တယ်။

ကိုမျိုးအေးနှမ မချစ်မွှန်က တောသူဌေးသမီး။ သတို့သားကိုရွှေခင်က ဆန်စက်ပိုင်ရှင်ရဲ့သား။

လက်ထပ်ပြီး နှစ်ဖက်ကြွနိုင်ကြသမို့ ပွဲကတော့ ပွဲကြီးပွဲကောင်း။

ကိုပံလှတို့တစ်သိုက် ထန်းသုံးပင်ရွာကို ရောက်တာကတော့ နံနက်ခြောက်နာရီ။ သူတို့ ဒိုးပေါက်က ထွက်လာတာက လေးနာရီခွဲ။ ဒိုးပေါက်နဲ့ ထန်းသုံးပင်ဟာ တစ်နာရီခွဲလောက် မောင်းရတယ်။

မင်္ဂလာပွဲက ရှစ်နာရီခွဲမှာ စမှာမို့ လူကတော့ နည်းနည်းပဲ ရှိသေးတယ်။

ကိုမျိုးအေးဟာ ကိုပံလှတို့ တစ်သိုက်ကို မြင်တော့ နှုတ်ဆက်ပုံက ဝမ်းသာအားရ ထလိုက်ရိုက်လိုက်နဲ့ပါပဲ။ သူများတို့အဖွဲ့ လာကြပြီလားတဲ့။

ကိုပံလှတို့က ဘာတွေ ကူရမလဲမေးတော့ ကိုမျိုးအေးက ကူစရာမလို လူတကာကြိုပြီး မင်းတို့တတွေ ဗိုက်ဝအောင် မျိုဖို့ပါပဲတဲ့။

သတို့သမီး မချစ်မွှန်က တပြုံးပြုံးနဲ့ ဆေးလိပ်ကွမ်းဘန်းလာကမ်းသွားသေး။

ဟဲ့---နင် မပြင်သေးဘူးလားလို့ အိမ်နီးချင်းဒေါ်ခွေးမက လှမ်းမေးတော့ ချစ်မွှန်က သနပ်ခါးသွေးပြီးပါပြီ၊ ဆံပင်တော့ မပြင်တော့ဘူး။ အဝတ်အစားတွေကို အဆင်သင့် ထား,ထား ပါတယ်လို့ ဖြေတယ်။

အဲသည်အချိန်မှာ ကာလသားခေါင်း ကိုတူးဂျာ မူးလာတာ မြင်ရပါတယ်။ သူက ညကတည်းက ချက်ရင်းပြုတ်ရင်း ကူလုပ်ရင်းနဲ့ မူးနေဟန် တူတယ်။

သူပြောတာက ဒေါ်ခွေးမရေ၊ ဝက်သားအိုးတွေ မီးထိုး ရတော့မလား၊ အရီးလေးကို နှိုးပြီး မေးလိုက်ပါဦးတဲ့။

အရီးလေးက အိုးသူကြီးမို့ နှိုးပြီးမေးမှ ဖြစ်မယ်။

မင်္ဂလာပွဲကြီးမှာ နွှဲကြထားတာတွေက အမဲရော၊ ဝက်ရော၊ ကြက်ပါ စွဲမက်ဖွယ်ရာတွေကြီးပါပဲ။

ဝက်နှစ်ကောင်၊ အမဲကိုးပိဿာ၊ ဖိုက်စာကမ်းထားတာတင်ပဲ လူရှစ်ရာ။ သားငါးမစားချင်သူတွေအတွက် အသီးအရွက် အကြော် အလျော်တွေက ရှိသေး။

သည်နေ့ကတော့ ဟေးလားကွယ်မောင်တို့၊ ဝမ်းစမိုးရော သောသောညံပါပဲ။ ရွာခံများ နှစ်ခါပြန်စားတောင် အားရပါးရ စားလို့ရအောင် ပြင်ဆင်ထားကြတယ်။

နေနဲ့လ၊ ရွှေနဲ့မြ နှစ်ဖက်စလုံး ချမ်းသာကြတော့ ထုတ်ပေးနိုင်ကြတာမို့ ရွာလုံးကျွတ်ကို အဟုတ်လွေးကြရမယ့် ပွဲပါပဲ။

ခုနစ်နာရီကျော်စကတည်းက ပေါ်လာကြတဲ့ မိန်းမချော လေးတွေ၊ မျက်လုံးတွေကို အေးနေတာပဲ။

ကူလုပ်မယ့် မိန်းမပျိုတွေကို ထိပ်ကနေ ကြိုနေ ပြောနေကြတာ ပျော်စရာမျက်လုံး၊ ပျော်စရာနားပါပဲ။

ရှစ်နာရီမှာ ပံလှတို့တစ်သိုက်က တိုက်ပုံတွေ ဝတ်လိုက် ကြတယ်။ မချောတို့တစ်စုနဲ့ မောင်မောင်တို့တတွေ ကြွလာမယ့် မိတ်ဆွေတွေကို ကြိုကြရမယ်လေ။

ပိန်ပိန်၊ ဝဝ၊ လှလှ၊ ဖြူဖြူ၊ မဲသူမဲ၊ ရှည်သူရှည် လူတွေ၊ ညှော်တွေ၊ လတ်၊ ငယ်၊ ကြီးအသီးသီးဟာ လက်ဖွဲ့တွေကိုင်လို့ မကွာပ်ထဲ အပြိုင်အဆိုင်ဝင်လာကြတာ နေရာပြည့်သွားလို့ အချို့ကို အိမ်ပေါ်တင်ရတယ်။

ရှစ်နာရီနံနက်ကနေ နေ့လည်တစ်ချက်အထိ မင်္ဂလာပွဲကြီး စည်ကားခဲ့ပါတယ်။ အောင်မြင်စွာ ပြီးဆုံးခဲ့တယ်။

ကိုပံလှတို့တစ်သိုက်ဟာ လူနည်းလို့ ပွဲရပ်သွားတာနဲ့ အဖြူမွဲနွှဲဖို့ ပြင်ကြပြီ။

ရွာခံလူငယ်တွေအတွက် အရက်ဖြူတစ်ပုံးပေးလိုက်ပြီး ကိုပံလှတို့အတွက် အရက်ဆယ်လုံးကို မျိုးအေးက ဖုံးဖွက်ထားတဲ့ နေရာက ထုတ်ပေးတယ်။

သောက်ကြ၊ ပေါက်ကြနဲ့ မျောက်ကထ,ပြီး ကသူက ကတယ်။ မူးမူးရူးရူးနဲ့ ကောက်ရိုးပုံပေါ် လူးနေသူလည်း

ရှိတယ်။ ရွာခံသာလှနဲ့ ဖိုးချက်ယစ်ပြီး နတ်ကြွပေလို့ ချဲကြ ရသေးတယ်။

ကိုပံလှဟာ အစော်ကလေး အမူးမှာ အပေါ့ကလေး သွားချင်တယ်။ ကျင်ငယ်စွန့်ဖို့ နောက်ဖေးက အိမ်သာ ရှိရာ ကိုလည်း မသွားချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောက်ဖေးမှာ ကူလုပ်နေတဲ့ မိန်းမပျိုတွေ အများကြီး ရှိနေလို့ပဲ။

အဲဒါနဲ့ပဲ ခြံပြင်ထွက်တယ်။ ကျင်ငယ်စွန့်ဖို့ နေရာ မတွေ့ဘူး။ လူတွေရှိနေတော့ လျှောက်ရင်းလျှောက်ရင်းကနေ ခြံနဲ့ကိုက်တစ်ရာလောက်ဝေးတဲ့ ကမ်းပါးပြတ်ကို ရောက်ခဲ့တယ်။ ကမ်းပါးနားမှာတော့ လူသူရှင်းနေတော့ အခင်းကလေးသွားဖို့ ဟန်ကျသွားပြီပေါ့။

ကမ်းပါးပြတ်မှာထိုင်ပြီး ကျင်ငယ်အစွန့်--

ကောင်းကံတွေ အကြောင်းဖန်လာပြီဆိုရင် မမျှော်လင့်တာ ဖြစ်လာတတ်ပါတယ်။

ကျင်ငယ်စွန့်နေရင်းက ကမ်းပါးပြိုကျတော့ လူရော မြေဆိုင်ခဲတွေပါ အောက်ကို ဒလိမ့်ကောက်ကွေးကျတယ်။ သဲရော၊ ရွှံ့ရော၊ မြေရော၊ လူပါ ရောထွေးကျသွားတာ။

လူသည်လိုကျတာကို ဘယ်သူမှ မမြင်ဘူး။

ကိုပံလှဟာ ရုတ်တရက်ကျတာလည်း တစ်ကြောင်း အရက်မူးနေတာလည်း တစ်ကြောင်းကြောင့် မျက်လုံးတွေဆ နေတယ်။ ဒါပေမယ့် သတိတော့ရတယ်။

"ဟာ၊ ဟာ" ရယ်လို့ သူ့နှုတ်က အာမေဋိတ်နှစ်လုံးထွက်ပြီး

ကွဲနေတဲ့ မြေအိုးဘေးက ပြောင်လက်လက်အရာကို လက်နဲ့ ကိုင်ကြည့်တယ်။

– ရှေးဓမ္မဟောင်းရွှေတိုးနယားရုပ်တစ်ရုပ်
– စိန်ဆွဲကြိုးတစ်ကုံး
– စိန်လက်ကောက်ငါးရံ
– ရွှေရင်ထိုးတစ်ခု
– ပြီးတော့ အက္ခရာတွေ ရေးထားတဲ့ အင်းကွက်တစ်ခု။

ကိုပံလှ သည်လိုရလာတာကို တစ်ယောက်စကား တစ်ယောက်နားကနေ ကျေးရွာလူကြီးတွေ သိခဲ့တယ်။ နိုင်ငံတော်ကို အပ်နှံဖို့ ပြောဆိုတိုက်တွန်းကြတယ်။ အရင်တစ်ခါ ရဖူးခဲ့တဲ့ လယ်သမားကြီးလိုပဲ ဆုငွေယူဖို့ တိုက်တွန်းကြတယ်။

ကိုပံလှလက်နဲ့ပဲ သက်ဆိုင်ရာကို အပ်နှံရမှာမို့ သဘောတူလိုက်ပါတယ်။

မကြာခင်မှာ ဆုငွေတွေ သိန်းနဲ့ချီပြီး ရတော့ ကိုပံလှ အကြောင်း သတင်းစာတွေမှာ ပါလာကြတယ်။

လောကလူ့ဘဝမှာ––

ကံကောင်းချင်လာရင် ကျင်ငယ်စွန့်ရင်း အရက်မူးရင်း လည်း ကံကောင်းခဲ့တဲ့ လူရှိခဲ့ဖူးပါတယ်။

တရားဟုဆို
ကံကုသိုလ်သာ
ကိုယ်ကိုစောင့်တတ်
ကိုယ်စောင့်နတ်တည့်။ (မဃဒေဝ–၂၈၁)

## ကောင်းကံတွေအကြောင်း ဖန်လာပြီဆိုရင်

ကောင်းကံတွေ အကြောင်းဖန်လာပြီဆိုရင် သူတော်ကောင်းတွေနဲ့လည်း တွေ့ရ၊ ဖူးရတတ်ပါသည်။

သူတော်ကောင်းတွေရှိရာ အရပ်ဒေသကိုလည်း ကံကြံဖန်ဖန်ကို အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိသွားတတ်ပြန်ပါတယ်။

သူတော်သူမြတ်တွေရဲ့ မေတ္တာပို့မှု၊ ဆောင်မ,ကြည့်ရှုမှုတွေ ရတတ်ပါတယ်။ သူတော်သူမြတ်တွေရဲ့ အရိပ်အာဝါသအောက်မှာနေပြီး မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို လိုက်ဖြစ်ပါတယ်။

ကောင်းကံတွေ အကြောင်းဖန်လာပြီဆိုရင် မိတ်ဆွေကောင်းတွေတွေ့ပြီး အလုပ်ကောင်းတွေလည်း လုပ်ရတတ်ပါတယ်။ မိတ်ဆွေကောင်းတွေ ရခြင်းဟာ လာဘ်ကြီးတစ်ပါးဖြစ်တယ်။

လောကမှာ ချမ်းသာတဲ့ လူနဲ့ ပေါင်းမိလို့ ချမ်းသာသွားတဲ့ လူလည်း ရှိပါတယ်၊

စံဝတီဆရာတော်ဘုရားကြီးက--

- ယုတ်ညံ့သူတွင်၊ ပေါင်းမှက်လျှင်
  ကိုယ်ပင်ယုတ်တတ်စွ။
- ဘုမျှသူအား၊ ပေါင်းဖက်ပြား
  တို့မွှားဂုဏ်ရည်စ၊
- ကိုယ့်ထက်သာလျှင်၊ ပုဂ္ဂိုလ်တွင်
  ခင်မင်ဆည်းကပ်ကြ လို့ဆိုမိန့်ခဲ့ပါတယ်။

ကောင်းကံတွေ အကြောင်းဖန်လာရင် သိန်းထီတွေလည်း ပေါက်တတ်ပါတယ်။ (ထီထိုးတဲ့ကံ၊ အလုပ်ကြောင့် ထီပေါက်တာ ဖြစ်ပေမယ့် ထီထိုးတိုင်း ထီမပေါက်ကြပါဘူး။ ကံကောင်းမှသာ ထီပေါက်တတ်ပါတယ်။)

ကောင်းကံရှိသူဟာ ဘယ်မျှအရုပ်ဆိုးဆိုး၊ အသားမည်းမည်း၊ ချမ်းသာသူ၊ ရုပ်ချောသူနဲ့လည်း အိမ်ထောင်ပြုရတတ်ပါတယ်။

နိုင်ငံခြားသွားရမယ့် ကံပါသူဟာ အကြောင်းအမျိုးမျိုး ဖန်လာပြီး သွားရတတ်ပါတယ်။

(အင်္ဂလိပ်စာမပြောနဲ့၊ မြန်မာစာတောင် မတတ်တဲ့ အိမ်ဖော်မလေးတစ်ဦး၊ မြန်မာပြည်လာ အမှုထမ်းစဉ်က နိုင်ငံခြားသား မိသားစုနဲ့ ပတ်သက်ပြီး နိုင်ငံခြားလိုက်ပါသွားတဲ့ အဖြစ် စာရေးသူကိုယ်တိုင် တွေ့ဖူးပါတယ်)

ကောင်းကံတွေ အကြောင်းဖန်လာရင် ဘယ်သူ့ပစ္စည်းမှန်း မသိတဲ့ ရတနာတွေလည်း ရတတ်ပါတယ်။ ကောက်ရသူလည်း ရှိတယ်။ တူးဖော်ရသူလည်း ရှိတယ်။ ပုံစံအမျိုးမျိုးနဲ့ကို ရတယ်။ အချို့ဆို ရေထဲက ငါးမျှားရင်း ကွန်ပစ်ရင်း ရကြတာ ဖြစ်တယ်။

ကောင်းကံတွေ အကြောင်းဖန်လာရင် မမျှော်လင့်တဲ့ နေရာ၊ မမျှော်လင့်တဲ့အရပ်၊ မမျှော်လင့်တဲ့ လူတွေနဲ့ တွေ့ပြီး မမျှော်လင့်တဲ့ အောင်မြင်မှုတွေရတတ်ကြပါတယ်။ ကံဆိုးပြန်ရင်လည်း အဲသည်အတိုင်း ဖြစ်တတ်ပြန်ပါတယ်။

ယခုခေတ်မှာဆိုရင် အချို့ကံကောင်းမှုမှာ ရိုးရိုးကံကောင်းမှုသာမက မဟာကံထူးရှင်တောင် ဖြစ်တတ်ကြပါတယ်။ ကံစမ်းမဲပေါက်တတ်ကြပါတယ်။

ကောင်းကံတွေ အကြောင်းဖန်လာရင် ကံ၊ စိတ်၊ ဥတု၊ အာဟာရမျှတပြီး အသက်ရှည်ကြတဲ့လူတွေ ဖြစ်ကြရတယ်။

ကောင်းကံတွေရှိတဲ့လူက အမိကောင်းတွေရပြီး ကြီးပွားရာ၊ ကြီးပွားကြောင်းအတွက် မပင်ပန်းပါဘူး။

အချို့ဆို အတိတ်ကံကောင်းတဲ့အတွက် ယခုလုပ်တာကိုင်တာ သိပ်မကောင်းဘဲနဲ့တောင် အဆင်ချောနေတတ်ပါတယ်။

ထင်ပေါ်ရင် စင်တော်က ကောက်ရတယ်ဆိုတာဟာ

ဘယ်အရာမှာမဆို အရည်အချင်းရှိတဲ့သူကို ဆိုင်ရာက အထိုက်အလျောက် ချီးမြှောက်ခြင်းပြုတဲ့သဘောကို ဖော်ပြပါတယ်။ ချီးမြှောက်ခြင်းခံလိုလျှင် ကိုယ့်အရည်အချင်း ပြည့်ဝကြောင်း ပြရပေမယ်။ အရည်အချင်းရှိမှ ထင်ပေါ်ပြီး ထင်ပေါ်မှ စင်တော်က ကောက်ပေလိမ့်မယ်။ အရည်အချင်း ပြည့်ဝသူချင်း ယှဉ်ရာမှာ အတိတ်ကံ၊ ယခုကံတွေ သိပ်ကိုလိုလာပါတယ်။ လူချင်းပြိုင်ရပြီး ကံချင်းကြတော့ ပြိုင်မရပြန်ပါဘူး။

* * *

## ရဲခင်ရသွားတဲ့တူဆောအကျိုး

ကံဆိုတာ တူတဲ့အကျိုးကိုပေးတယ်။

ကမ္မနိယာမသဘောပဲ ဖြစ်တယ်။

အကုသိုလ်ကံက လွတ်အောင် ပုန်းရှောင်နေရာဆိုလို့ ဘယ်မှာမှ မရှိပါဘူး။

ရက်စက်လှတဲ့ ရဲခင်ဆိုတဲ့ လူတစ်ယောက်တူသော အကျိုးပေး ခံရပုံဟာ သံဝေဂယူစရာအဖြစ် တစ်ခုပါပဲ။

ရဲခင်ဟာ အဖေတစ်ခု၊ သားတစ်ခု လူငယ်တစ်ယောက် ဖြစ်တယ်။

မိခင်မရှိလို့ ဖခင်က ငယ်စဉ်မှာ အလိုလိုက်ခဲ့မိတာတွေ ရှိခဲ့တယ်။ အဲသည်အလိုလိုက်မှုတွေဟာ တစ်ချိန်မှာ အမှားတွေ ဖြစ်လာရော။

ဆယ်တန်းအကြိမ်ကြိမ်ကျပြီး ကျောင်းလည်း မနေတော့

ဘူး။ ဖခင်က စီစဉ်ပေးတဲ့အလုပ်တွေကိုလည်း ခဏသာလုပ်တယ်။ လက်မကြာမတင်းဘူး။ ဘယ်အလုပ်မဆို ခဏပါပဲ။

ပေးသမျှသုံးတယ်။ အမျိုးမျိုးတောင်းတယ်။ နောက်ဆုံးတော့ မရရင် ခိုးယူတဲ့ အထိ ဖြစ်လာခဲ့တယ်။

ရဲဒင်ရဲ့ အသက်နှစ်ဆယ်ကျော်ချိန်မှာတော့ ဖခင်ဟာ လက်လျှော့ရမလို ဥပေက္ခာပြုရတော့မလိုတောင် ဖြစ်လာတယ်။

အနုနည်းနဲ့မရ၊ အကြမ်းနည်းသုံးရမယ်ဆိုပြီး သက်ဆိုင်ရာကိုပါ အပ်နှံတိုင်ကြားရတဲ့အထိ ဖြစ်လာခဲ့ပါတော့တယ်။

အဲသည်မှာ ရဲဒင်ဟာ ဖခင်ကြီးအပေါ် ရန်ရှာလာတယ်။ ထမင်းကျွေး၊ နေဖို့ပေးထားတဲ့ ဖခင်ကို ရန်သူအဖြစ် သတ်မှတ်လာတယ်။

အရက်မူးလာရင် ကြမ်းတယ်။ ဆေးခြောက်ဖိုးမရှိရင် ရစရာခိုးတယ်။

မိဖတွေကို စော်ကားခြင်းဟာ ဘယ်လိုကံမျိုး ထိုက်တယ်ဆိုတာ သူနားမလည်ဘူး။ သူ့မှာ ကံကြီးလည်း မသိ၊ ကံသေးလည်း မသိ။ သူသိတာက အရက်သောက်ဖို့၊ ဆေးခြောက်ရှူဖို့၊ လက်ဖက်ရည်ဆိုင်ထိုင်ဖို့၊ ကြုံရင်ကြုံသလို မိန်းမရှုပ်ဖို့တွေပါပဲ။

အသိဉာဏ် ကင်းမဲ့လှတဲ့ မောင်ရဲဒင်ဟာ နောက်ဆုံးမှာ ဖခင်အရင်းကို သတ်ဖို့ကြံတယ်။ ရစရာတွေ အကုန်ယူပြီး နယ်စပ်ကနေ ထိုင်းဘက်ကို ပြေးဖို့ ကြံတယ်။

တစ်နေ့ရာရောက်မှ လုပ်ချင်တာတွေ လုပ်ပြီး ငွေ ထပ်ရှာမယ်ဆိုတဲ့ မိုက်မဲစွာ တွေးတဲ့အတွေးကို တွေးခဲ့တယ်။ အသိဉာဏ်မဲ့လှတဲ့ လူမိုက်လမ်းစဉ်မျိုးကို လွယ်လွယ်ပဲ တွေးပါ တယ်။

ဖခင်ကို အိမ်မှာ ညဘက်သတ်တော့ အဝတ်နဲ့ ဖိသတ် တာပါ။ ပါးစပ်ထဲကို အဝတ်တွေဆို့တယ်။ နှာခေါင်းကို စောင်နဲ့ဖိတယ်။ အဲသည်လို ယုတ်မာရက်စက်ပြီး အိမ်က ထွက်ပြေးတယ်။ အတွင်းပစ္စည်းမှန်သမျှနဲ့ ငွေတွေကို ယူသွား တယ်။ သူ့ဖခင်ရဲ့ အလုပ်ရှင်ရဲ့ ငွေတွေလည်း ပါသွားတယ်။

ရန်ကုန်ကနေ လွတ်သွားပါတယ်။ မော်လမြိုင်ဘက်ကနေ လည်း သူဟာ သိသိလေး လွတ်သွားပါတယ်။

ဒါပေမယ့်--

နယ်စပ်သောင်းကျန်းသူနယ်မြေတွေကို အဖြတ်မှာတော့ သူမလွတ်တော့ပါဘူး။

သောင်းကျန်းသူတွေက သူ့ကို အမျိုးမျိုး နှိပ်စက် စစ်မေးတယ်။ သောင်းကျန်းသူစခန်းမှာ သူဟာ ဆယ့်နှစ်ရက်တိတိ အမျိုးမျိုး ကြမ်းတမ်းစွာ နှိပ်စက်ခံနေရတယ်။ အဲသည်အချိန်မှာ ရဲဒင်တို့ ရပ်ကွက်ထဲက မှောင်ခိုကုန်သည်တစ်ဦးကလည်း လမ်းမှားထဲ ဝင်မိပြီး အဖမ်းခံရတယ်။

သူက ရဲဒင်နောက်မှ ရန်ကုန် လာတာဆိုတော့ ရဲဒင်ဟာ ဖခင်ကိုသတ်၊ ပစ္စည်းလုပြေးလာသူဖြစ်ကြောင်း သိထားတယ်။

ဒါပေမယ့် ကုန်သည်က အသက်မသေဘဲ ပစ္စည်းတွေသာ ဆုံးပြီး လွတ်လာတယ်။

ရဲဒင်ကို သတ်တဲ့ညက တပ်မတော်ထိုးစစ်ဆင်လာတဲ့ ညဖြစ်တယ်။ သောင်းကျန်းသူတွေဟာ တပ်မတော်ထိုးစစ်ကို ကြောက်လို့ ပြေးဖို့ ကြံတယ်။ အဲသည်အချိန်မှာ ကုန်သည် (၃)ယောက်ကို ပြန်လွှတ်ပေးပြီး ရဲဒင်ကိုတော့ မလွှတ်ဘူး။

သေနတ်နဲ့ ပစ်သတ်ရင် ထိုးစစ်ဝင်လာတဲ့ တပ်မတော်က ကြားမယ်။ အဲသည်တော့ အသံမထွက်အောင် သတ်မယ်။

ဓားနဲ့ ထိုးသတ်ခဲ့ရင်လည်း သွေးကိုကြည့်ပြီး အချိန်ကို မှန်းဆနိုင်မယ်။

အဲသည်တော့ သောင်းကျန်းသူတွေဟာ ရဲဒင်ကို စောင်နဲ့ မျက်နှာဖိအုပ်ပြီး သတ်ခဲ့တယ်။ သူ့ပါးစပ်ထဲကို သေနတ်တိုက်တဲ့ အဝတ်စတွေ ထည့်တယ်။

အသက်မရှူနိုင်အောင် အဝတ်နဲ့ ဖိအုပ်သတ်ပြီးမှ အဲသည် စခန်းက ပြေးကြတယ်။

သူ့အဖေကို သူသတ်ခဲ့တဲ့အတိုင်း။

သူ့ကိုလည်း သောင်းကျန်းသူတွေက သတ်သွားကြတယ်။ လမကူးဘဲ ရက်ပိုင်းအတွင်းမှာ ဖြစ်တယ်။

တူသောအကျိုးကို ပေးတာပါပဲ။

မကောင်းတဲ့ဘက်မှာ အဖြစ်အကြီးဆုံးကံက 'ပဉ္စာနန္တရိယ' ကံပဲ ဖြစ်တယ်။

အယူဝါဒမှားယွင်းရင် တောက်လျှောက်အမှားများကို ကျူးလွန်ပြီး ကပ်သံသရာတစ်လျှောက်လုံး မှောက်မှာ မလွဲဘူး။

လောကမှာ လူတွေဟာ——

အချို့က ငရဲနည်းနည်းပဲ ယူသွားကြတယ်။

အချို့က ငရဲများများ ယူသွားကြတယ်။

မဟာအဝီစိကို အလည်သွားရင် အပြန်ခရီးဟာ လက်မှတ်တော်တော်နဲ့ကို မရပါဘူး။ ခံပေတော့ပဲ။

* * *

## ကံအကြိမ်ကြိမ် ဆိုးသော်လည်း မသေတဲ့ငပွ

ကိုသန်းတင် 'ကံ'က ဘာဆိုးသလဲ မမေးနဲ့။

ကိုသန်းတင် ကံဆိုးကြောင်းကလည်း ဇာတ်လမ်းနဲ့ မှတ်တမ်းထုတ်စရာပါပဲ။

ဒါပေမယ့်ဗျာ၊ မသေတာကတော့ ဆန်းကိုဆန်းပါတယ်။ သေကံမရောက် သက်မပျောက်တဲ့ ကိုသန်းတင်ပါ။

မြောင်းမြမှာ ကျောင်းနေစဉ်က ကိုသန်းတင်ဟာ တစ်ညမှာ လူမှားအရိုက်ခံရတယ်။

လူငယ်ရေးရာ ညကျောင်းအလွှတ်မှာ သူဟာ အရိုက်ခံရတာပါပဲ။ အဲသည်အချိန်က သူနေတဲ့ ဆောင်ကုန်းဘက်က မှောင်တယ်။ လမ်းလျှောက်ရတာ ဝေးတယ်။ အဲသည် ရိုက်ခံရတဲ့ ရက်ပိုင်းမှာ သူ့စက်ဘီးကို သူ့အဖေက ပေါင်ထားတယ်လေ။ စက်ဘီးနဲ့ ပြန်ရင် လူမှားအရိုက်ခံရမှာ မဟုတ်ဘူး။

တစ်ချက်၊ နှစ်ချက် အရိုက်ခံရတာ မဟုတ်ဘဲ ထိုချက် ဆယ်ချက်အရိုက်ခံရတာ။

နောက်တစ်နေ့ မြောင်းမြဆေးရုံပေါ်မှာ မြင်ရတာက မသေရုံတမယ်ပါပဲ။ လက်တစ်ဘက်ကျိုး ခေါင်းကွဲတဲ့ ခြေ တစ်ဘက်ကျိုး၊ ပေါက်ကွဲထိရှတာကတော့ အများကြီးပဲ။ ရောင် ရိုက်တဲ့ တရားခံတွေ မိတဲ့အခါ လူမှားရိုက်မိကြောင်း ပေါ်ပေါက် လာတယ်။ ရိုက်ရမယ့်လူက ကျောင်းသားတစ်ယောက်ဖြစ်သော မည် ဖဲသမားလူလည်။

ကိုသန်းတင်ဟာ မြောင်းမြဆေးရုံကြီးပေါ်မှာ သုံးလနဲ့ ဆယ့်ကိုးရက် ကုသပြီးမှ ဆင်းရတယ်။

နောက်တစ်ကြိမ် ကံဆိုးတာကတော့--

သင်္ကြန်အကြတ်နေ့တစ်နေ့။ မြောင်းမြမြို့ကနေ ကျောက်သာ တောင်၊ မြစိမ်းတောင်ဘက်ကို ကားနဲ့ ဘုရားဖူး ထွက်ခဲ့ကြတယ်။ မြောင်းမြမြို့ပေါင်းအကျော်မှာ ကားဘရိတ်အမြန်အုပ်လိုက်တာ။ မတ်တပ်ရပ်နေတဲ့လူတွေထဲက ကိုသန်းတင် တစ်ယောက်သာ ကားလမ်းပေါ် ပစ်ကျပြီး နံရိုးတစ်ချောင်း ကျိုးတယ်။ မျက်နှာတွေ စုတ်ပြဲသွားတယ်။ ဘယ်သူမှ ဘာမှမဖြစ်၊ ကားလည်း ဘာဆိုဘာမှ မဖြစ်ပါဘူး။ ဒါပေမယ့် သူဖြစ်တော့ ဘုရားဖူးရေပက်ခံ မသွား ရတော့ဘဲ ဆေးရုံပြန်မောင်းခဲ့ရတယ်။ အဲသည်အခေါက်က သူဟာ ဆေးရုံမှာ နှစ်ဆယ့်တစ်ရက်ကြာ ကုသခံခဲ့ရတယ်။

တတိယအကြိမ် ကံဆိုးတာကတော့ ကိုသန်းတင် တစ်ယောက် ပုသိမ်ကောလိပ်တက်နေတဲ့ အချိန်။

ညနေဘက် သူငယ်ချင်းတစ်ယောက်နဲ့ ကံသုံးဆင့်ဘက် ထွက်လမ်းလျှောက်ရင်း မြွေဟောက် အပေါက်ခံလိုက်ရတာ ပုသိမ်ဆေးရုံမှာ ခြောက်ရက်နေရတယ်။

စတုတ္ထအကြိမ် ကံဆိုးပြန်တာက ပုသိမ်ကောလိပ် နောက်ဆုံး နှစ်မှာပါပဲ။ စာမေးပွဲနီးလို့ သစ်ပင်တစ်ပင်အောက်မှာ စာကျက်နေတဲ့ ကိုသန်းတင်ကို ဘယ်ကပစ်လိုက်တဲ့ လေးခွမှန်းမသိဘူး။ မျက်လုံးအောက် လာမှန်တယ်။ မျက်လုံးသာမှန်ရင်တော့ ကန်းကိုကန်းမှာ။ အဲသည်နှစ်က သူစာမေးပွဲ မအောင်ဘူး။

ကိုသန်းတင်ဟာ အေးတိအေးစက် လူရိုးလူကောင်း တစ်ယောက် ဖြစ်ပါတယ်။ ဘယ်သူ့အပေါ်မှလည်း မကောင်းပြော၊ မကောင်းလုပ်၊ မလုပ်တတ်ပါဘူး။

ပဉ္စမအကြိမ် 'ကံဆိုး' တာကတော့ သင်္ဘောဆိပ်မှာပါ။ ပုသိမ်၊ ရန်ကုန်ပုဂ္ဂလိက သင်္ဘောဆိပ်မှာ ဖြစ်တယ်။

အလုပ်သမားတစ်ယောက်ဆီပေပါကြီး လှိမ့်ချလိုက်တာ သောက်တားပေါ်မှာ ဆေးလိပ်ဝယ်ပြီး မီးညှိနေတဲ့ ကိုသန်းတင် ကို အရှိန်ပြင်းပြင်းသွားတိုက်မိတယ်။

ဆီပေပါလည်းတိုက်၊ ကွမ်းယာဘန်းလည်း ပိပြီး ဒဏ်ရာ

တွေ့ ရသွားတယ်။ ကွမ်းယာဘာန်းက မှန်ကွဲကြောင့် သူ့ ဝါးမှာ အစင်းဒဏ်ရာကြီး သေရာပါ စွဲသွားတယ်။

ဆဋ္ဌမအကြိမ် 'ကံဆိုး'တာကတော့ သူအလုပ်ရှုမှ ဖြစ်တယ်။ ဝန်ထမ်းဘဝနဲ့ ရှမ်းပြည်ဘက်သွားရင်း လားရှိုးနဲ့ မိုင်နှစ်ဆယ်လောက်သာ ဝေးတဲ့နေရာမှာ မားပြတိုက်ခံရတယ်။ မားပြရိုက်ခံရတယ်။

သူဟာ လားရှိုးဆေးရုံပေါ်လည်း ဆယ်ရက်နေခဲ့ရဖူးတယ်။

မားပြတိုက်ခံကြရတဲ့အထဲ ဘယ်သူမှ အရိုက်မခံရပါဘူး။ ကိုသန်းတင်တစ်ယောက်တည်းသာ မားပြတွေကို မော့ကြည့်မိလို့ အရိုက်ခံရတာပါ။ ထူးမှထူးတဲ့ ကိုသန်းတင်ပါပဲ။ 'ကံဆိုး' အောင် သူက ကံအမျိုးမျိုးလုပ်တယ် ထင်ပါရဲ့။ လောကမှာ အနေမတတ်ရင်လည်း ကံဆိုးတတ်ပါတယ်။

သတ္တမအကြိမ် ကံဆိုးတာကတော့ ရန်ကုန်မြို့ ဆိပ်ကမ်းနယ်မြေဘက်မှာပါ။

အဖြစ်က မနှစ်ကတွေလိုတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ခံရတာတော့ ခံရတာပဲ။

သဘော်ဆိပ်မှာ မြောင်းမြ လူကြုံဆင်းကြည့်ရင်းက မျက်လှည့်ပွဲတွေ့လို ဝင်ကြည့်တယ်။ လူအုပ်ထဲမှာ ဝင်ကြည့်နေရင်းက ခါးပိုက်နှိုက်တစ်ယောက်က သူ့ကို နှိုက်တယ်။ သူကသိတော့ ဖမ်းတယ်။ ခါးပိုက်နှိုက်က မားနဲ့ထိုးပြေးတာ

သူဗိုက်ပေါက်ပြီး အူပါ ရှပ်ထိတယ်။ ခံရတာ အသည်းထိအောင် နာတယ်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ အနာတော်တော်နဲ့ မကျက်လို့ တစ်လဆယ့်တစ်ရက်တောင် နေလိုက်ရပြန်တယ်။

ကံအကြိမ်ကြိမ်ဆိုးသော်လည်း မသေတဲ့ ကိုသန်းတင်ဟာ ယခုဆို အရာရှိတစ်ယောက်တောင် ဖြစ်နေခဲ့ပြီ။ သူက ပင်စင်တောင် ယူချင်နေပြီ။

သူ့ညီက ရှေ့တန်းတစ်နေရာက မိလာတဲ့ ငှက်ဖျားအကြိမ်ကြိမ် ပြန်ထလို့ နောက်ဆုံးသေတယ်။ သူ့ညီမက ရင်ကြပ်ပန်းနာနဲ့ သေတယ်။ သူ့တူလေးတစ်ယောက်က ရေတွင်းထဲကျလို့ ခြောက်နှစ်အရွယ်မှာ သေတယ်။ သူနဲ့အတွဲဆုံး သူငယ်ချင်းတစ်ယောက် နိုင်ငံခြားမှာ သေသွားပြီ။

ကိုသန်းတင်မသေဘူး။

ကံအကြိမ်ကြိမ်ဆိုးသော်လည်း မသေတဲ့လူဟာ ကိုသန်းတင် ပါပဲ။

ဩော်--ဆန်းကြယ်လှပါဘိတော့ 'ကံတရား'ရယ်။

အားလုံးကံကောင်းကြပါစေ

သုတေသီ ဘုန်းမြင့်သွေး

# ကျမ်းကိုးစာရင်း


၁။ လယ်တီဆရာတော် နိယာမဒီပနီ

၂။ မန်လည်ဆရာတော် မာဃဒေဝလင်္ကာသစ်

၃။ အဘိဓာသုတ်

၄။ မိလိန္ဒပဉှာ (ဦးသော်ဇင်)

၅။ အရှင်ဇနကာဘိဝံသ ကိုယ်ကျင့်အဘိဓမ္မာ

၆။ အရှင်ဇနကာဘိဝံသ တရားသုံးဖြာဆုံးမစာ

၇။ အရှင်ဇနကာဘိဝံသ စစ်တပ်တရားတော်

၈။ စံကျောင်းဆရာတော် လူတို့ဝိနည်းခေါ်

အပရိဟာနိယဆုံးမစာ

၉။ အရှင်ဓမ္မပိယ ကံဆိုသည်မှာဘာလဲ

၁၀။ ထူးကြီးဆရာတော် ကုသိုလ်ကံ၊ အကုသိုလ်ကံ

အသုံးချနည်း

၁၁။ အရှင်ဣန္ဒြိယ စိတ်နှင့်ကံတရား

၁၂။ ဓမ္မာစရိယ ဦးဋ္ဌေးလှိုင် ရတနာသုံးပါးကျေးဇူး

၁၃။ ပိဋကတ်တော်မြန်မာပြန်များ (သာသနာရေးဦးစီးဌာန)

၁၄။ ဦးညွန့်မောင် (ဓမ္မာစရိယ) ကံနှင့်သတ္တလောက

၁၅။ ညောင်ညမ်းဓေယျပဏ္ဍိတ လောကသဘာဝ

သဘောတရားများ

၁၊ ၂၊ ၃

၁၆။ ယနေ့ဘာသာရေးမဂ္ဂဇင်းများ